
www.burmeseclassic.com




မင်းပုည

ကျူးဘားပြည်သူတို့၏ဖခင်ကြီး

# ကက်စထရို

# FIDEL CASTRO

Design By: Hsin

www.burmeseclassic.com

www.burmeseclassic.com



**ပုံနှိပ်မှတ်တမ်း**

ပထမအကြိမ်၊ ၂၀၁၇ ခုနှစ်၊ မတ်လ

အုပ်ရေ - ၁၀၀၀

တန်ဖိုး - ၆၀၀

**မျက်နှာဖုံးဒီဇိုင်း**

မိုးကျော်

**စာအုပ်ချုပ်**

ပပစိုးနှင့်အဖွဲ့

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ**

ဒေါ်နှင်းနှင်းအိ (အဏ္ဏဝါမင်းပုံနှိပ်တိုက်)

မြ (၀၀၃၉၃)၊ အမှတ် ၉၆၊ ဘိုကလေးဈေးလမ်း၊

ဗိုလ်တထောင်မြို့နယ်။

**ထုတ်ဝေသူ**

ဦးသန်းမြင့်(၀၁၀၄၀)၊ လင်းလင်းစာပေ

အမှတ်(၄/၂၉)၊ မြဝတီမင်းကြီးလမ်း

၁၀-မိုင်ကုန်း၊ အင်းစိန်၊ ရန်ကုန်မြို့။

**"ထုတ်ဝေသည့်စာအုပ်ကတ်တလောက်အညွှန်း" (CIP)**

| |
|---|
| **မင်းပုည** |
| ကျူးဘားပြည်သူတို့၏ဖခင်ကြီး ကပ်စထရို / မင်းပုည |
| **ရန်ကုန်**။ လင်းလင်းစာပေ၊ ပထမအကြိမ်၊ ၂၀၁၆။ |
| ၁၆၈ - စာ ၁၈ X ၂၁ စင်တီ |
| (၁) ကျူးဘားပြည်သူတို့၏ဖခင်ကြီး ကပ်စထရို |

# မင်းပုည

# ကျူးဘားပြည်သူတို့၏ ဖခင်ကြီး ကပ်စထရို

www.burmeseclassic.com

www.burmeseclassic.com



# မာတိကာ


၁။ ကပ်စထရိုရဲ့ မိသားစုအကြောင်း ၇

၂။ ကျူးဘားကျွန်းမှ ကိုလံဘတ်စ် ၁၂

၃။ ကျူးဘားကို ဒေါ်လာသန်း ၁၀၀ နဲ့ ဝယ်မယ်တဲ့ ၁၅

၄။ ကျွန်တော် တက္ကသိုလ်ကျောင်းသား ၂၁

၅။ ကျူးဘားသမ္မတကို တော်လှန်ရန် ကြိုးစားနေ ၂၈

၆။ ကပ်စထရိုနဲ့အဖွဲ့ ဖမ်းဆီးအရေးယူခံရခြင်း ၃၃

၇။ ထောင်ဒဏ်အပြစ်ပေးခံရခြင်း ၃၇

၈။ ထောင်ထွက်လင်မယားကွာရှင်း ၄၂

ပိုင်း ၂ တော်လှန်ရေးစတင်

၉။ တော်လှန်ရေးကို စတင်ခြင်း ၄၆

၁၀။ မပြီးဆုံးနိုင်တဲ့တော်လှန်ရေး ၅၉


www.burmeseclassic.com

www.burmeseclassic.com




| | | |
|---|---|---|
| ၁၁။ | ဆီးယားရားတော်လှန ်ရေးနဲ့ ကျူးဘားနိုင်ငံ | ၅၄ |
| ၁၂။ | အစိုးရကို တော်လှန်ကြ | ၅၇ |
| ၁၃။ | ပြည်သူကို မငဲ့ညှာတဲ့ ကျူးဘားသမ္မတ | ၆၂ |
| ၁၄။ | ကျူးဘားသမ္မတ လေယာဉ်နဲ့ထွက်ပြေးခြင်း | ၆၆ |
| ၁၅။ | ကပ်စထရိုနဲ့ ထောက်ခံသူများ | ၇၁ |
| ၁၆။ | ဝန်ကြီးချုပ် ကပ်စထရိုနဲ့ ကျူးဘား | ၇၅ |
| ၁၇။ | စီအိုင်အေအရှုပ်တော်ပုံထဲက ကျူးဘား | ၈၂ |
| ၁၈။ | အမေရိကန်ဝင်ရှုပ်နေတော့ | ၈၉ |
| ၁၉။ | ပြန်လည်ထူထောင်ခြင်း | ၉၃ |
| ၂၀။ | ကျူးဘားကို စုတ်ပုံလုပ်ကြသူများ | ၁၀၀ |
| ၂၁။ | ကျူးဘားအရေး ဆွေးနွေးကြရာဝယ် | ၁၁၃ |
| ၂၂။ | ကျူးဘားအရေး ဦးသန့် ဆွေးနွေး | ၁၂၂ |
| ၂၃။ | ကျူးဘား၊ ရုရှားနဲ့ အမေရိကန် | ၁၄၃ |
| ၂၄။ | ကျူးဘားနဲ့ ချေဂွေဗာရာ | ၁၄[illegible] |
| ၂၅။ | လက်ဝဲတော်လှန်ရေးနဲ့ အောင်မြင်မှု | ၁၅၇ |
| ၂၆။ | ကျူးဘားနိုင်ငံကို ခွတ်ဆက်ခြင်း | ၁၆၄ |




(၁)

## ကပ်စထရိုရဲ့မိသားစုများအကြောင်း

အတ္တလန္တိတ်သမုဒ္ဒရာ၏ ရေပြင်ကျယ်ကြီးကို ဖြတ်သန်း တိုက်ခတ်နေသော လေပြည်လေညင်းတို့ ကျူးဘားကျွန်းဆီ ဦး တည်တိုက်ခတ်နေကြတယ်။

လေပြည်၏ လှုံ့ဆော်မှုကြောင့် ကျွန်းပေါ်ရှိ ကြံပင်၊ ကော်ဖီပင်၊ ဆေးပင်တို့ အကိုင်းအခက်များ လှုပ်ခတ်နေပါတယ်။

ကျွန်း၏ မြေပြန့်ဒေသ အရှေ့မြောက်ယွန်းယွန်းရှိ အိုရီယန် ထေပြည်နယ် အစွန်းဘက် ဖာယာရီမြို့၊ ဘီရန်အရပ်ဒေသလေး မှာ ကျွန်တော် "ကပ်စထရို"ကို မွေးဖွားလာခဲ့ပါတယ်။

ကျွန်တော့်ကို ၁၉၂၆–ခုနှစ်၊ ဩဂုတ်လ(၁၃)ရက်မှာ ကမ္ဘာ မြေပေါ်ရောက်တာနဲ့ အဖေနဲ့ အမေတို့က ဖိဒယ်လ်ကပ်စထရို ရုဇ်(Fidel Castro Ruz)လို့ အမည်လေးပေးခဲ့ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com




၁၁။ ဆိုးယားရားတော်လှန်ရေးနဲ့ ကျူးဘားနိုင်ငံ ၅၄
၁၂။ အစိုးရကို တော်လှန်ကြ ၅၇
၁၃။ ပြည်သူကို မငဲ့ညှာတဲ့ ကျူးဘားသမ္မတ ၆၂
၁၄။ ကျူးဘားသမ္မတ ခေလယာဉ်စုံနဲ့ထွက်ပြေးခြင်း ၆၆
၁၅။ ကပ်စထရိုနဲ့ ထောက်ခံသူများ ၇၁
၁၆။ ဝန်ကြီးချုပ် ကပ်စထရိုနဲ့ ကျူးဘား ၇၅
၁၇။ စီအိုင်အေအရှုပ်တော်ပုံထဲက ကျူးဘား ၈၂
၁၈။ အမေရိကန်ဝင်ရှုပ်နေတော့ ၈၉
၁၉။ ပြန်လည်တူထောင်ခြင်း ၉၃
၂၀။ ကျူးဘားကို ခုတုံးလုပ်ကြသူများ ၁၀၀
၂၁။ ကျူးဘားအရေး ဆွေးနွေးကြရာဝယ် ၁၁၃
၂၂။ ကျူးဘားအရေး ဦးသန့် ဆွေးနွေး ၁၂၂
၂၃။ ကျူးဘား၊ ရုရှားနဲ့ အမေရိကန် ၁၃၃
၂၄။ ကျူးဘားနဲ့ ချေဂွေဗားရား ၁၄၅
၂၅။ လက်ဝဲတော်လှန်ရေးရဲ့ အောင်မြင်မှု ၁၅၇
၂၆။ ကျူးဘားနိုင်ငံကို ရှုတ်ဆက်ခြင်း ၁၆၄




## (၁)

## ကပ်စထရိုရဲ့မိသားစုများအကြောင်း

အတ္တလန္တိတ်သမုဒ္ဒရာ၏ ရေပြင်ကျယ်ကြီးကို ဖြတ်သန်း တိုက်ခတ်နေသော လေပြည်လေညင်းတို့ ကျူးဘားကျွန်းဆီ ဦး တည်တိုက်ခတ်နေကြတယ်။

လေပြည်၏ လှုံ့ဆော်မှုကြောင့် ကျွန်းပေါ်ရှိ ကြံပင်၊ ကော်ဖီပင်၊ ဆေးပင်တို့ အကိုင်းအခက်များ လှုပ်ခတ်နေပါတယ်။

ကျွန်း၏ခြေပြန့်ဒေသ အရှေ့မြောက်ယွန်းယွန်းရှိ အိုရိယန် တေပြည်နယ် အစွန်းဘက် မာယာရီမြို့၊ ဘီရန်အရပ်ဒေသလေး မှာ ကျွန်တော် "ကပ်စထရို"ကို မွေးဖွားလာခဲ့ပါတယ်။

ကျွန်တော့်ကို ၁၉၂၆–ခုနှစ်၊ ဩဂုတ်လ(၁၃)ရက်မှာ ကမ္ဘာ မြေပေါ်ရောက်တာနဲ့ အဖေနဲ့ အမေတို့က ဖိဒယ်လ်ကပ်စထရို ရုဇ်(Fidel Castro Ruz)လို့ အမည်လေးပေးခဲ့ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဖိဒယ်လ်ရဲ့ ချစ်စနိုး အမည်ကို ဆွေမျိုးများ ပေးခေါ်ကြပါတယ်။ ကျွန်တော့်ဖခင် အိန်ဂျဲလ်ကပ်စထရိုမှာ စပိန်ပြည် အနောက်မြောက်ပိုင်း၊ ဂလီစီယာပြည်နယ်ဇာတိ ဖြစ်ပေမယ့်လည်း ကျူးဘားပြည်၊ အိုရီယန်တေပြည်နယ်ကို ၁၈၉၈ ခုနှစ်မှာ ပြောင်းရွှေ့ပြီး စတင်နေထိုင်ခဲ့ပါတယ်။

အိန်ဂျယ်ကပ်စထရိုဟာ အမေရိကန်ပိုင် ကြံစိုက်ပျိုးရေး ကုမ္ပဏီ တစ်ခုဖြစ်တဲ့ "နိုက်ဘေားကုမ္ပဏီ"ရဲ့ အလုပ်သမားတစ်ယောက် ဖြစ်တယ်။ ဖခင်မှာ ကြံလှည်းများကို ရေတွက်စစ်ဆေး ရသောအလုပ်ဖြစ်၍ လှည်းသမား၊ ဂိတ်စောင့်များနဲ့ ရင်းနှီးကျွမ်းဝင်ခဲ့ရတယ်။

"နိုင်ဘေားကြံကုမ္ပဏီ"က အိန်ဂျယ်ကို လှည်းသမား၊ ဂိတ်စောင့်များနဲ့ ရောနှောပူးပေါင်းမှုနဲ့ အလုပ်မှထုတ်ပစ်လိုက်ကြတယ်။

အိန်ဂျယ်ဟာ အလုပ်မှထွက်ပြီးနောက် ကိုယ်ပိုင်ကြံစိုက်ခင်းများ ရရှိအောင် ကြိုးစားခဲ့ပါတယ်။ ဖခင်မှာ အရေးကြီးသော မိသားစုစားဝတ်နေရေးအတွက် အစွမ်းကုန် ကြိုးစားသလို အမေရိကန်ကုမ္ပဏီတို့ကို မကျေနပ် မခံချင်စိတ်နဲ့ ကြံလုပ်ငန်းများကို ကြီးပွားတိုးတက်အောင် လုပ်ဆောင်ခဲ့ပါတယ်။

ဖခင်ဟာ အိမ်ထောင်နှစ်ဆက် ရှိခဲ့ဖူးတယ်။ ပထမဇနီး ကွယ်လွန်ပြီးနောက် ဒုတိယအိမ်ထောင်သစ် တည်ခဲ့တယ်။ ပထမ အိမ်ထောင်နဲ့ သားသမီးနှစ်ဦး ရရှိပြီး၊ ဒုတိယအိမ်ထောင်နဲ့ ကျွန်တော်အပါအဝင် သားသမီး ငါးယောက် ရရှိခဲ့တယ်။

ကျွန်တော့်မိခင် "လီနာရုပ်ဇ်"ဟာ ပထမဇနီးရဲ့ သားသမီးတို့ကို မိခင်ရင်းနဲ့မခြား ကျွေးမွေးပြုစုခဲ့သူ ဖြစ်တယ်။



ဖခင်ကပ်စထရိုနဲ့ မိခင်တို့ နှစ်ဦးသား ကြံစိုက်ပျိုးရေး လုပ်ငန်းများမှာ ကူညီပေးခဲ့တယ်။ ကျွန်တော်တို့ မိသားစုမှာ ကြံခင်းနဲ့ ကြံဂိုဒေါင်၊ သကြားစက်များရှိ၍ မိသားစုများ ဖခင်ထံ ကူညီလုပ်ကိုင်ပေးကြရပါတယ်။

သားသမီးတို့ နောင်ရေးများ မလစ်ဟင်းစေရန် အထူးဂရုစိုက်ကြသူများ ဖြစ်ပါတယ်။

ကျွန်တော်တို့ ငယ်စဉ်က ဘီရန်မူလတန်းကျောင်းမှာ ပညာသင်ကြားကြပြီးနောက် မာယာရီမြို့ အလယ်တန်းကျောင်းသို့ ဆက်လက်ပညာသင်ကြားခဲ့တယ်။ အိမ်နှင့် မိုင်(၅)ခန့် ဝေးသော်လည်း ကျောင်းသွား ကျောင်းပြန် ပျော်ရွှင်စွာ ဖြတ်သန်းခဲ့ကြတယ်။

ကျွန်တော်နဲ့ မောင်နှမတစ်စုလုံး လူလားမြောက်လာချိန်မှာ အမဲလိုက်ခြင်း၊ တောများ တောင်များတွင် လှည့်လည်သွားလာခြင်းတို့ ရှိခဲ့ကြပါတယ်။

မောင်နှမများကြား ကျွန်တော့်အရပ်မှာ ရှည်လျားလွန်းလှတယ်။ ယောက်ျားကောင်းတစ်ယောက် အသွင်မျိုး ပေါ်လာသဖြင့် ကျွန်တော် ကျေနပ်ဂုဏ်ယူမိပါတယ်။ ကျွန်တော် တောထဲမှာ အမြဲတမ်း စူးစမ်းလေ့လာတတ်သူဖြစ်ပြီး မြင်းစီးကျွမ်းကျင်အောင် လေ့ကျင့်ထားပါတယ်။

မြင်းကို ခေါက်တုံ့ခေါက်ပြန် စီးတတ်တယ်။ တောတောင် ရေမြေတို့ကို ငယ်စဉ်ကပင် စိတ်ဝင်စားတတ်ခဲ့တယ်။ ကျွန်တော် ဟာ ကျောင်းမှာ ပထဝီဝင်ဘာသာရပ်ကို ကြိုက်နှစ်သက်သူ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဩကာသလောကမှ သတ္တလောကကြီးအထိ တရားခြင်း မတရားခြင်းတို့ကို ဝေဖန်ပိုင်းခြား သိတတ်လာခဲ့တယ်။

ကျောင်းပတ်ဝန်းကျင်နဲ့ အိမ်ပတ်ဝန်းကျင်များမှာ ခေတ်ရေးတဲ့ကိစ္စများကို ဆိုင်ဆိုင် မဆိုင်ဆိုင် ဝင်ရောက်ပါဝင်ခဲ့တယ်။ မှန်တဲ့ဘက်မှ ဝင်ရောက်ပြောဆိုလေ့ ရှိခဲ့တယ်။

ကျွန်တော် ငယ်စဉ်အချိန် လယ်ထဲ ယာထဲမှာ ဗိနုပ်မပါဘဲ သွားတတ်တယ်။ လယ်မြေများနဲ့ မြေအောက် ထိဆွေ့ကိုင်း မိမိဖခင်တို့ ပိုင်ဆိုင်တဲ့ လယ်ယာတို့မှာ လယ်လုပ်သူ၊ ယာလုပ်သူတို့ ပိုင်ဆိုင်သင့်တယ်ဟု တွေးမိတယ်။

ကျွန်တော့်အတွေးများကို ဖခင်ထံပြောတော့ အဖေအမေတို့က ရယ်မောကြတယ်။ ကျွန်တော် အသက်(၁၈)နှစ်လောက်ရှိသေးလို့ စိတ်ခေတ်တက်ကြွချိန်မှာ ဖြစ်လေ့ဖြစ်ထ ဖြစ်တာလို့ ပြောပါတယ်။

"အမေ... ကျွန်တော် တက္ကသိုလ်ဥပဒေပညာရပ်နဲ့ ပညာသင်ကြားတဲ့ ကျောင်းသားပါ၊ ဥပဒေပညာအရ မှန်ကန်တဲ့ဘက်ကို ကာကွယ်ရမှာ ခုခံရမှာပါ။ ကျွန်တော့်ဆီမှာ လက်နက်မရှိလည်း ခုခံမယ်၊ တိုင်းသူပြည်သားတွေဆီက မတရားတဲ့အာဏာကို ရယူထားတဲ့ လူတွေဆီ မတရားမှု မှန်သမျှ ဥပဒေပညာနဲ့ တိုက်ရမယ်၊ ကျွန်တော် ဆင်းရဲသား နင်းပြားတွေ ဒုက္ခဘက်မှာ ကူညီရမယ့် တာဝန်ရှိတယ်၊ ဒါဟာ ကျွန်တော့်ဆန္ဒနဲ့ တစ်ထပ်တည်းကျတဲ့ စစ်ပြေပြင်ပဲ"လို့ ပြောခဲ့ပါတယ်။

ကျွန်တော့်မိသားစုတွေက ဒီလိုသဘောထားတွေ မထားသင့်ဘူးလို့ ဝေဖန်ကြတယ်။ ဖခင်မှာ လယ်ပိုင်ရှင် ယာပိုင်ရှင်



တစ်ဦး ဖြစ်နေသဖြင့် အလုပ်သမားတို့နဲ့ မကြာခဏ အငြင်းပွားတတ်တယ်။

ကျွန်တော် အလုပ်သမားတို့ဘက်မှ ခုခံကာကွယ် ပြောဘတ်စမြဲပါ။ အဖေလည်း တစ်ချိန်က ကြံစိုက်ပျိုးရေးကုမ္ပဏီမှ အလုပ်သမားတစ်ယောက် ဖြစ်ခဲ့တာကို မေ့ပစ်ခဲ့ကြတယ်။

ကျွန်တော် ဘေ့စ်ဘောကစားနည်းနဲ့ ရေကူးခြင်းကို နှစ်သက်ပြီး အမဲလိုက်ခြင်းကို တစ်ခါတစ်ရံမှ ထွက်တတ်ပါတယ်။ ကျွန်တော် ပြောင်းတိုရိုင်ဖယ်သေနတ်ကို အမြဲတမ်း ဆောင်ထားပြီး ပစ်ကွင်းများကို လေ့ကျင့်ခဲ့တယ်။

ဘယ်အလုပ်မဆို စိတ်ပါလက်ပါနဲ့ လုပ်သူဖြစ်၍ မြင်းစီး ရေကူးရာတွင် သူများနဲ့ ထူးခဲ့တယ်။ ကျောင်းစာသင် ကျက်မှတ်ရာမှာ ဝီရိယစိုက်လို့ ဆရာတို့ရဲ့ အရေးတယူ ဂရုစိုက်ခြင်း ခံခဲ့ရပါတယ်။

တောထဲ တောင်ထဲမှာ အမြဲတမ်း အလေ့အကျင့်ရှိသူဖြစ်သဖြင့် ခြေလျင်တောင်တက်အသင်းမှာ ခေါင်းဆောင်ခန့်ခဲ့ကြတယ်။

ကျွန်တော် မြို့တော် အထက်တန်းကျောင်းမှာ ၁၉၄၅ ခုနှစ် ဇွန်လတွင် အထက်တန်းပညာ ဆုံးခဲ့ပါတယ်။ အထက်တန်းကျောင်းမှထွက်ပြီး "ဟာဗာနာတက္ကသိုလ်"ကို ဆက်လက်တက်ရန် ရောက်ခဲ့တယ်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



## (၂)

## ကျူးဘားကျွန်းမှ ကိုလံဘတ်စ်

လွန်ခဲ့သော နှစ်ပေါင်း(၄၀၀)ကျော် ၁၄၉၂-ခုနှစ်၊ အောက်တိုဘာလ(၂၈)ရက်နေ့မှာ ကိုလံဘတ်စ်က အတ္တလန္တိတ်သမုဒ္ဒရာတွင်းမှ ကျူးဘားကျွန်းလေးသို့ လှမ်းမျှော် ကြည့်ရှုခဲ့ဖူးတယ်။

ကျူးဘားကျွန်းမှာ မြောက်အမေရိကနဲ့ တောင်အမေရိကတိုက်ကြီး နှစ်တိုက် အကြားရှိ အနောက်အိန္ဒိယကျွန်းစုများမှ အကြီးဆုံး ကျွန်းတစ်ကျွန်း ဖြစ်ခဲ့တယ်။

ကျွန်းပုံသဏ္ဍာန်မှာ အရှေ့အနောက်သို့ သွယ်တန်းပြီး ရှည်လျားကျဉ်းမြောင်းနေတယ်။ ဧရိယာစတုရန်းမိုင်ပေါင်း ၄၄၂၁၈ မိုင်ရှိပြီး ကျွန်းအရှေ့စွန်း အနောက်စွန်း ၇၄၅ မိုင် ရှည်လျားခဲ့တယ်။

တောင်နှင့်မြောက် ၁၂၅ မိုင် အကျယ်ဆုံးနဲ့ အကျဉ်းဆုံးနေရာမှာ ၂၂ မိုင်ခန့်ရှိရာ ပျမ်းမျှအားဖြင့် မိုင်(၆၀)သာ ရှိပါတယ်။



ကျွန်တော်တို့ ကျူးဘားမှာ အမေရိကန်နဲ့ တောင်ဘက်စွန်း မီယာမီကမ်းခြေနဲ့ ၁၁၂ မိုင်ခန့် ဝေးကွာပြီး အမေရိကန်ပြည်ထောင်စုပိုင် "ကီးဝက်စ်"ကျွန်းနဲ့ မိုင်(၉၀)ခန့် ဝေးခဲ့တယ်။ ဥတ္တရရယဉ်စွန်းတန်း တောင်ဘက်အနီးကပ်လျက် ရှိသဖြင့် မပူလွန်း မအေးလွန်း ရာသီဥတုကြောင့် သာယာမှုတခဲ့တယ်။

လယ်သမား ယာသမားတို့ သာယာသော ရာသီဥတုကြောင့် သီးနှံပင်များ ကောင်းမွန်လှပါတယ်။ မြေဆီမြေသြဇာကောင်းပြီး နှစ်သီးစား၊ သုံးသီးစားအထိ သီးထပ်များ စိုက်ပျိုးထွန်ယက်ခဲ့ကြတယ်။

ကျွန်းမှာ ရေနံအနည်းငယ်ထွက်ပြီး သံနဲ့ နီကယ်သတ္တုများနဲ့ ကြေးနီကရုမ်း၊ မဂ္ဂနီးစ်သတ္တုများ တူးဖော်လို့မကုန်ခန်းနိုင်အောင် ပေါကြွယ်လှပါတယ်။

သို့သော် ကျူးဘားကျွန်းလေးမှာ ၁၉၅၇ ခုနှစ် သန်းခေါင်စာရင်းအရ လူဦးရေ ခြောက်သန်းရှိခဲ့ရာ ၁၉၆၄ ခုနှစ်တွင် လူဦးရေ ခုနစ်သန်းနှစ်သိန်းသုံးထောင် ရှိခဲ့ပါတယ်။

ကျူးဘားနယ်မြေမှာ ဥရောပတိုက်မှ ဒိန်းမတ်၊ ဘယ်လ်ဂျီယံနှင့် နယ်သာလန်နိုင်ငံများ ပေါင်းစပ်တဲ့ ဧရိယာထက် ကျယ်ဝန်းပါတယ်။

ကျူးဘားမှာ ချမ်းသာကြွယ်ဝသူတို့ နေထိုင်ရာ လောကနိဗ္ဗာန် မဟုတ်ဘဲ ဆင်းရဲမွဲတေ ဖွတ်မွဲစုများ နေထိုင်ရာ ဒုက္ခဘုံကလေးဖြစ်ပြီး နေရာနိမ့်ကျသလိုနဲ့ စီးပွားရေးမှာ နိမ့်ကျ အောက်တန်းကျနေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အမေရိကန်ပြည်ထောင်စုမှာ အနိမ့်ကျဆုံးပြည်နယ်ဖြစ်တဲ့ မစ်စစ္စပီပြည်နယ်မှ လူတစ်ယောက် တစ်နှစ်ဝင်ငွေမှာ ၈၂၉ ဒေါ်လာ ဖြစ်တယ်။

ကျူးဘားလူမျိုးတို့ရဲ့ တစ်နှစ်ဝင်ငွေမှာ ၃၁၂ ဒေါ်လာသာ ရှိခဲ့ကြတယ်။ ကျန်းမာရေး၊ ပညာရေးတို့ နိမ့်ကျတဲ့အတွက် ကျူးဘားမှာ ကျန်းမာရေး အလွန်ဆိုးဝါးလှပါတယ်။ အများစုမှာ အခင်းမပါ ဗလာနတ္ထိနဲ့ ဖြစ်သလို နေထိုင်ကြပြီး ထမင်းရက်ကျန်၊ ရေရက်ကျန် ဘဝနဲ့သာ ဖြတ်သန်းခဲ့ကြရတယ်။

ရောဂါမျိုးစုံနဲ့ ကြုံဆုံခဲ့ကြရတယ်။ ကြုံဆုံရသော ကျန်းမာရေးတို့အတွက် ဆရာဝန်များ အရှုပ်ရေးပြရန်သာရှိခဲ့ပြီး ဟာဗားနားမြို့တော်တစ်ဝိုက်တွင်သာ စုပြုံနေထိုင်ကြတာ များတယ်။

လူဦးရေ ၄၂၀ တွင် ဆရာဝန်တစ်ယောက်နှုန်းနဲ့ ကျေးလက်ဒေသမှာ လူဦးရေ ၂၁၀၀ မှာ ဆရာဝန် တစ်ယောက်သာ ရှိတယ်။

သဘာဝသယံဇာတများ ပေါကြွယ်ဝပေမယ့်လည်း ပြည်သူတို့ဘဝမှာ ဆင်းရဲမွဲတေကြပါတယ်။

❀ ❀ ❀



(၃)

## ကျူးဘားကို ဒေါ်လာသန်း ၁၀၀ နဲ့ ဝယ်မယ်တဲ့

ကျူးဘားကျွန်းလေးပေါ်မှာ ဆင်းရဲမွဲတေသူ လူတန်းစားများလာတာနဲ့အမျှ ကျွန်တော်တို့မိဘတွေမှာ စီးပွားရေးတိုးတက်များပြားလာခဲ့တယ်။

လူနည်းစု လက်တစ်ဆုပ်စာ ချမ်းသာသူစာရင်းမှာ ပါဝင်ခဲ့တယ်။ ကျွန်တော့်မိဘများ ချမ်းသာလည်း အကြောင်းအကျိုးဆင်ခြင်တတ် လေ့လာကြည့်ရှုတတ်ပြီး ကြီးပြင်းခဲ့သူတစ်ယောက်ဖြစ်တယ်။

အမဲလိုက်ထွက်တိုင်း တောထဲ တောင်ထဲမှာ လယ်သမားတို့၏ဘဝကို ရင်းရင်းနှီးနှီး တွေ့ခဲ့ရဖူးတယ်။ ကြံခင်းအလုပ်သမားတို့နဲ့လည်း အကျွမ်းဝင်ခဲ့တယ်။ ဆင်းရဲနုံချာသော တောသူ တောင်သားတို့ ယာလေးတစ်ကွက်၊ လယ်လေးတစ်ကွက်လေးနဲ့ ဆင်းရဲပင်ပန်းမှု ကြီးမားလှပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



စားဝတ်နေရေး မလောက်ငသဖြင့် သားသမီးတို့ ပညာသင်ချိန်ရောက်လည်း ပညာမသင်နိုင်ဘဲ အလွတ်ကြီးပြင်းစေခဲ့တယ်။ လမ်းကြိုလမ်းကြားမှာ ကြီးပြင်းလာတဲ့ ကလေးများစွာ တွေ့မြင်နေကြရတယ်။

ချမ်းသာတဲ့နိုင်ငံမှ ကလေးတို့နှင့် ဆင်းရဲသောနိုင်ငံမှ ကလေးတို့နဲ့ အမြဲတမ်း ယှဉ်တွဲတွေ့မြင်နေရတယ်။ ကျူးဘားနိုင်ငံအတွက် ယူကျုံးမရဖြစ်လို့ ကျွန်တော် မှန်ကန်သောအတွေးနဲ့ အမြဲတမ်းအဖြေရှာ အမေးပုစ္ဆာ ထုတ်ခဲ့တယ်။

ကျွန်တော် တွေ့ခဲ့ရတဲ့ ပုစ္ဆာနဲ့ အဖြေတို့မှာ ကျူးဘားကျွန်းသို့ စပိန်နယ်ချဲ့သမားတို့က မဖိတ်ခေါ်ဘဲ ရောက်လာပြီး ဆန်းကြယ်သော လက်နက်ကိရိယာများ (၁၆–၁၇)ရာစုမှာ ယူဆောင်အသုံးပြုနေကြတယ်။

ကျူးဘားအမျိုးသားတို့ လက်နက်အင်အားကောင်း၍ အသိဉာဏ်ရှိသူ စပိန်တို့ကို ကြောက်ရွံ့ရိုသေပြီး ကျွန်အဖြစ်နေခဲ့ကြရတယ်။

ကြာကြာဝါးလေ ခါးလေဆိုသလို စပိန်တို့ စစ်အရသာကို ထိတွေ့ရသဖြင့် ခါးမှန်းသိနေကြတယ်၊ အမေရိကန်သံအဝေ်မှ ကျူးဘားကျွန်းကို ဒေါ်လာသန်း ၁၀၀ နဲ့ ဝယ်ယူရန် စပိန်တို့ထံ တောင်းဆိုတယ်။

မြွေမြွေချင်း ခြေမြင်သူ စပိန်တို့မှ ကျူးဘားကျွန်းကို မရောင်းပါဟု အမေရိကန်တို့ ကမ်းလှမ်းမှုကို ပယ်ချငြင်းဆိုလိုက်ပါ ယ်။



အလားတူ ကျူးဘားကျွန်းမှာ အမေရိကတိုက် ပိုင်နက်တွင်းမှာ ပါဝင်နေတယ်ဟု ထင်မှတ်နေကြတယ်၊ အဲဒီအတွက် အမေရိကန်တို့က သူတို့ ပိုင်သင့်တယ်ဟု တစ်ဖက်သတ် ယူဆနေခဲ့တယ်။

ကျူးဘားအမျိုးသားတို့ကလည်း မိမိတို့သာ ပိုင်ဆိုင်ရမည်ဟု ၁၈၆၈–ခုနှစ်၊ ဒီဇင်ဘာလမှာ စပိန်နယ်ချဲ့လက်အောက်မှ ရုန်းထွက်ရန် ပုန်ကန်ထကြွခဲ့ကြတယ်။ ပုန်ကန်မှုကြီး (၁၀)နှစ်နီးပါးကြာသွားပြီး စပိန်သား ရှစ်သောင်းနဲ့ ကျူးဘားအမျိုးသား အသက်ပေါင်းများစွာ ကျဆုံးကုန်ကြတယ်။

ယာလည်းညက်စေ၊ ကြက်လည်းမောနေချိန်တွင် အမေရိကန်နယ်ချဲ့သမားတို့က ကျူးဘားသို့ လှမ်းလာကြတော့တယ်။

အမေရိကန် ကုန်သည်တို့ ကျူးဘားလယ်သမားတို့ထံ အလုပ်ပေးစနစ်နဲ့ ငွေရင်းနှီး စိုက်ပေးကြတယ်၊ လယ်မြေများကို ဈေးနှုန်းချိုချိုနဲ့ ဝယ်ယူပြီး မြေပိုင်ရှင်ကြီးများအဖြစ် ဝင်ရောက်လုပ်ကိုင်လာတယ်။

ကျူးဘားမှာ အရင်းစိုက်ထုတ်ပြီး နယ်ချဲ့သမားတို့ ဝင်ရောက်ခြယ်လှယ် အခြေစိုက်လာကြတယ်။ သကြားစက်ရုံလေးများ နေရာမှာ ခေတ်မီသကြားစက်ကြီးများ အစားထိုး ဝင်ရောက်လာသဖြင့် ၁၈၈၀–၁၈၉၀ ပြည့်နှစ်တွင် အမေရိကန်တို့ ကျူးဘားရဲ့ ကြံလုပ်ငန်းနဲ့ သကြားစက်ရုံများကို လက်ဝါးကြီး အုပ်ခဲ့ကြတယ်။

နာမည်ကျော် ရှော့ခ်ပဲလားနဲ့ ဘီသဲလ်ဟမ်း သံမဏိကုမ္ပဏီကြီးများ ကျူးဘားမှ သံ၊ နီကယ်နဲ့ မဂ္ဂနီးစ် စသော သတ္တုအခြောက်အမြားကို ငွေလုံးငွေရင်းနဲ့ တူးဖော်ခဲ့ကြတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



အမေရိကန်တို့ ဝင်ရောက်စိုးမိုးနေခိုက် ကျူးဘားအမျိုးသားတို့ အမျိုးသားလွတ်မြောက်ရေးအတွက် ကြိုးပမ်းကြတယ်။ ကျူးဘားမျိုးချစ်စာဆိုကြီး "ဂျိုဆေးမာတီ"လှုံ့ဆော်မှုနဲ့ ကျူးဘားပြည်သူများ ၁၈၉၅ ခုနှစ်တွင် စပိန်တို့ကို တော်လှန်ကြသဖြင့် စပိန်တို့ကို မောင်းထုတ်နိုင်ခဲ့တယ်။

ထိုနှစ် ဖေဖော်ဝါရီလမှာပင် အမေရိကန်သင်္ဘော ကျူးဘားမြို့တော်၊ ဟားဗားနားဆိပ်ကမ်းမှာ ပေါက်ကွဲနစ်မြုပ်သွားခဲ့သဖြင့် အမေရိကန်သမ္မတ "မက်ကင်လေး"မှာ ကျူးဘား စပိန့်ပြဿနာထဲ ဝင်ရောက်စွက်ဖက်တော့မည်ဟု ကွန်ဂရက် လွှတ်တော်ကဧပြီ ၁၁ ရက်မှာ ကြေညာလိုက်တယ်။

ကျူးဘား–စပိန်စစ်ပွဲကြောင့် အမေရိကန်တို့၏ ကိစ္စအဝဝနဲ့ စည်းစိမ်ဥစ္စာ အဖြာဖြာတို့ နစ်နာစေတယ်ဟု စွပ်စွဲပြီး ကျူးဘားနိုင်ငံကို လွတ်လပ်သော နိုင်ငံတစ်နိုင်ငံအဖြစ် စပိန်ကိုတိုက်ထုတ်ပေးမည်ဟု အာမခံချက် ပေးလိုက်တယ်။

ကျော်ချမှ ဓားပြမှန်းသိကြတဲ့ ကျူးဘားပြည်သူတို့မှာ ၁၈၉၈–ခုနှစ်၊ ဒီဇင်ဘာလ(၁၀)ရက်နေ့တွင် ပြင်သစ်ပြည်၊ ပဲရစ်မြို့မှ အမေရိကန်တို့ စီမံခန့်ခွဲမှုဖြင့် စပိန်–ကျူးဘား စစ်ပြေငြိမ်းရေးစာချုပ် လက်မှတ်ရေးထိုးလိုက်ကြတယ်။

ကျူးဘားလွတ်လပ်ရေးအတွက်လည်း အမေရိကန်တို့မှာ ကျူးဘားပြည်ကို စီမံခန့်ခွဲသူအဖြစ် စပိန်သို့ ဒေါ်လာသန်း(၂၀) ပေးခဲ့တယ်။



စပိန်တပ်များ တပ်ခွာပြီး အမေရိကန်ဗိုလ်ချုပ်ကြီး"ဝုဒ်"မှ ကျူးဘားပြည်ကို ဝင်ရောက်တပ်စွဲလာတော့တယ်။

နယ်ချဲ့စကား လျှာအရိုးမရှိ ပြောကြတိုင်း ကျူးဘားအမျိုးသားတို့ပိုင်သော အချက်ချာကျ ဆိပ်ကမ်းတို့ကို အမေရိကန်တို့ထံ ရောင်းရန် (သို့) ငှားရမ်းရန် တောင်းဆိုကြတယ်။ စပိန်ကျူးကျော်သူကို မောင်းထုတ်ပစ်လည်း အမေရိကန်တို့မှ ကျူးဘား "ဂွမ်တာနာမိုဒေသ"ကို အမေရိကန်တို့ ရေတပ်စခန်းအဖြစ် တစ်နှစ် ဒေါ်လာ(၂၀၀၀)နှင့် ငှားရမ်းခဲ့ရတယ်။

ကျူးဘားနိုင်ငံမှာ အမေရိကန်တို့ အလိုကျ ဖန်တီးထားသော အမေရိကန်ပြည်လုပ် လွတ်လပ်ရေးကြီး လက်ခံရယူခဲ့ကြတယ်။

အမေရိကန်မှာ ကျူးဘားပြည်သို့ တံခါးမရှိ ဓားမရှိ ဝင်ထွက်ခွင့် ပေးလိုက်ရပြီး နိုင်ငံရေး၊ စီးပွားရေးတို့ကို ကြိုးကိုင်ခြယ်လှယ်ခဲ့ကြတယ်။

ကျူးဘားကို အစိုးရဖွဲ့ပေးလည်း ရုပ်သေးအစိုးရအဖြစ်သာ ရရှိခဲ့ကြတယ်။ အစိုးရမှာ နယ်ချဲ့တို့၏ အကျိုးစီးပွားကို ကာကွယ် စောင့်ရှောက်ပေးရခြင်းသာ ဖြစ်တယ်။

ကျူးဘားရုပ်သေးအစိုးရအဖွဲ့မှာ အရင်းရှင်အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပေးခြင်း မရှိပါက သက်တမ်းမခံဘဲ ပြုတ်ကျသည်မှာ များလှတယ်။

ကျူးဘားအစိုးရအဖွဲ့ ဒေါက်တာဂရောနှင့် ဒေါက်တာပရိုင်းယိုတို့ ဦးဆောင်အစိုးရနှစ်ဖွဲ့မှာ အမေရိကန်တို့ အလိုကျ

www.burmeseclassic.com

www.burmeseclassic.com



လုပ်ဆောင်ရင်း ကျူးဘားပြည်သူတို့ အကျိုးစီးပွားကိုလည်း ဖန်တီးပေးခဲ့သူ ဖြစ်တယ်။

၁၉၃၃ ခုနှစ်မှာ ကျူးဘားပြည်သူတို့ထံ ညှဉ်းပမ်းနှိပ်စက်နေတဲ့ ဗိုလ်ချုပ်ကြီးမကာဒို အစိုးရအဖွဲ့ကို ဟားဗားနားတက္ကသိုလ်ကျောင်းသားတို့မှ "အမဲသတ်သမား"ဟု တော်လှန်ရာ ကျူးဘားမှ ထွက်ပြေးကြရတယ်။

၁၉၃၄–ခုနှစ်မှာ ဘာတစ္စတာအစိုးရအဖွဲ့ တက်လာသဖြင့် ဆရာကောင်းတပည့်ပီစွာ ပိုမိုဖိနှိပ်ချုပ်ချယ်ခဲ့ကြတယ်။ အမေရိကန်ပြည်ထောင်စုမှာ သမ္မတအသစ်တိုင်း ကျူးဘားနိုင်ငံကို တူညီသော နိုင်ငံခြားရေးပေါ်လစီကို သုံးစွဲခဲ့ကြတယ်။

ဘာတစ္စတာတို့မှာ ကျူးဘားမှာ (၁၀)နှစ်သက်တမ်းကြာ ဖိနှိပ်ခဲ့ကြတယ်။

ကျူးဘားမှာ ကြံထွက်ကောင်းသဖြင့် အမေရိကန်တို့မှ ကျူးဘားကျွန်း တစ်ခုလုံး ကြံခင်းများနှင့်သာ ဖုံးလွှမ်းစိုက်ပျိုးစေတယ်။ သကြားတန်ချိန် မြောက်မြားစွာမှ သန်းနဲ့ချီသော ဒေါ်လာတို့ရကုန်တယ်။

ချမ်းသာကြွယ်ဝ သာယာဝပြောသော ကျူးဘားပြည်လေးမှာ ဆင်းရဲမွဲတေသည့် အကြောင်းရင်းမှာ အမေရိကန်လက်ဝါးကြီးအုပ် နယ်ချဲ့အရင်းရှင်စနစ် ဖြစ်တယ်ဟု ဟားဗားနားတက္ကသိုလ် ကျောင်းသားလေး ကျွန်တော်က တွေ့မြင်ခဲ့ရတယ်။

❀ ❀ ❀



(၄)

## ကျွန်တော် တက္ကသိုလ်ကျောင်းသား

၁၉၄၆–ခုနှစ် မေလ ကျူးဘားနိုင်ငံ ဟားဗားနားမြို့တော်မှ ဟားဗားနားတက္ကသိုလ်ကျောင်းကြီးတွင် လှုပ်ရှားပြောဆိုသံများ ထွက်နေတယ်။

ကျွန်တော်တို့ ကျူးဘားမှာ ကြံတန်ချိန် သိန်းသောင်းချီပြီး ရောင်းနေရလည်း ပြည်သူတွေမှာ တစ်နှစ်ထက်တစ်နှစ် မွဲတေညစ်ထေးကုန်တာ အားလုံး အသိပါပဲ။

ကျူးဘား အစိုးရကလည်း ညံ့ဖျင်းလို့ တိုင်းပြည်အောက်တန်းကျနေတာဟု ပြောလိုက်တယ်၊ တက္ကသိုလ်ကျောင်းသားခြောက်ယောက်မှာ ကျွန်တော် ပြောသမျှ ငြိမ်သက်နားထောင်နေတယ်။

ကြံတစ်ခုပဲထွက်ပြီး တိုင်းပြည် ကြာရှည်လေ ဒုက္ခရောက်တော့မယ်ဟု ပြောလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ယန်းကီးတွေ (အမေရိကန်)တို့ သီးနှံတစ်မျိုးတည်းသာ စိုက်ပျိုးနေရင် လူမျိုးတို့ ကိုယ့်ကိုယ်ကိုယ် သတ်သေတာနဲ့ တူမှာပေါ့ဟု ဝင်ပြောပြန်တယ်။

ကျွန်တော်တို့ ကျောင်းသားတွေ မကြာခဏ တိုင်းပြည်ကောင်းကျိုးအတွက် ဆွေးနွေးတိုင်ပင်ခဲ့ကြပါတယ်။

ဖလော်ရစ်ဒါရေလက်ကြားကို ဖြတ်ကျော်တိုက်ခတ်လာတဲ့ လေနုအေး ပင်လယ်လေမှာ ဟားဗားနားတက္ကသိုလ်ကျောင်းသားတို့ထံ ပင့်သက်ရှည်နဲ့ တိုးဝှေ့နေခဲ့တယ်။ ကျွန်တော် ဆွေးနွေးပွဲ ဟောပြောပွဲတိုင်းမှာ တက်ကြွစွာ ပါဝင်လှုပ်ရှားခဲ့သူ ဖြစ်တယ်။

ကျွန်တော် ကျောင်းအားလပ်ရက်များမှာ စပိန်လက်အောက် လွတ်မြောက်ရေးအတွက် ဆင်နွှဲခဲ့ကြသော ကျူးဘားအမျိုးသားတို့၏ ရဲရင့်ပြောင်မြောက်ပုံကို စိတ်ဝင်စားတယ်။ အလင်းရောင်ပေးခဲ့သူ ကဗျာဆရာ၊ အဘိဓမ္မာဆရာကြီး "ဂျိုးဆေးမာတီ" အတ္ထုပ္ပတ္တိနှင့် ရေးသားချက်ကို ကျွန်တော် စွဲလမ်းနေခဲ့တယ်။

ကျွန်တော်(၁၃)နှစ်သား အရွယ်က နိုင်ငံရေးအသိတရားပေးခဲ့သူ တစ်ဦးကို တွေ့ခဲ့တယ်။ ဗိုလ်ကြီးဆလာဇာမှာ ဩစထရီယား စပိန်ကပြားဖြစ်တယ်။

သူ့မှာ ၁၉၃၆–ခုနှစ်အတွင်းမှ အပြည်ပြည်ဆိုင်ရာ လူမျိုးစုံတပ်ဖွဲ့မှာ ပါဝင်ပြီး ဖက်ဆစ်ဖရန်ကိုတပ်မှာ တိုက်ခိုက်ဖူးတယ်။

နောက်ပိုင်း ကျူးဘားပြည်ရောက်ပြီး အလွတ်ပညာသင်ဆရာတစ်ယောက် လုပ်ခဲ့ရာမှ ဆရာကောင်းအဖြစ် နာမည်ရရှိခဲ့ပါတယ်။



ကျွန်တော် ဆရာ့ထံမှ စပိန်ပြည်တိုက်ပွဲများကြောင့် ဖက်ဆစ်ဆန့်ကျင်ရေး အမျိုးသားလွတ်မြောက်ရေး စိတ်ဓာတ်များ လူမျိုးစုံ သွေးစည်းရေး သဘောတရားများကို နားလည်ခဲ့ရပါတယ်။

ကျွန်တော် ၁၉၃၉–၄၅ ခုနှစ်အထိ ဖြစ်ခဲ့သော ဒုတိယကမ္ဘာစစ်ကြီးမှာ ကျွန်တော့်အတွက် ကြီးမားသည့် အသိတရားတစ်ခု ရခဲ့ပါတယ်။

စစ်ကြီးပြီးဆုံးချိန် (၁၉၄၅–၄၆)ခုနှစ်မှာ ကျွန်တော် ဟားဗားနားတက္ကသိုလ်ကျောင်း မဟုတ်ဘဲ ပြည်တွင်းပြည်ပ နိုင်ငံတကာရေးရာများ၊ စစ်ပြီးခေတ် အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုတို့ကို အာရုံစူးစိုက်ခဲ့သော ကျောင်းသားတစ်ပိုင်း နိုင်ငံရေးသမားတစ်ပိုင်း ဖြစ်ခဲ့တော့တယ်။

ကျွန်တော်ရဲ့ ဥပဒေပညာမှာလည်း နိုင်ငံရေး လေ့လာလိုက်စားချင်တဲ့ ဆန္ဒများ ပေါက်ဖွားလှုံ့ဆော်ပေးခဲ့တယ်။

၁၉၄၆–ခုနှစ်မှာ တက္ကသိုလ်ကျောင်းသားတို့မှာ ကျွန်တော်နဲ့အတူ ကိုယ်ထိလက်ရောက် ပါဝင်လှုပ်ရှားမှု များပြားလာပါတယ်။

"ယူအိုင်အာ"(ခေါ်)တော်လှန်ပုန်ကန်သူများသမဂ္ဂ အမည်နဲ့ ကျွန်တော်တို့ မြေအောက်လှုပ်ရှားမှုများ လုပ်ခဲ့ကြတယ်"

ကျွန်တော့်ကို ဖခင်ကြီးက ကျောင်းတွင်သုံးစွဲရန် ဒေါ်လာ ၂၀၀ မှန်မှန်ပေးခဲ့တယ်။ ကျွန်တော့်မှာ ငွေပိုငွေလျှံလေးများစုဆောင်းတတ်တယ်။ အဝတ်အစားနှစ်စုံနဲ့ နေထိုင်ခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျန်ပိုငွေတွေကို သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတို့မှာ သုံးစွဲခဲ့တယ်။ နိုင်ငံရေးစာအုပ်နဲ့ စာတမ်းများ လေ့လာဖတ်ရှုပြီး ဆွေးနွေးပွဲ၊ ဟောပြောပွဲများ ပြုလုပ်ခဲ့တယ်။

ကျွန်တော် တစ်ခါတစ်ရံ အဝတ်အစားမလဲဘဲ နေခဲ့ရတယ်။ နိုင်ငံရေးစိတ်ဓာတ် ပြင်းပြချိန် ရေခံမြေခံကောင်းတဲ့ ဟားဗားနားတက္ကသိုလ်ကျောင်း ရောက်သည်မှာ ကံကောင်းသူဟု တွေးမိတယ်။

၁၉၂၅–ခုနှစ် သမ္မတ ဗိုလ်ချုပ်ကြီးမကာဒို ကျူးဘားပြည်သူထံ ဖိနှိပ်၍ တက္ကသိုလ်ကျောင်းသားတို့ တွန်းလှန်ပြီးနောက် နိုင်ငံရေးစိတ်ဓာတ် ပြင်းပြနေတဲ့ ကျောင်းသားတို့ ၁၉၄၆ ခုနှစ်အတွင်း "ဂိုလန်ဒိုမက်ဖားရား"နှင့် ဆက်သွယ်မိကြတယ်။

သူသည် အမ်အက်စ်အာရ် ခေါ် တော်လှန်ရေးသမား ဆိုရှယ်လစ်လှုပ်ရှားမှုများအဖွဲ့မှ ခေါင်းဆောင်တစ်ဦးဖြစ်တယ်။ ကျွန်တော်တို့အဖွဲ့ ထိုပုဂ္ဂိုလ်မှတစ်ဆင့် ဒိုမီနီကန်တိုင်းပြည်ကလေးမှ ထွက်ပြေးလာသူ ကျူးဘားတွင် ခိုအောင်းသောနိုင်ငံရေးသမားတစ်ဦးနှင့် ဆက်သွယ်မိကြတယ်။

သူ့အမည်မှာ ရိုဒရိုဂက်စ် ဖြစ်ပြီး ကျူးဘားပြည်မှ လူအင်အား၊ လက်နက်အင်အား စုဆောင်းပြီး ဒိုမီနီကန်ပြည်သို့ ချီတက်တိုက်ခိုက်ရန် အာဏာရှင်အစိုးရကို ဖြုတ်ချရန် ဖြစ်တယ်။

ကျွန်တော်တို့ ကျူးဘားပြည်မှာ ဒေါက်တာဂရော သမ္မတအဖြစ် ရွေးကောက်ခံရပြီး ဖမ်းဆီးထားသူ နိုင်ငံရေးသမား တော်လှန်ရေးသမား အကျဉ်းသားတို့ကို ထောင်မှ လွှတ်လိုက်တယ်။



ဒေါက်တာဂရောမှ ကျူးဘားနိုင်ငံကို အမေရိကန်လက်အောက်မှ လွတ်မြောက်ရန် ကြိုးစားမည်ဟု သမ္မတမှ ကြေညာတယ်။

အိမ်နီးချင်းနိုင်ငံ ဒိုမီနီကန်နိုင်ငံလေးမှ အာဏာရှင် ထရူဂျီလိုအစိုးရမှ အကြမ်းဖက်အုပ်စိုးနေခြင်းကို မနှစ်မြို့၊ ကျူးဘားသို့ ရောက်နေသူ နိုင်ငံရေးခေါင်းဆောင်တို့ လူအင်အား လက်နက်အင်ထား စုဆောင်းခြင်းကို ပိတ်ပင်ခြင်း မပြုခဲ့ပါ။ ဒိုမီနီကန်စစ်ပြေးနှင့် ကျူးဘားတိုးတက်သော နိုင်ငံရေးအဖွဲ့မှ ကူညီသဖြင့် လူပေါင်းတစ်သောင်းငါးထောင် ဖွဲ့စည်းလိုက်ကြပါတယ်။

ထိုအဖွဲ့ကို ကရစ်ဘီယံတပ်ဖွဲ့ဟု ကျွန်တော်တို့ အမည်ပေးခဲ့ကြတယ်။ ကျွန်တော် ကရစ်ဘီယံတပ်ဖွဲ့မှာ တပ်စုမှူးအဖြစ် တာဝန်ယူခဲ့တယ်။

ကျူးဘားပြည်မှ လူမျိုးစုတပ်ဖွဲ့ ဒိုမီနီကန်ပြည်သို့ ချီတက်ရန် ပြင်ဆင်တာကို အမေရိကန်မှ သတင်းရရှိ၍ ပြင်းထန်စွာကန့်ကွက်ခဲ့တယ်။

ကျူးဘားရုပ်သေးအစိုးရထံ ခြိမ်းခြောက်လာသဖြင့် အစိုးရအဖွဲ့မှ ကမ်းတက်ရေယာဉ်နဲ့ ချီတက်ကြသူများကို ဖမ်းဆီးလိုက်ကြတယ်။

အဖမ်းမခံဘဲ ထွက်ပြေးသူ ၁၁၅၀ ခန့်မှာ ကျွန်တော်အပါအဝင် ဖြစ်ခဲ့တယ်။ ဒေါက်တာဂရောမှာ ရုပ်သေးအစိုးရဖြစ်နေ၍ ကျောင်းသားတို့ကို ဖမ်းဆီးခဲ့တယ်။ ကျွန်တော် နိုက်ပင်လယ်အော်ကို ဖြတ်ကျော်ကူးပြီး လွတ်မြောက်လာခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



နောက် ကျူးဘားတက္ကသိုလ်မှာ ဟန်မပျက် ပြန်လည်တက်ရောက်ပြီး ဆည်းပူးပညာသင်ကြားခဲ့တယ်။ ဖခင်မှာ ကျွန်တော့်အတွက် စိုးရိမ်သောကပွေလျက် ရှိနေတယ်။

ကျွန်တော်တို့ တက္ကသိုလ်ဆက်တက်နေသည်ကို သမ္မတမှ သိရှိသော်လည်း အရေးမယူဘဲ ရှိတယ်။

ကျောင်းတက်ပြီး ကျောင်းအုပ်ချုပ်ရေးအဖွဲ့မှာ ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရတယ်။ ဥက္ကဋ္ဌမှာ နုတ်ထွက်ပြန်သဖြင့် ထိုဥက္ကဋ္ဌနေရာ အစားဝင်ရောက်ခဲ့တယ်။

ကျွန်တော် ဥပဒေသင်တန်း တက်ရောက်နေစဉ် ၁၉၄၈ ခုနှစ် အောက်တိုဘာလ(၁၂)ရက်မှာ မာသာဘာလမ်နဲ့ လက်ထပ်ခဲ့တယ်။ သူကတော့ ဟားဗားနားတက္ကသိုလ်က ဖီလော်ဆော်ဖီကျောင်းသူဖြစ်တယ်။ ကျွန်တော်နဲ့ သူ့ရဲ့နိုင်ငံရေးလုပ်ဆောင်မှုများကြောင့် ဖူးစာဖက်ကြရတယ်။

ကျွန်တော်တို့နှစ်ဦးမှာ သားရတနာလေး ရရှိခဲ့တယ်။ ဒုတိယအကြိမ်မှာလည်း သားလေးပင် ဖြစ်ပါတယ်။

၁၉၄၈–ခုနှစ် ကျူးဘားပြည် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ သမ္မတရွေးကောက်ပွဲ ကျင်းပရာ ကျွန်တော် ပထမအကြိမ် ရွေးကောက်ပွဲ စတင်မဲပေးခွင့် ရခဲ့တယ်။

ကျွန်တော် သမ္မတလောင်း "အက်ဒွါဒိုချီဘာ ဆိုသူကို မဲပေးတယ်"။ သူသည် ကျူးဘားမှ အမေရိကန်တို့ထံ မှီခိုနေမှုကို ဖွင့်ချဝေဖန်ပြီး ရွေးကောက်ပွဲ ဝင်ခဲ့တယ်။ ချီဘာမှာ ကျူးဘားအမျိုးသားခေါင်းဆောင်ကြီး၏ အတွေးအခေါ် အယူအဆတို့နှင့် ကိုက်ညီသူဖြစ်တယ်။ တိုင်းတစ်ပါးနယ်ချဲ့တို့အလိုကျသာ ဖြစ်ရမြဲမို့ သမ္မတလောင်း"ချီဘာ"မှာ ရွေးကောက်ပွဲမှာ အရေးနိမ့်ခဲ့ရတယ်။



၁၉၅၀ ပြည့်နှစ်မှာ ကျွန်တော် ဟားဗားနားတက္ကသိုလ်မှ ဥပဒေဘွဲ့ ရခဲ့ပြီး ကျောင်းထွက်ပြီး ဟားဗားနားမြို့မှာ ဝတ်လုံအဖြစ် အသက်မွေးဝမ်းကျောင်း ပြုခဲ့တယ်။

ကျွန်တော် ဝတ်လုံတော်ရအဖြစ်နဲ့ အချိန်မကုန်ဘဲ နိုင်ငံရေးနဲ့လည်း တွဲဖက်လုပ်ခဲ့တယ်။ ရှေ့နေအဖြစ် အလုပ်သမားလယ်သမားအရေးတို့ကို ရှေ့နေလိုက်ပေးတယ်။ သူတို့မှာ နွမ်းပါးသူများဖြစ်၍ ကျွန်တော် ကျေနပ်ပါတယ်။

ကျွန်တော် ဝတ်လုံတော်ရတစ်ယောက်အဖြစ် ဟားဗားနားမြို့မှာ လူသိများလာခဲ့တယ်။ ၁၉၅၂ ခုနှစ် အထွေထွေရွေးကောက်ပွဲ ကျင်းပမည့်အချိန် ရောက်လာသဖြင့် ကျွန်တော် ပြည်သူ့ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရန် ဆုံးဖြတ် စီစဉ်ခဲ့တယ်။

ကျွန်တော် ပြည်သူ့ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရန် စီစဉ်ခိုက်မှာ "ဘာတစ္စတာ" ခေါင်းဆောင်တဲ့ စစ်တပ်မှ အာဏာသိမ်းလိုက်၍ ရွေးကောက်ပွဲ ပျက်ပြားသွားခဲ့တော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



# (၅)

## ကျူးဘားသမ္မတကို တော်လှန်ရန်ကြိုးစားနေ

"ဘာတစ္စတာ"... သူ့ကို အရေးပေါ်ခုံရုံးမှ ဖမ်းဆီးအရေးယူရန် လျှောက်လဲခြင်း ခံနေရပါတယ်၊ သူ့ဟာ ကျူးဘားပြည်လူမှုကာကွယ်ရေးဥပဒေကြီးရဲ့ ပြဋ္ဌာန်းချက်ကို ချိုးဖောက်ကျူးလွန်၍ အရေးပေါ်ခုံရုံးမှ စစ်ဆေးအပြစ်ပေးရမည်ဟု ဆိုပါတယ်။

"လူမှုကာကွယ်ရေးဥပဒေကြီး" ချိုးဖောက်သူ မည်သူမဆို ထောင်ဒဏ်(၁၀၈)နှစ် အပြစ်ပေးနိုင်သည်ဟု ပြဋ္ဌာန်းထားတယ်။

ဘာတစ္စတာမှာ ၁၉၃၃-ခုနှစ် ကျူးဘားတပ်တော်မှ တပ်ကြပ်လေးတစ်ဦးဖြစ်ပြီး နေရာတိုင်း ပြောရဲ ဆိုရဲ ကိုင်ရဲပြီး ဗိုလ်အဆင့်ရှိသူထက် တပ်သားတို့အပေါ် ဩဇာညောင်းသူ ဖြစ်တယ်။



ဘာတစ္စတာမှာ ကျူးဘားအစိုးရအား ဆန့်ကျင်သောလှုပ်ရှားမှုများ နှိမ်နင်းရာမှာ အထက်အရာရှိအဆင့်များထက် လက်သံပြောင်သူ ဖြစ်တယ်။

၁၉၃၂-ခုနှစ် ဟားဗာနားတက္ကသိုလ် ကျောင်းသားများ ဦးဆောင်တော်လှန်ခြင်းကြောင့် မကာဒိုအစိုးရပြုတ်၊ ဒေါက်တာဂရောအစိုးရအဖွဲ့ တက်လာတယ်။

ဒေါက်တာဂရောမှာ ကျူးဘားပြည်သူတို့ဘက်မှ ကာကွယ်တတ်သူ၊ လက်ဝါးကြီးအုပ်သော အရင်းရှင်တို့၏ စီးပွားရေးကို ဆန့်ကျင်တတ်သဖြင့် ကျူးဘားရှိ အမေရိကန်အရင်းရှင်ကုမ္ပဏီများမှ ဒေါက်တာဂရော အမြန်ဆုံးဖြုတ်ချရန် ကြိုးပမ်းသဖြင့် နောက်ဆုံး ကျူးဘားစစ်တပ်မှ မိုက်မိုက်ကန်းကန်း "ဘာတစ္စတာ" ကို တွေ့ရှိခဲ့ကြတယ်။

ဒေါက်တာဂရောမှာ အမေရိကန်အရင်းရှင်ကြီးများနှင့် ပဋိပက္ခ ပိုမိုကြီးထွားခဲ့သဖြင့် အမေရိကန်သံအမတ်၊ စစ်တပ်ကိုယ်စား ဘာတစ္စတာတို့မှ အကျပ်ကိုင်ပြီး ရာထူးမှ နုတ်ထွက်ပေးခဲ့တယ်။ နောက်သမ္မတကား လော့စ်ဟဲဗီးယား ဖြစ်လာတယ်။

ဟဲဗီးယားမှာ အမေရိကန်တို့ စိတ်တိုင်းကျလူ မဖြစ်၍ သုံးရက်ခန့်သာကြာပြီး ပြုတ်သွားခဲ့တယ်။ ဗိုလ်မှူးကြီးမင်းဒိုင်းယက်တာမှာ ဘာတစ္စတာတို့၏ လူဖြစ်၍ အမေရိကန်တို့မှ သမ္မတအဖြစ် အသိအမှတ် ပြုခဲ့တယ်။

ကျူးဘားပြည်သူများမှာ အမေရိကန်အရင်းရှင်စစ်တပ်၊ ဘာတစ္စတာတို့ ပူးပေါင်း၍ တိုင်းပြည်ခြယ်လှယ်နေသည်ကို မခံ

www.burmeseclassic.com

www.burmeseclassic.com



နိုင်၍ ဆန္ဒပြမှု၊ ကန့်ကွက်မှု၊ သပိတ်မှောက်ခြင်းတို့ ပြုလုပ်ခဲ့တယ်။

ဘာတစ္စတာမှာ အခွင့်ကောင်းယူပြီး ကျောင်းသား၊ အလုပ်သမားတို့ကို စစ်အုပ်ချုပ်ရေးဖြင့် အုပ်ချုပ်နိုင်ခဲ့သည်မှာ လူများစွာ အသက်ဆုံးခဲ့ကြတယ်။

ကျူးဘားပြည်သူများ အလံမလှဲသော စိတ်ဓာတ်နဲ့ တိုက်ဖျက်ရာ ၁၉၃၄–ခုနှစ် ဒီဇင်ဘာလတွင် အစိုးရအဖွဲ့ကို ဖျက်သိမ်းပြီး ရွေးကောက်ပွဲ ကျင်းပပေးရန် စီစဉ်ခဲ့ရတယ်။

ဘာတစ္စတာမှာ အရင်းရှင်ကြီးတို့နှင့်တကွ တိုင်းရင်းသားဖောက်ပြန်ရေးသမားတို့၊ ဗျူရိုကရက် အရာရှိဆိုးများမှ ဝိုင်းဝန်းကျားကန်ပေးသဖြင့် သူ့မှာ ကျူးဘားနိုင်ငံရေးတွင် (၁၀)နှစ်မျှ ဗီလိန်လူဆိုးတစ်ယောက်အဖြစ် တိုင်းပြည်ကို အကြမ်းဖက်အုပ်စိုးခဲ့တယ်။

၁၉၄၄ ခုနှစ် ရွေးကောက်ပွဲတွင် ဒေါက်တာဂရော သမတအဖြစ် အရွေးခံရပြန်တယ်။ ၁၉၄၈–ခုနှစ် ဒေါက်တာဂရောပါတီမှ ကားလော့စ်ပရီယို သမ္မတ ဖြစ်လာပြန်တယ်။

၁၉၄၈–ခုနှစ်တွင် ဘာတစ္စတာမှာ ကျားကန်ပေးသူတို့အကူအညီနဲ့ အထက်လွှတ်တော်အမတ် ဖြစ်လာတယ်။

၁၉၅၂–ခုနှစ် တိုးတက်သောညီညွတ်ရေးအဖွဲ့အဖြစ် ရွေးကောက်ပွဲဝင်ရန် စိုင်းပြင်းနေတယ်။

ဘာတစ္စတာဟာ ကိုလံဘီယာစစ်စခန်းသို့ရောက်လာပြီး လက် ... ...င်တပ်သားများစွာကို ခေါ်ထုတ်သွားခဲ့တယ်။



မကြာမီ ဟားဗားနားအသံလွှင့်ဌာနမှာ "ဘာတစ္စတာ ဦးဆောင်သော ကျူးဘားတပ်မတော်မှ တိုင်းပြည်အာဏာကို သိမ်းလိုက်ပြီးဖြစ်ကြောင်း ကြေညာလိုက်တယ်"။ သူ့မှာ စစ်တပ်အကူအညီနဲ့ အာဏာသိမ်းလိုက်ပြန်တယ်။

ဟားဗားနားတက္ကသိုလ်ကျောင်းသားတို့မှ ဖွဲ့စည်းပုံအခြေခံဥပဒေကြီး ရုပ်သိမ်းပစ်ခြင်းကို သပိတ်မှောက်ကြတယ်။ သပိတ်မှောက်ကျောင်းသားများကို ဘာတစ္စတာတို့မှ နှိမ်နင်းရာ ကျောင်းသားတို့ သေဆုံးကြရပြန်တယ်။

ကျူးဘားပြည်တွင် ဘာတစ္စတာတို့ အကြမ်းဖက်အုပ်စိုးသည်ကို ဆန့်ကျင်တိုက်ဖိုက်သောနည်းမှာ လက်နက်ကိုင်တော်လှန်ရေးနည်းလမ်းမှ တခြားနည်းလမ်းမရှိဟု ကျွန်တော်တို့ခံယူခဲ့ကြတယ်။

ကျွန်တော် ဟားဗားနားကျောင်းသားဘဝနှင့် ဝတ်လုံတော်ရဘဝများမှ မြေအောက်တောတွင်းအခြေခံစခန်း ရောက်ခဲ့တယ်။

ညီဖြစ်သူ ရောလ်ကပ်စထရိုမှာ သူ့စခန်းမှာပင် ရောက်နေတယ်။ သူပုန်တပ်လေးမှာ လူအင်အား(၂၀၀)ခန့် ရှိလာတယ်။ ကျွန်တော် တပ်သားသစ်ရှာဖွေခြင်း၊ ရန်ပုံငွေရှာဖွေခြင်း၊ ရိက္ခာစုဆောင်းခြင်း၊ လက်နက်ဝယ်ယူခြင်း၊ ပြောက်ကျားတိုက်ပွဲနဲ့ တောတွင်းတိုက်ပွဲသင်တန်းများပေးတာကို ပြင်းပြင်းထန်ထန်လုပ်ခဲ့တယ်။

ဘာတစ္စတာအစိုးရမှာ ကျွန်တော့်ကို မြေလှန်ရှာဖွေရေးလုပ်ခဲ့သော်လည်း မတွေ့ကြ။ ဖာတီမြို့ အိုရီယန်ပေ...ပြည်... ရှောင်တိမ်းနေတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဘာက်ဘက် ပြည့်စုံသလောက်ရှိသည့်နေ့ ပွဲဦးထွက်တိုက်ပွဲအဖြစ် "မွန်ကားဒါး"အစိုးရစစ်စခန်းကို အရဏ်တက်ချိန် ဝင်တိုက်လိုက်တယ်။

ကျူးဘားပြည် ဒုတိယအကြီးဆုံး စစ်စခန်း ဖြစ်တယ်။ ကျွန်တော်တို့ ၁၉၅၃–ခုနှစ်၊ ဇူလိုင်လ(၂၆)ရက်၊ တနင်္ဂနွေနေ့ ဖြစ်တယ်။

တပ်စခန်း စီးမိပြီးနောက် စစ်ကူများ ရောက်လာသဖြင့် အရေးနိမ့် ဆုတ်ခွာခဲ့ရတယ်။ အရေးနိမ့်လည်း စိန်ခေါ်သော တိုက်ပွဲတစ်ပွဲအဖြစ် မှတ်တမ်းတင် ကျန်ရစ်ခဲ့တယ်။

❀ ❀ ❀



## (၆)

## ကပ်စထရိုနဲ့အဖွဲ့ ဖမ်းဆီးအရေးယူခံရခြင်း

ဘာတစ္စတာ အစိုးရမှာ လက်နက်အနည်းငယ်လောက်နဲ့ စစ်စခန်းသို့ လာရောက်တိုက်ခိုက်ခြင်းကို အခဲမကျေ ဖြစ်နေတယ်။

မွန်တားဒါးတိုက်ပွဲတွင် ဖမ်းဆီးမိသမျှ တွေ့ရာ အရှင် မထားရန် အမိန့်ပေးခဲ့တယ်။ သူပုန်လူငယ်ဟု ယူဆသူမှန်သမျှ စစ်ဆေးဖမ်းဆီးနေတယ်။

ကျူးဘားပြည်သူတို့မှာ မကျေနပ် ကန့်ကွက်လာကြတယ်။ စီတီယာဂိုမြို့ ဂိုဏ်းချုပ်ဘုန်းတော်ကြီး ပီရက်ဆီရန်တေး ကိုယ်တိုင် ဖမ်းဆီးနှိပ်စက်ခြင်းများကို ရပ်စဲရန်နဲ့ ထွက်ပြေးလွတ်မြောက်သူတို့ ဖမ်းဆီးရမိပါက သတ်ပစ်ခြင်း မပြုရဘဲ တရားရုံးမှာသာ အပြစ်ပေးရန် တောင်းဆို မေတ္တာရပ်ခံတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



အစိုးရမှာ ဂိုဏ်းချုပ်ကြီး၏ တောင်းဆိုချက်နဲ့ သူပုန်တို့ကို ရုံးတင်ရတော့တယ်။ ဖမ်းမိသူများ မသတ်ရန် တားမြစ်သော်လည်း ကျွန်တော့်ကို ချွင်းချက်ထားခဲ့တယ်။

ကျွန်တော် သေကံမရောက် ဖြစ်ခဲ့တယ်။ လူ့က်ဖနင်ဆာရီယာ ဖြစ်တယ်။ သူနဲ့ ကျွန်တော် ဟားဗာနားတက္ကသိုလ်မှာ ကျောင်းနေဖက်ဖြစ်ပြီး ကျွန်တော် မဟုတ်မခံစိတ်ဓာတ်ကို သိရှိနေတယ်။

ကျွန်တော့်ကို ဖမ်းမိစဉ် သေနတ်ကို ချိန်ရွယ်လျက် တီးတိုးပြောသည်မှာ "နာမည်အမှန်အတိုင်း မပြောပါနဲ့တဲ့"ဟု ပြောလိုက်တယ်။ ကျွန်တော့်နာမည် အမှန်ထုတ်ဖော်မပြောဘဲ သူပုန်တပ်သားအမည်ကိုပြောပြီး အဖမ်းခံလိုက်ရတယ်။

ကျောင်းနေဖက်မှာ ကျွန်တော့်ကို ကယ်တင်ခဲ့ပါတော့တယ်။ ကျွန်တော် ကပ်စထရိုမှန်း မသိစေချင်သော သူ၏ဆန္ဒနဲ့အသက်ရှင်ခဲ့ရတယ်။ စင်တီယာဂိုမြို့ တရားရုံးတော်သို့ ရောက်ခဲ့ပေပြီ။

ကျွန်တော့်ကို မွန်ကားဒါးစစ်စခန်း စီးနင်းခဲ့သူ ခေါင်းဆောင်အဖြစ် ပါဝင်ခြင်းကို စစ်ဆေးခဲ့တယ်။ တရားဥပဒေဘောင်အတွင်းမှ ခဆောင်ရွက်တာကို မေးသည့်အခါ တရားဥပဒေကို ကျော်လွန်ပြီး လက်နက်စွဲကိုင် တိုက်ခိုက်ခြင်းဟာ ကျူးဘားပြည်မှာ လွတ်လပ်ခွင့်မရှိဘဲ လွတ်လပ်စွာ ပြောဆိုခွင့် မရလို့ဟုပြောခဲ့တယ်။



ကျွန်တော့်ပြောစကားကြောင့် အစိုးရရှေ့နေကြီး မျက်နှာပျက်သွားခဲ့တယ်။

ကျွန်တော်တို့မှာ ကျူးဘားသမ္မတဟောင်း ပရိုင်ယိုနဲ့ဆက်သွယ်ခဲ့သည်နဲ့၊ အတိုက်အခံ နိုင်ငံရေးသမားတို့နဲ့ နိုင်ငံရေးပါတီမှ ငွေကြေးထောက်ပံ့ကြတဲ့ အကြောင်းများ မေးတယ်။

သူတို့မေးခွန်းများမှာ နိုင်ငံရေးလက်ကိုင်တုတ်အဖြစ် အခမ္မရုပ်လုံးဖော်စေတယ်။ ကျွန်တော့်ကို ဒုတိယနေ့စစ်တော့ အမှုတွင်မိမိကိုယ်တိုင် လျှောက်လဲချက်ပေးချင်ကြောင်းနဲ့ ကိုယ်တိုင်မှာ ဝတ်လုံတော်ရဖြစ်ကြောင်း ပြောခဲ့တယ်။

ပြောသည့်အတိုင်း ဥပဒေထုံးတမ်းစဉ်လာနှင့် ခွင့်ပြုခဲ့ကြတယ်။ နောက် တရားခံများရဲ့ ရှေ့နေအဖြစ်ပင် လိုက်ပါခွင့်ရခဲ့ပြန်တယ်။

ကပ်စထရိုမှာ ဉာဏ်ကောင်းသူအဖြစ် သူပုန်တပ်သားတို့ ချီးမွမ်းနေကြတယ်။

ကျွန်တော်တရားခံဘဝမှ တရားခံရှေ့နေအဖြစ် တရားလိုအစိုးရကို တရားခံပြန်ဖြစ်အောင် ဖွင့်ချထုတ်ဖော်ခဲ့ပါတယ်။

စက်တင်ဘာလ(၂၆)ရက်မှာ တတိယအကြိမ် စစ်ဆေးတော့ ကျွန်တော့်ကို အကျဉ်းထောင်မှာ ထားခဲ့ကြတယ်။

ကျွန်တော် သူတို့အကြံအစည် သိရှိတော့ ဟားဗားနားတက္ကသိုလ်မှ ဥပဒေဘွဲ့ရ ဒေါက်တာမာလ်ဘာဟာနန်ဒက်ဇ်ထံ အရေးပေါ်ခုံရုံးသို့ စာရွက်ကလေးတစ်ရွက် ရေးသားပေးပို့လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



စာရွက်လေးမှာ အိုရီယန်တေပြည်နယ် အကျဉ်းထောင်အတွင်း ရေးခဲ့ပါတယ်။ လျှောက်လဲချက်ကို ကျွန်တော့်ကိုယ်စား ရုံးတော်သို့ တင်ပြရန် ဒေါက်တာမဲလ်ဘာဟာနန်ဒက်ထံ တာဝန်ပေးလိုက်ကြောင်း ရေးထားတယ်။

ကျွန်တော့် ထောင်တွင်းပေးစာနဲ့ လျှောက်လဲချက်ကြောင့် အရှက်ကွဲပြီး အလုံထောင်သို့ တိုက်ပိတ်ကြတော့တယ်။ အကျဉ်းထောင်ရှိ အခက်အခဲဆုံး အားလုံးနဲ့ အဆက်ဖြတ်လိုက်တယ်။

ကျွန်တော့်လျှောက်လဲချက်နဲ့ ဆရာဝန်ကြီးများမှ ကျန်းမာရေး ဆေးစစ်ပြီး ကျန်းမာရေးကောင်းမွန်ခြင်းနဲ့ တရားခွင်သို့ လာရောက်ရန် အမိန့်ချတော့တယ်။

သို့သော် အစိုးရက အမိန့်ဖီဆန်မှုနဲ့ တိုက်ပိတ်ထားပြန်တယ်။ တရားဥပဒေရင်မဆိုင်ရဲသော အစိုးရမှာ ကျွန်တော်တို့ မွန်ကားဒါးတိုက်ပွဲအတွက် လက်စားချေရန် အကြံထုတ်နေကြတယ်။ တရားရုံးပေါ်မှ ကျွန်တော်တို့ တိုက်ပွဲကလည်း အစိုးရကို အရှက်ကွဲစေပါတယ်။

❀ ❀ ❀



## (၇)

## ထောင်ဒဏ်အပြစ်ပေးခံရခြင်း

ကျွန်တော် မပါဝင်တဲ့ ရဲရဲတောက် မျိုးချစ်သူပုန်ကျောင်းသားတို့ကို ရုံးထုတ်စစ်ဆေးစဉ် မျိုးချစ်လူငယ် သူပုန်များ အညံ့မခံဘဲ ခုခံလျှောက်လဲခဲ့ပါတယ်။

အောက်တိုဘာလ(၁၆)ရက်နေ့တွင် ကျွန်ုပ်ကို ထုံးတမ်းစဉ်လာနဲ့ တရားဥပဒေအရ စစ်ဆေးရတော့တယ်။ ထောင်မှထုတ်၊ အများပြည်သူရှေ့ မဟုတ်ဘဲ လျှို့ဝှက်စွာ စစ်ဆေးတော့တယ်။ ထိုနေရာသို့ တက်ရောက်ခွင့်ရှိသူ (၁၁)ဦးသာပါတယ်။ တရားသူကြီး၊ အစိုးရရှေ့နေ၊ သတင်းထောက်များ၊ လက်နက်ကိုင်စစ်သား(၁၀၀)ခန့် ဖြစ်တယ်။

နေရာမှာ ဝင်တီယာဂိုမြို့ ပြည်သူ့ဆေးရုံကြီး၊ သူနာပြု အပန်းဖြေအခန်းမှာ ဖြစ်တယ်။ ၁၉၅၃-ခု အောက်တိုဘာလ

www.burmeseclassic.com

www.burmeseclassic.com



(၁၆)ရက်တွင် ကျွန်တော့် လျှောက်လဲချက်မှာ (၅)နာရီကြာခဲ့တယ်၊ ကြားနာခဲ့သူ(၁၁)ဦးရှေ့၌ "အပြစ်မရှိကြောင်း၊ လူ့သမိုင်းမှ အဆုံးအဖြတ်ပေးလိမ့်မည်"ဟု ကျွန်တော် ပြောခဲ့တယ်။

ကျွန်တော် ဘာတစ္စတာအစိုးရထံ တရားခံအဖြစ် ကျရောက်ခဲ့သည်မှာ မိမိရရ တိတိကျကျနဲ့ ကျူးဘားတစ်မျိုးသားလုံး နားဝယ်စွဲထင်ကျန်ရစ်မယ့် စကားလုံးများ ဖြစ်ပါတယ်။

လျှောက်လဲချက်တို့ ရှည်လျားပြီး တိုင်းပြည်နှင့် လူမျိုးတို့အတွက် ပြင်းပြနေသော ယုံကြည်ချက်များမှ ကျွန်တော် ထွက်ပေါ်လာခြင်းဖြစ်တယ်။

ကျွန်တော် အလုံပိတ်ထောင်တွင်း ၇၆–ရက်တိုင် ပိတ်လှောင်ခံခဲ့ရလည်း စိတ်ဓာတ်နဲ့ မျိုးချစ်စိတ်ဓာတ်ကြောင့် ငါးနာရီကြာ လျှောက်လဲချက်မှာ နှလုံးသားမှ စကားများ ဖြစ်ကြတယ်။

ကျွန်တော့်လျှောက်လဲချက်တွေမှာ အချုပ်နှောင်ခံနေရတဲ့ တရားဥပဒေ၊ ပရိသတ်အလုံးအရင်း၊ အသည်းနှလုံးထဲမှ အယူအဆ၊ လက်နက်နဲ့ အကြမ်းဖက်လို့မရ၊ ပြည်သူသည် အဓိက၊ ပြည်သူဆိုတာ ဘယ်သူတွေလဲ၊ သည်းခံနိုင်ပါ့မလား၊ မည်းမှောင်လှတဲ့ဘဝ၊ အစုလိုက် အပြုံလိုက် သတ်ဖြတ်မှု၊ ကိုယ့်အား ကိုယ်ကိုး၊ တော်လှန်ရေးအစိုးရရဲ့ လုပ်ငန်းစဉ်၊ ပညာရေးစနစ်၊ မဖြစ်သင့်တဲ့ အဖြစ်များ၊ သူ့ရဲကောင်းစိတ်ဓာတ်၊ ရဲဘော်မသေ၊ တရားဝင် ပုန်ကန်ထကြွခွင့်၊ မြင့်မြတ်တဲ့ အခွင့်အရေး၊ ကြီးမားသော ယုတ်မာမှု။ မတရားကျင့်ခံရတဲ့ တရားဥပဒေ၊ သမိုင်းက ဆုံးဖြတ်လိမ့်မည်လို့ ကျွန်တော် မမောနိုင် မပန်းနိုင် လျှောက်လဲခဲ့တယ်။



ကျွန်တော့်ကို မွန်ကားဒါးစစ်စခန်း ဝင်ရောက်စီးနင်းမှုနဲ့ ထောင်ဒဏ်(၁၅)နှစ် အပြစ်ပေးလိုက်ကြတယ်။

ထောင်ဒဏ်ကျခံရစဉ်မှာ အသက်(၂၇)နှစ်ခန့် ရှိနေပြီ။ ညီငယ် ရောလ်ကပ်မှာ ထောင်ဒဏ်(၁၃)နှစ် အပြစ်ပေးခံရတယ်။

ကျွန်တော့်ကို ပြစ်ဒဏ်ကျ မျိုးချစ်လူငယ်တို့နှင့် သီးသန့်ထားပြီး ခုနစ်လခန့် တိုက်ပိတ်ပြန်တယ်။ ကျွန်တော် အကြိမ်ကြိမ် အရေးဆိုမှုကြောင့် အကျဉ်းသား အခွင့်အရေးတို့ ရလာတယ်။

ကျွန်တော် ဘာတစ္စတာအစိုးရရဲ့ ထင်းရှူးကျွန်းပေါ်မှ အကျဉ်းထောင်တွင် ဒုက္ခပုန်ရဲဘော်တို့ရဲ့ နိုင်ငံရေးသိပ္ပံကျောင်းသဖွယ် ဖြစ်နေတော့တယ်။

ခေါင်းဆောင်ကြီး မာ်တီ စာအုပ်တွင်းမှ နိုင်ငံရေးအတွေ့အကြုံများကို စစ်ပညာ ဖြန့်ဖြူးသလို စိတ်ဝင်စားစွာ ဟောပြောခဲ့တယ်။

ကျွန်တော်တို့ ထင်းရှူးကျွန်းအကျဉ်းထောင်တွင် ရှိစဉ် ဘာတစ္စတာအစိုးရမှာ ပြည်သူလူထုရဲ့ မကျေနပ် ကန့်ကွက် ဆန္ဒပြမှုများ တိုးပွားမှာ ရင်ဆိုင်နေရတယ်။ ကျွန်တော့် အချိန်တွေမှာ တဖြည်းဖြည်း အကျိုးရှိလာပါတယ်။

မက္ကဆီကိုမြို့တော်မှာ ကျင်းပတဲ့ အမေရိကတိုင်းပြည်များရဲ့ သတင်းစာဆရာအသင်းကြီးမှ ဘာတစ္စတာအစိုးရရဲ့

www.burmeseclassic.com

www.burmeseclassic.com



သတင်းဖြတ်တောက် ဖိနှိပ်ချုပ်ချယ်မှုကို ပြင်းထန်စွာ ရှုတ်ချခဲ့ရာ အစိုးရမှာ လက်တင်အမေရိကတိုင်းပြည်များ အလယ်မှာ နာမည်ပျက် အရှက်ရနေတယ်။

အစိုးရမှာ အဖတ်ဆယ်ရန် ဘူခေါင်းဆောင်သော အစိုးရအဖွဲ့မှာ အာဏာသိမ်းအစိုးရ မဟုတ်ဘဲ ရွေးကောက်ခံဖြစ်စေရန် ပြည်သူလူထုကို လှည့်စားတော့တယ်။

၁၉၅၄-ခုနှစ် နိုဝင်ဘာလ(၁)ရက်မှာ ရွေးကောက်ပွဲသစ်တစ်ရပ် ကျင်းပမယ်လို့ ကြေညာသော်လည်း ပြည်သူမှာ ရွေးကောက်ပွဲလိမ်ဟု ကြွေးကြော်ပြီး ကျွန်တော့်ကို လွတ်ငြိမ်းချမ်းသာခွင့်အမိန့် ထုတ်ပေးပါလို့ တောင်းဆိုကြပါတယ်။

အစိုးရမှာ ရွေးကောက်ပွဲကျင်းပပြီး ဘာတစ္စတာကိုပင် ၁၉၅၅ ခုနှစ်၊ ဖေဖော်ဝါရီ(၂၄)ရက်မှာ သမ္မတအဖြစ် ပြန်လည်တက်ရောက်ခဲ့တယ်။

ပြည်သူမှာ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်ကိုပင် တောင်းဆိုနေဆဲဖြစ်ပါတယ်။ အစိုးရမှာ ပြည်သူတို့မှ သူတို့အား နာမည်ကောင်းလက်မှတ် ရစေရန် လွတ်ငြိမ်းချမ်းသာခွင့်ကို ထုတ်လိုက်တော့တယ်။

ထင်းရှူးကျွန်းထောင်မှာ ကျွန်တော်တို့ လွတ်ငြိမ်းချမ်းသာခွင့်ရပြီဟု ဝမ်းသာသော်လည်း အစိုးရမှာ သူပုန်တို့နဲ့ ကျွန်တော့်ကို ဝန်ခံချက်ပေးမှသာ လွှတ်မယ်လို့ အမိန့်ထုတ်ကြတယ်။



လွတ်ငြိမ်းချမ်းသာခွင့်အတွက် ဂုဏ်သိက္ခာ ထိခိုက်မခံချင်၍ ထောင်မှမထွက်ကြောင်း အစိုးရထံ ကျွန်တော် ပြတ်သားစွာ ငြင်းပယ်လိုက်တယ်။

မျိုးချစ်လူငယ်များ ကျွန်တော့်ငြင်းပယ်မှုကို ထောက်ခံပြီး မထွက်ရန် ပြောခဲ့ကြတယ်။ မေလ(၂)ရက်တွင် ကျူးဘားကွန်ဂရက်လွှတ်တော်မှ ဆုံးဖြတ်ပြဋ္ဌာန်းပြီး လက်မှတ်ထိုး အတည်ပြုခဲ့တော့တယ်။

၁၉၅၅-ခုနှစ် မေလ(၁၅)ရက် ထင်ရှူးကျွန်းအကျဉ်းထောင်၁တွင် ကျွန်တော်နဲ့ မျိုးချစ်လူငယ်သူပုန်အဖွဲ့မှာ လူအများကြားမှာ မားမားမတ်မတ်ရပ်ပြီး ကြွေးကြော်သံတို့နဲ့ လွှတ်မြောက်လာခဲ့ကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## (၈)

## ထောင်ထွက်၊ လင်မယား ကွာရှင်း၊ တော်လှန်ရေးစတင်

ကျွန်တော် ၁၉၅၅–ခုနှစ် မေလ(၁၅)ရက်နေ့တွင် ထောင်မှလွတ်ခဲ့တယ်။ (၁၅)နှစ်မှာ ထောင်ဒဏ်(၂)နှစ်သာ နေခဲ့ရတယ်၊

၁၉၄၈ ခုနှစ် မာသာဒိုင်ယက်နဲ့ အိမ်ထောင်ကျပြီး သားသမီးများ ရရှိခဲ့ပါတယ်၊ နိုင်ငံရေးသမား ရှေ့နေအဖြစ် ရှိခဲ့တယ်။ အဲဒီအတွက် ယောက္ခမတို့က မကြည်ဖြူဘဲ ကျွန်တော့်ကို စိတ်ပျက်လာကြတယ်။ အိမ်ထောင်ဖက်မှာ ၁၉၅၅–ခုနှစ် ထောင်မှလွတ်တဲ့နှစ်မှာ ကွာရှင်းပြတ်စဲခဲ့ရတယ်။

ကျွန်တော် ဟားဗားနားမြို့သို့ ပြန်ရောက်ရောက်ချင်း ပြည်သူများမှ ကြိုဆိုခဲ့တယ်။ ဇူလိုင်(၂၆) ဂယက်လှိုင်းမှာ အရှိန်ပြင်းသဖြင့် ကျူးဘားအသံလွှင့်ဌာနမှ ကျွန်တော့်ထံ ဖိတ်ခေါ်ပြီး မိန့်ခွန်းပြောရန် တောင်းဆိုကြတယ်။



ကျွန်တော့်မိန့်ခွန်းကို ရေဒီယိုမှလွှင့်ရန် ပြောသဖြင့် တားမြစ်ခဲ့ရတယ်။ ထောင်မှလွတ်ပြီး စုံထောက်၊ သတင်းထောက်များ လိုက်နေတာကို သိပါတယ်။ ယုံကြည်စိတ်ချသူ မျိုးချစ်လူငယ်တို့နဲ့ လက်နက်ကိုင်တော်လှန်ကြရန် စည်းရုံးနေရတယ်။

၁၉၅၅–ခုနှစ်တွင် ရက် ၆၀ ခန့်အတွင်းမှာပင် ကျွန်တော် လူမြင်ကွင်းမှ ပျောက်ပစ်လိုက်တယ်။ စုံထောက်များ ပိုက်စိပ်တိုက် ရှာဖွေမှုများကြားမှာ မက္ကဆီကိုသို့ ရောက်ရှိနေပြီး ညီဖြစ်သူ ရောလ်ကပ်စထရိုနဲ့ ရှိနေတယ်။

ညီလေးမှာ မက္ကဆီကိုမှာ ထောင်မှလွတ်လွတ်ချင်း ရောက်နေခဲ့ပါတယ်။ မျိုးချစ်လူငယ်များစွာတို့ရောက်ပြီး ကျူးဘားပြည် ချီတက်တိုက်ခိုက်ရန် ရေးဆွဲစီစဉ်ကြတော့တယ်။

လိုအပ်တဲ့ပစ္စည်းများ ရရှိရေးအတွက် တာဝန်အသီးသီး ခွဲဝေယူကြတယ်။ နယူးယောက်မြို့ အပါအဝင် မီယာမီ၊ တင်ပါ ဘရစ်ချ်ပို့ စသော အမေရိကန်ပြည်ရောက် ကျူးဘားသူဌေးတို့ထံ အကူအညီ တောင်းခံကြပါတယ်။

နိုင်ငံခြားရောက် ကျူးဘားသူဌေးတို့ကို ဖက်ဆစ်အုပ်ချုပ်ရေးစနစ်နဲ့ ပြည်သူတို့အကြောင်း ရှင်းလင်းခဲ့ပြီး ချမ်းသာကြွယ်ဝတဲ့ နိုင်ငံခြားရောက် ကျူးဘားအမျိုးသား လုပ်ငန်းရှင်တို့ထံ ရန်ပုံငွေအလှူခံရရှိခဲ့တယ်။

ကျွန်တော် နယူးယောက်မြို့ အုန်းခြံဥယျာဉ်တွင် ကျူးဘားအမျိုးသားများကို စည်းလုံးလှုံ့ဆော်တဲ့ ကရားပွဲကို ဟော ပြောခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကောက်ခံရရှိတဲ့ ဒေါ်လာငါးသောင်းနဲ့ လက်နက်များ ဝယ်ယူစုဆောင်းခြင်း၊ ဆေးဝါးရိက္ခာများ သိုလှောင်ကြပါတယ်။

မက္ကဆီကိုမြို့တော်တွင် ကျူးဘားပြည်သူ ဗိုလ်မှူးကြီး အဲလ်ဘာတိုနဲ့ ကျွန်တော်တို့ တွေ့ဆုံကြရတယ်။ ဒီအတွက် သူပုန်တပ်မတော်အတွက် အားသစ်လောင်းခဲ့ကြပါတယ်။

"အဲလ်ဘာတို"မှာ ငယ်စဉ်မှပင် စပိန်ပြည်သို့ ရောက်ရှိပြီး ထိုခြေလျင်တပ်မတော် စစ်တက္ကသိုလ်နဲ့ စစ်ဘက်ဆိုင်ရာ လေကြောင်းအတတ်သင်ကျောင်းမှ ဘွဲ့ထူးအောင်မြင်ပြီး စပိန်အစိုးရအဖွဲ့တွင် ဗိုလ်မှူးကြီးရာထူးနဲ့ အမှုထမ်း၍ အာဖရိကတိုက် တိုက်ပွဲများ ပါဝင်ဆင်နွှဲရာ ပြောက်ကျား စစ်ပညာအရာ၌ အတွေ့အကြုံကြွယ်သူ ဖြစ်ပါတယ်။

ကျွန်တော်တို့ဟာ အသက် ၆၃ နှစ်ရှိပြီဖြစ်သော ဗိုလ်မှူးကြီးရဲ့ ပြောက်ကျားစစ်ပညာကို စာတွေ့ လက်တွေ့သင်ယူခဲ့ကြတယ်။

မက္ကဆီကိုပြည်၊ ချားလက်ကိုးခရိုင်၊ ကျွဲနွားစားကျက်မြေကွင်းပြင်မှာ သင်တန်းများ အချိန်မှန် တက်ကြတယ်။

စစ်သားဟောင်းကြီးရဲ့ စစ်နည်းပရိယာယ်များအားလုံးကို မျိုးချစ်လူငယ်တို့ စိတ်ပါဝင်စားခဲ့ကြတယ်။

အဲလ်ဘာတိုမှာ ပြောက်ကျားတပ်သားတို့ အရေးကြီးတဲ့ စည်းကမ်းသေဝပ်မှုနဲ့ ရဲဘော်စိတ်ရှိမှုများ ဆုံးမခဲ့တယ်။

စစ်မှုထမ်းဟောင်းကြီးမှာ သင်တန်းထူးချွန်ထက်မြက်သူတို့ကို ကိုယ်တိုင်ရွေးချယ် ဂုဏ်ပြုပေးခဲ့တယ်။



ကျွန်တော်တို့နဲ့အတူ အာဂျင်တီးနား အမျိုးသားဆရာဝန် ချေဂွေဗားရားမှာ စစ်သင်တန်းတွင် အကောင်းဆုံး ပထမရခဲ့တယ်။ ဗိုလ်မှူးကြီးမှာ ချေဂွေဗားရားကို ရဲရဲတောက်ပုဂ္ဂိုလ်တစ်ဦးအဖြစ် အသိအမှတ် ပြုပေးခဲ့တယ်။

ချေဂွေဗားရားမှာ အင်ဂျင်နီယားနိုင်ငံ ဖက်ဆစ်အာဏာရှင် ပီရွန်အစိုးရကို ဆန့်ကျင်တိုက်ပွဲများ ဆင်နွှဲခဲ့ဖူးတယ်။

အားလုံး ကျွန်တော့်ထံမှာ စာရင်းပေးသွင်းပြီး ဝင်ရောက်ခဲ့တယ်။ နောင်တွင် ချေဂွေဗားရားမှာ အလွန်အားကိုးရသော တွဲဖက်အဖြစ်သို့ ရောက်ခဲ့တယ်။

ပြောက်ကျားစစ်၏ သေနင်္ဂဗျူဟာနည်းပရိယာယ် အခြေခံများ အပြင်းအထန် လေ့ကျင့်သင်ကြားကြပြီးနောက် ကျူးဘားပြည်သို့ ပြောက်ကျားစနစ်နဲ့ ချီတက်တိုက်ခိုက်ရန် ကျွန်တော်တို့ သူပုန်တပ်မတော် အသင့်ရှိနေပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



## (၉)

## တော်လှန်ရေးကို စတင်ခြင်း

၁၉၅၆–ခုနှစ်၊ နိုဝင်ဘာလ(၁၅)ရက်မှာ ကျွန်တော်တို့ မက္ကဆီကို ပင်လယ်ပြင်ကြီးမှ ရွက်လှေတစ်စင်းနဲ့ ထွက်ခွာခဲ့တယ်။

ရွက်လှေမှာ အလျား ၅၈ ပေ ရှည်လျားသော "ဂရန်မာ" အမည် ရေးထိုးထားတယ်။ "ကူတို့"ပို့တဲ့လှေဖြစ်ပြီး တပ်သား (၈၂)ယောက်နဲ့ လက်နက်ခဲယမ်းတို့မှာ ခြေချစရာမရှိဘဲ ကျပ်တည်းကျဉ်းမြောင်းနေကြတယ်။

ကျွန်တော် အလွန်တက်ကြွနေခဲ့တယ်။ ရဲဘော်များ တက်ကြွမှုကို ကူးစက်နေကြပါတယ်။ အစီအစဉ်မှာ ကျူးဘားကမ်းခြေတွင် သူပုန်တပ်သား "ပီရက်"မှာ တပ်သား(၁၀၀)နဲ့ ကျွန်တော်တို့ကို ကြိုဆိုအသင့်စောင့်နေတယ်။ သူပုန်တပ်နဲ့အတူ အနီးအနားမှ တပ်စခန်းကို စီးနင်းရန် ဖြစ်တယ်။



အစိုးရကို လှည့်စားရန် မျိုးချစ်လူငယ်များမှ မီးရထားလမ်းများ တံတားများကို ဖောက်ခွဲရန် တစ်ပြိုင်နက် လုပ်ကြရန်ဖြစ်တယ်။ စက်လှေချို့ယွင်းမှုကြောင့် ကျွန်တော်တို့ နိုဝင်ဘာ ၃၀ ရက် မရောက်ဘဲ သတင်းပို့မှု နောက်ကျကုန်တယ်။

ဒီဇင်ဘာလ ၁ ရက်မှာ ကျူးဘားကမ်းခြေနဲ့ နီးကပ်လာခဲ့တယ်။ စက်လှေသောင်တင်နေသဖြင့် တပ်သား(၈၂)ယောက် ပင်ပန်းဆင်းရဲစွာ ရှိကုန်တယ်။

ကျူးဘားပြည် ကမ်းခြေမှ အနီးဆုံး တောင်တန်းတစ်ခုပေါ် တက်ခဲ့ကြတယ်။ ရန်သူများ လက်ဦးမှုရရန် တောင်ပေါ်ရောက်တဲ့အခါ ရဲဘော်တို့ကို ကျွန်တော် အားပေးစကားပြောပြီး ထိုနေရာမှ အမြန်ဆုံးထွက်ခွာရန် စီစဉ်ရတော့တယ်။

ထိုနေရာမှထွက်ပြီး မကြာမီ ကျူးဘားကမ်းခြေမှ ကူးတို့လှေကို တွေ့မြင်ပြီး အစိုးရတပ်များ ရောက်လာကြတယ်။ ကျွန်တော်တို့ ညဘက်မှသာ ချီတက်ခဲ့ကြတယ်။

လမ်းခရီးမှာ ကြံခင်းကြီးများတွင် စခန်းချကြတယ်။ ရဲဘော်များ ကြံခင်းကြီးကို လက်နှင့်မတို့ခဲ့ပါ။ လယ်သမား၊ ယာသမားတို့မှ အလှူငွေနှင့် ရိက္ခာ ထောက်ပံ့ပေးခဲ့တယ်။

မကြာခင် ကောင်းကင်ယံမှ ကင်းထောက်လေယာဉ်ပျံသံကြားရပြီး ကြံခင်းများထဲ ဗုံးကြဲလေယာဉ်ပျံ စက်သေနတ်သံ၊ ဗုံးပေါက်ကွဲသံနဲ့အတူ ရဲဘော်များ ထိမှန်ဒဏ်ရာရရှိကုန်တယ်။

လက်ခုပ်တစ်ဖောင်ခန့် ကြီးထွားသန်မာတဲ့ ကြံခင်းကြီး မီးထလောင်ပါတယ်။ မီးတောက်ကြီးများ ပိုမိုကြီးလာတယ်။

www.burmeseclassic.com

www.burmeseclassic.com



တပ်မှူး ချေဂွေဗားရား လည်ပင်းမှာ သေနတ်ရှပ်မှန်သွားပါတယ်။ ဒါပေမဲ့ လက်မှရိုင်ဖယ်ကို ကောင်းကင်သို့ ထောင်ပစ်နေတယ်။ လေကြောင်း၊ မြေပြင်တပ်တို့ ညှပ်တိုက်ခိုက်နေမှန်း သိလိုက်ရပါတယ်။ ကျွန်တော်တို့ ကြံခင်းကြီးမှဆုတ်ရန် စီစဉ်နေရတယ်။ ကျွန်တော့်ရဲဘော်တွေကို သုံးယောက်တစ်တွဲနဲ့ ပြေးထွက်ရန် အမိန့်ပေးလိုက်ပြီး အတွဲများ ကြံခင်းမှ ပြေးခဲ့ကြတယ်။

ရဲဘော်အတွဲများ ရန်သူ့နောက်ဘက်မှ လိုက်လံပစ်ခတ်မှုကြောင့် ထိမှန်ဒဏ်ရာနဲ့ ကျန်ရစ်ခဲ့သူ များစွာရှိပါတယ်။

ကျွန်တော်တို့ ပြိုကွဲစွာနဲ့ ဆုတ်ခွာပြီး လွတ်မြောက်သူ အနည်းငယ်သာ ကျန်တော့တယ်။ ကျွန်တော့်ညီ ရောလ်ကပ်စထရိုမှာ တခြားရဲဘော် နှစ်ယောက်နဲ့အတူ သီးခြားကြံခင်းတစ်ခုတွင် ပုန်းအောင်းနေတာ ရှစ်ရက်ခန့် ကြာခဲ့တယ်။

အကြမ်းဖက်အစိုးရအဖွဲ့မှ ကျွန်တော်တို့ ကျူးဘားကမ်းခြေ တက်လာကြပြီဟု သိပြီး ကုန်းတပ် လေတပ်တို့နဲ့ တွဲကာ တိုက်ခိုက်တယ်။ ကျွန်တော်တို့ကို ပိုက်စိပ်တိုက် ရှာဖွေနေကြတယ်၊ ကြံခင်းများထဲမှာ ငါးရက်ခန့် ပုန်းအောင်းနေခဲ့ရတယ်။

အစာအဟာရအတွက် ကြံချောင်းများ ချိုးသောက်ရပါတယ်။ ကိုးရက်မြောက် ကင်းလှည့်သမားတို့ ပြန်ထွက်တာနဲ့ မနီးမဝေး တောအုပ်သို့ ဝင်လာခဲ့ရတယ်။ တောအုပ်မှ တောင်ခြေလိုဏ်ဂူတစ်လုံးထဲ ဝင်ပုန်းခိုရပါတယ်။

ကျွန်တော်တို့ လူနည်းစုသာ ကျန်ရှိသဖြင့် ခပ်လှမ်းလှမ်း လယ်ထဲမှ လယ်သမားကြီးနဲ့ အဆက်အသွယ်ရပြီး ပဲ၊ ဆန်၊ ရေတို့ ရရှိခဲ့ကြတယ်။



ကြံခင်းမှ သူပုန်တပ်များ ဆုတ်ခွာစဉ် (၂၂)ယောက်သာ ကျန်ရစ်ပါတယ်။ ထို(၂၂)ယောက်တွင် အကြမ်းဖက်အုပ်စုမှ ဖမ်းမိသွားခဲ့သဖြင့် (၁၀)ယောက် လျော့ခဲ့ပြန်တယ်။

နောက်ဆုံး အဖမ်းမခံရတဲ့ ရဲဘော်များ ဂူတွင်ပြန်လည်စုစည်းမိကြတယ်။ ကျွန်တော့်ညီ ရောလ်ကပ်စထရိုနဲ့ အားလုံး (၁၂)ယောက် ကျန်တော့တယ်။

ရဲဘော်(၁၂)ယောက်တို့ မူလက ကမ်းခြေတွင်စောင့်ရန် စီစဉ်ထားသူ သူပုန်တပ်သား "ပီရတ်" အကူအညီနဲ့ "ဆီးရားယား"တောင်ထိပ်သို့ တက်ရောက် အနားယူခဲ့ရတယ်။

ကျူးဘား အကြမ်းဖက်အစိုးရမှာ ကျွန်တော်တို့ကို ချေမှုန်းပြီးကြောင်းသတင်း ရေဒီယိုမှ တိုင်းပြည်ကို ကြေညာခဲ့ကြတယ်။

ကျွန်တော်တို့အဖွဲ့ (၇၀)ကျော် ကျဆုံးသော်လည်း စိတ်ဓာတ်မကျဘဲ "ဆီးရားယား"တောင်မှာ စခန်းကျနေတယ်။ ရဲဘော်များကို ဘာတစ္စတာ အကြမ်းဖက်အစိုးရ ပြုတ်ကျတော့မယ်လို့ ကြုံးဝါးပြီး အားပေးခဲ့ရတယ်။

ဟုတ်ပါတယ်၊ အာဏာရှင်စနစ် ကျဆုံးမယ့်ရက် နီးလာပြီလို့ ကျွန်တော့် ကြုံးဝါးသံကို အရူးတစ်ယောက်လို့ ထင်ကြမှာပဲလေ။

ကျွန်တော့်စိတ်မှာ တိုင်းပြည်လွတ်မြောက်လိုစိတ် ပြင်းပြသဖြင့် စားသောက်တာတို့ အိပ်စက်တာတို့ နည်းပြီး အစိုးရကြေ အရေခန်းအထိ တိုက်ခိုက်ရန် ဆန္ဒများ ပြင်းပြလွန်းခဲ့တယ်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



## (၁၀)

## မပြီးဆုံးနိုင်တဲ့ တော်လှန်ရေး

ကျူးဘားတော်လှန်ရေးအတွက် လူ(၁၂)ယောက်၊ ရိုင်ဖယ်သေနတ် တစ်လက်စီနဲ့ စတိုက်ခိုက်သော တော်လှန်ရေးတစ်ခုဖြစ်ပါတယ်။ ရန်သူအစိုးရဘက်မှ အင်အား(၃၀၀၀၀)ရှိတဲ့ စစ်တပ်ကြီးနဲ့ ခေတ်မီလက်နက်၊ တင့်ကား၊ အမြောက်ကြီး၊ စက်သေနတ်၊ စစ်အသုံးအဆောင်များနဲ့ ဖွဲ့စည်းထားကြတယ်။

ကျွန်တော်တို့ ပြောက်ကျားတပ်မတော်ဟာ သူပုန်အဖွဲ့နဲ့ ဆီးဧနဲ့ မြင်းမိုရ်တောင် အင်အားကွာခြားလှတယ်။

ကျွန်တော်ဟာ မွန်ကဒါ:ဒါ:အမှုကြီးမှာ ကမ္ဘာကျော်နိုင်သည်အထိ စိတ်ကူးစိတ်သန်းတွေနဲ့ ချေပလျှောက်လဲစဉ်က ကျူးဘားပြည်ရဲ့ အဓိကလူတန်းစားဖြစ်သော လယ်သမားလူတန်းစားရဲ့ ဘဝအခြေအနေ မြှင့်တင်ရေး၊ စားဝတ်နေရေးပြဿနာတို့ကို ဖြေ



ရှင်းပေးနိုင်မှသာ ကျူးဘားပြည် လွတ်လပ်ရေးမှာ အဓိပ္ပာယ်ပြည့်ဝပြည့်စုံမယ်လို့ ယုံကြည်လို့ လျှောက်လဲခဲ့တာပါ။

သို့သော် ကျွန်တော်တို့ တပ်မတော်သူပုန်အဖွဲ့ဟာ "ဆီးယားရား" မာအက်စထရာတောင်ပေါ်ဒေသမှာ အခြေခံစခန်း ပြုလုပ်ကြပြီး ဒေသတစ်ဝိုက်မှာ ရှိနေကြတဲ့ လယ်သမား ယာသမားများကို စတင်စည်းရုံးနေကြတယ်။

ပင်ကိုသဘာဝ ရိုးသားသူတို့မှာ ဒုက္ခရောက်နေသူထံ နေရာရှာဖွေပေးကြ၊ ရှိသမျှ ဆန်၊ ပဲ စားဖွယ်တို့ကို ထောက်ပံ့ပေးနဲ့ တော်လှန်ရေးရဲဘော်တို့ထံ မေတ္တာကရုဏာစိတ်နဲ့ ကူညီရာ အာဏာရှင်အစိုးရ ဒီအတိုင်း ဆက်လက်တည်မြဲနေပါက လယ်သမားတို့ ဆင်းရဲတွင်း နက်သည့်ထက် ပိုနက်လိမ့်မည်ဟု ခံယူချက် အတွေးအခေါ် ပြောင်းလွှဲလာကြတယ်။ စိတ်ပါလက်ပါ ကူညီအားပေးတယ်၊ ကာယကံမြောက် ကိုယ်ထိလက်ရောက် ဆောင်ရွက်ပေးလာတယ်။

နောက်ဆုံး ကျွန်တော်တို့ ရဲဘော်(၁၂)ယောက်နဲ့ စတင်လိုက်သော တော်လှန်ရေးတပ်မတော်မှာ လယ်သမား အသင်းအဖွဲ့များ ပါဝင်လာကြတော့တယ်။

ခေါင်းဆောင်တပ်မှူး ချေဂွေဗားရားမှ လယ်သမား သားသမီးတို့အတွက် စာသင်ကျောင်း ဖွင့်ပေးတယ်။ ကျောင်းသားဦးရေ များသဖြင့် ကျောင်းများတိုးချဲ့ဖွင့်လိုက်၍ စာသင်ကျောင်း ၃၂၀ ခန့် ရှိလာတယ်။ ကျွန်တော်တို့ ဆီးယားရားတောင်တန်းဒေသမှာ နှစ်နှစ်ခန့် ကြာနေခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မြေအောက်အဆက်အသွယ်နဲ့ တောင်တန်းမှာ စစ်ဆေးရုံဖွင့်ခဲ့တယ်။ ဆရာဝန်ကြီးတစ်ဦးနဲ့ ဆေးဝါးပစ္စည်းကိရိယာများဖြင့် ကုသပေးခဲ့တယ်။

ဒေါက်တာဂျူလီယာမှာ ဟားဗားနားမြို့မှ နာမည်ကျော်အရိုးထူးကုဆရာဝန်ဖြစ်တယ်။ လယ်သမားဒေသခံများကို စိတ်တိုင်းကျ ကုသပေးခဲ့တယ်။ ဆီးယားရားတောင်တန်းမှာ ကျွန်တော်တို့ဟာ မြေယာတော်လှန်ရေးလုပ်ငန်း ဖြစ်တယ်၊ ထိုအရာမှာ တောင်သူလယ်သမား အကျိုးစီးပွားကို အခြေခံခြင်း ဖြစ်တယ်။

"မြေယာတော်လှန်ရေး"မှာ လက်နက်ကိုင်တော်လှန်ရေးရဲ့ အသက်ဟု ကျွန်တော် နားလည်တယ်။ ထိုမြေယာတော်လှန်ရေးကို ဘီလူးစည်း လူ့စည်း ပြတ်သားစွာ ဆောင်ရွက်ခဲ့တယ်။ ဘီလူးစည်း၊ လူ့စည်းမှာ ဘီလူးကို ဘီလူးလို ဆက်ဆံပြီး ရန်သူနဲ့မိတ်ဆွေ ခွဲခြားဆက်ဆံခဲ့တယ်။

ကျွန်တော် ဆီးယားရားဒေသမှာ မြေယာတော်လှန်ရေးကို ပြတ်ပြတ်သားသား ဆောင်ရွက်ခဲ့သဖြင့် လယ်သမားထုကြီးရဲ့ ထောက်ခံမှု ရလာတာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ကျူးဘားတော်လှန်ရေးကို ဘယ်မှာ စတင်ခဲ့လဲဟု မေးခဲ့ရင် အိုရီယန်တေပြည်နယ်၊ ဆီးယားရားတောင်ပေါ်မှာ စတင်ခဲ့တယ်လို့ ပြောရမှာဖြစ်ပါတယ်။ ကျူးဘားတော်လှန်ရေးက ဟားဗားနားတက္ကသိုလ်မှ စခဲ့တာနဲ့ တောသူတောင်သားလယ်သမားကြီးတို့ လယ်တော ယာတောဟု ပြောကြလိမ့်မယ်။



တော်လှန်ရေးမှာ လှုပ်ရှားပြောင်းလဲသော ဖြစ်စဉ်တစ်ခုဖြစ်တယ်။ ကျူးဘားတော်လှန်ရေးမှာ ဟားဗားနားတက္ကသိုလ်ကျောင်းသားလှုပ်ရှားမှု စတင်ပြီး ဆီးယားရား တောင်ပေါ်မှာ စတင်ပေါက်ဖွားလာခဲ့တာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ဆီးယားရားဒေသတောင်ပေါ်မှာ လယ်သမားတို့ အရေး၊ အဖတ်အတွက် "အသုံးလုံး"သင်တန်းပေးနေတယ်။ ဆရာဝန်ဘေးမှာ ကူညီနိုင်တဲ့ မာစီလီးနားမှ တာဝန်ယူတယ်။ သူ့ကို မကြာခဏ သူပုန်ဆက်သားအဖြစ် ခိုင်းရတယ်။

ဆီးယားရားသို့ အဖော်မပါ၊ မခေါ်ဘဲ ရောက်လာသူလက်ရေးတိုလက်နှိပ်စက် စာရေးမလေး ဖြစ်တယ်၊ မျိုးချစ်စိတ်ထက်သန်ခြင်းကြောင့် လှုပ်ရှားမှု မှန်သမျှ မညည်းမညူ လုပ်ဆောင်သူ ဖြစ်တယ်။ မာစီလီးနားသူပုန်တပ်မှာ လက်ဖတင်နင်ဗိုလ်လေး ဖြစ်နေသူကို အားကိုးနေရတယ်။

မာစီလီးနားမှာ မြို့ကြီး ပြကြီးများမှာ ဖမ်းဆီးခံနေရတဲ့ လူငယ်များနဲ့ သူတို့ရဲ့ ဘာတစ္စတာငရဲခန်းများကို ကြေကွဲစွာ ပြောပြခဲ့ပါတယ်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



# (၁၁)

## ဆီးယားရားတော်လှန်ရေးနဲ့ ကျူးဘားနိုင်ငံ

လူငယ်၊ အလုပ်သမားတို့မှာ ဘာတစ္စတာအစိုးရရဲ့ လူမဆန်စွာ သတ်ဖြတ်မှုတွေ နေ့စဉ်ကြားနေသဖြင့် မြို့ပေါ်ရှိ မြေအောက်အဆက်အသွယ်မှတစ်ဆင့် ဆီးယားရားတော်လှန်ရေးသမားတို့ထံ လာရောက်ပူးပေါင်းချင်တဲ့အတွက် ကျွန်တော် ဝမ်းသာအားရ ဆီးကြိုပါတယ်။ သို့ရာတွင် လက်နက်ကိုင်တော်လှန်ရေး ထဲ ပါဝင်လိုသူတိုင်း ကိုယ့်လက်နက် ကိုယ်ရှာကြံ ယူဆောင်လာကြပါလို့ ပြောရတယ်။

ကျွန်တော် တစ်ချက်ခုတ် နှစ်ချက်ပြတ်အဖြစ် စီစဉ်လိုက်ခြင်းကြောင့် မြို့နယ်ရပ်ကွက်များမှ စစ်သားတို့ လက်နက်အလုခံကြရတဲ့ ဖြစ်ရပ်များ ဖြစ်ပေါ်လာခဲ့တယ်။



ကိုယ့်အားကိုယ်ကိုးတဲ့ စနစ်ကို ဖန်တီးလိုက်ပါတယ်။ တော်လှန်ရေးတပ်သားတစ်ယောက် ကိုယ့်လက်နက် ကိုယ်ဖန်တီးပြီး ရှာဖွေကြတော့တယ်။

ဆီးယားရားတောင်ပေါ်မှာ ကျွန်တော်တို့ရဲ့ လယ်သမားလက်နက်ကိုင်တပ်နဲ့ မြို့ပေါ်မှ ကိုယ့်လက်နက် ကိုယ်ဆွဲကိုင်ရောက်လာကြသူများ များပြားလှတယ်။ အလုပ်သမား၊ လူငယ်ကျောင်းသားအင်အား ကြီးမားလာခဲ့ပြီ ဖြစ်တယ်။

ဘာတစ္စတာအကြမ်းဖက်အစိုးရမှ စစ်သားတို့ထံမှ လက်နက်လုယူခြင်းတို့ ကြားရသဖြင့် လက်နက်ကိုင်တော်လှန်ရေးသမားတို့အား မြို့လူထုကြီးအားလုံး ထောက်ခံနေသည်ကို အကြမ်းဖက်အစိုးရ သိရှိနေတယ်။

ကျွန်တော် ဆီးယားရားမှ အခြေခံစစ်စခန်းဆောက်ပြီး တစ်နှစ်ခန့်ကြာသော် မြို့နေဒီမိုကရေစီအင်အားစု၊ မျိုးချစ်လူငယ်၊ အလုပ်သမားပညာတတ်၊ အလုပ်လက်မဲ့များတို့ရဲ့ ထောက်ခံမှုရရှိခဲ့တယ်။

သူတို့မှာ စက်ရုံ၊ အလုပ်ရုံတွင် အလုပ်သမားအဖြစ် ရှိကြပြီး မြေအောက်တော်လှန်ရေးသမားတို့နဲ့ ပူးပေါင်းကာ စစ်ဖက်ဆိုင်ရာ အဆောက်အအုံ၊ အစိုးရဌာနများကို မိုင်းဗုံးထောင် ဖောက်ခွဲခြင်းနဲ့ အစိုးရရဲ့ ဖိနှိပ်မှုကို ခုခံတော်လှန်မယ့် စာရွက်စာတမ်းတို့ နေရာအနှံ့အပြားရောက်အောင် ပို့ဆောင်ဝေငှခြင်း အလု[illegible] နှစ်ခုကို လုပ်ကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



လူငယ်တို့လက်ချက်နှင့် ဟားဗာနားရှိ လျှပ်စစ်ဓာတ်အားပေးရုံကြီး ပေါက်ကွဲပျက်စီးပြီး တယ်လီဖုန်းနဲ့ လျှပ်စစ်မီးများ ပြတ်တောက်ခဲ့ပါတယ်။ အဲဒီအတွက် အစိုးရယန္တရား အုပ်ချုပ်ရေးများ နှစ်ရက်ကြာ ရပ်ဆိုင်းသွားခဲ့တယ်။


ဗိုလ်မှူးချေဂွေဗားရားမှ ဆီးယားရား တောင်ပေါ်မှာ လွတ်လပ်သော ကျူးဘားသတင်းစာ တစ်စောင် ထုတ်ဝေခဲ့တယ်။ လိုအပ်သော ပစ္စည်းများကို မြို့ပေါ်ရှိ မြေအောက်တော်လှန်ရေးသမားတို့ ပို့ပေးခဲ့တယ်။

ကျွန်တော်နဲ့တကွ "ဆီးယားရား"တောင်ပေါ်မှ တော်လှန်ရေးသမားအားလုံး တော်လှန်ရေးကြီး မုချအောင်မြင်ရမည်ဟု ခိုင်မာစွာ ယုံကြည်လာခဲ့ကြပါတယ်။

❀ ❀ ❀

ကက်စ်ထရို ၏ သမိုင်းဝင်ဓာတ်ပုံများ

## ကက်စ်ထရိုနှင့် ကမ္ဘာ့ခေါင်းဆောင်များ



ပုပ်ရဟန်းမင်းကြီး ဖရန်စစ်နှင့် ကက်စ်ထရို



ဟူဂိုးနှင့် ကက်စ်ထရို



အဟာမဒီနီနှင့် ကက်စ်ထရို

www.burmeseclassic.com

www.burmeseclassic.com



## ကက်စ်ထရိုနှင့် ချေဂွေဗားရား







ကက်စ်ထရို ၏ သမိုင်းဝင်ဓာတ်ပုံများ

## ကက်စ်ထရို၏တော်လှန်ရေးခေါင်းဆောင်ဘဝ





www.burmeseclassic.com

www.burmeseclassic.com



## ကက်စထရိုနှင့် ကမ္ဘာ့ခေါင်းဆောင်များ



မင်ဒဲလားနှင့် ကက်စထရို



ပူတင်နှင့် ကက်စထရို



ရှီကျင့်ဖျင်နှင့် ကက်စထရို

ကက်စ်ထရို ၏ သမိုင်းဝင်ဓာတ်ပုံများ

## ကက်စထရို၏ငယ်ဘဝ





၁၉၄၅ ခုနှစ်က ကက်စထရို

www.burmeseclassic.com

www.burmeseclassic.com

# ကက်စ်ထရို ၏ သမိုင်းဝင်ဓာတ်ပုံများ

ကက်စ်ထရို ၏ သမိုင်းဝင်ဓာတ်ပုံများ

## ကက်စ်ထရို၏ တော်လှန်ရေးခေါင်းဆောင်ဘဝ



ဘိုလစ်ဗီးယားမှ တော်လှန်ရေးခေါင်းဆောင် ကက်စ်ထရို



## ကက်စ်ထရို၏ပိုစတာများ









www.burmeseclassic.com

www.burmeseclassic.com



ကက်စ်ထရို၏ငယ်ဘဝ



သုံးနှစ်သားအရွယ် ကက်စ်ထရို



မူလတန်းကျောင်းသားဘဝ ကက်စ်ထရို



## (၁၂)

## အစိုးရကို တော်လှန်ကြ

၁၉၅၆–ခုနှစ် နိုဝင်ဘာလမှာ ဆီးယားရားတောင်ပေါ်မှ ကျွန်တော် ကြေညာချက်တစ်စောင် ထုတ်လိုက်တယ်။

မိမိတော်လှန်ရေးမှာ ကျူးဘားတစ်မျိုးသားလုံးရဲ့ သမိုင်းဆိုင်ရာ အခြေခံရည်မှန်းချက်တဲ့ နိုင်ငံရေးအရ အချုပ်အခြာအာဏာပိုင်မှု၊ စီးပွားရေးအမှီအခိုကင်းမဲ့မှုနဲ့ သီးခြားကင်းလွတ်သော ယဉ်ကျေးမှု တည်ထောင်ရန် ရန်းကန်လှုပ်ရှားခြင်း ဖြစ်တယ်။ ကျူးဘားတစ်မျိုးသားလုံး ဘဝအခြေအနေ အရင်းအမြစ်မှ စတင်ပြောင်းလဲရန် ဒီမိုကရေစီရေးမှာ အမျိုးသားရေး ဆိုရှယ်လစ်ရေးတို့အတွက် ရုန်းကန်လှုပ်ရှားခြင်း ဖြစ်တယ်လို့ ကျွန်တော် စာတစ်စောင်ထုတ် ကြေညာခဲ့တယ်။

ကျွန်တော်တို့ ၁၉၅၈–ခုနှစ် ဖေဖော်ဝါရီလ ညနေခင်းမှာ ဆီးယားရားတောင်ပေါ်မှ အသံလွှင့်ဌာနတစ်ခု ကြိုးပမ်းအောင်မြင်ခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့် အသံလွှင့်ဌာနမှ အသံလွှင့်သတင်းများ ကျူး ဘားပြည်သူတို့ စတင်ကြားနေရတယ်။ ထိုမှတစ်ဆင့်စကား တစ်ဆင့်ကြားနဲ့ အသံလွှင့်စက်ရှိသော အိမ်တိုင်း ကျွန်တော့်အသံကို နားဆင်နိုင်ကြပါတယ်။ ဖမ်းယူနိုင်ပါပြီ။

သူပုန်အသံလွှင့်ဌာနကို အောင်မြင်စွာ တည်ဆောက်နိုင်ခဲ့ခြင်းဖြင့် မိမိတို့တော်လှန်ရေးရဲ့ အခြေခံရည်မှန်းချက်လုပ်ငန်းများကို ကျူးဘားပြည်သူလူထုကြီးထံ တိုက်ရိုက်ရှင်းလင်း တင်ပြနိုင်ခွင့်ရ၍ ကျေနပ်အားရလှပါတယ်။

၁၉၅၈–ခုနှစ် မတ်လ(၁၂)ရက် ကြေညာစာတမ်းတွင် ဇူလိုင်လ(၂၆)ရက် အရေးတော်ပုံအဖွဲ့မှ ပြည်သူလူထုထံ ကြေညာချက် ခေါင်းစဉ်တပ်ပြီး ကျွန်တော် သူပုန်လက်နက်ကိုင်တပ်များရဲ့ တပ်မှူး ဖီဒယ်ကပ်စထရိုနဲ့ သူပုန်ဌာနချုပ်မှ ကိုယ်စားလှယ်ခေါင်းဆောင် ဒေါက်တာဖော်စတီဒို ဖြစ်တယ်။

ဘာတစ္စတာအစိုးရမှာ "သူ့ရဲဘော်ကြောင်သူအဖြစ် ရှုတ်ချထားတယ်"။ လူထုထောက်ခံမှုနဲ့ အင်အားကြီးနေတဲ့ သူပုန်များ လွတ်မြောက်တဲ့ နယ်မြေသို့ အဖြစ်မှန်ကို လာရောက်လေ့လာရန် သတင်းစာဆရာတို့ကို ကျွန်တော် ဖိတ်ကြားခဲ့တယ်။

အစိုးရမှာ သတင်းစာဆရာတို့ကို လွတ်မြောက်သောနယ်မြေရဲ့ အဘက်ဘက် တိုးတက်နေခြင်းကို ပြည်သူလူထုအား အဖြစ်မှန် အသိမပေးရဲ၊ အမြင်မခံရဲဘဲ ဖြစ်နေသော ဘာတစ္စတာ အကြမ်းဖက်အစိုးရအား ရှုတ်ချခြင်းဖြစ်ပါတယ်။



ကျွန်တော်မှ ကျူးဘားတစ်မျိုးသားလုံး ဘာတစ္စတာအစိုးရကို ဆန့်ကျင်တဲ့ တော်လှန်ရေး လှုပ်ရှားမှုကြီးများ ပြုလုပ်ကြရန် နှိုးဆော်ခဲ့တယ်။

အလားတူ ပေးဆောင်ရမယ့် အခွန်အတုတ်များ မပေးဘဲ အစိုးရကို အာဏာဖီဆန်ရန်နဲ့ ဧပြီလ(၅)ရက်မှာ တစ်ပြည်လုံး အစိုးရလက်နက်ကိုင်တပ်များမှ တပ်တွင်းပုန်ကန်မှု ပြုလုပ်ပြီး သူပုန်အင်အားစုနဲ့ ပူးပေါင်းရန်နဲ့ ကျွန်တော်ပါဝင်သော အိုရီယန်တေပြည်မြောက်ပိုင်း၊ အရှေ့ပိုင်းကို ဗိုလ်မှူးဂျူအန်တို့မှ ခေါင်းဆောင် ချီတက်ကြရန်နဲ့ ထိုနေ့ ဧပြီလ(၅)ရက် အချိန်မှစ၍ တစ်တိုင်းပြည်လုံး အကြမ်းဖက်အုပ်စိုးမှုကို ဆန့်ကျင်ခုခံ တော်လှန်တိုက်ခိုက်ကြလော့ဟု နှိုးဆော်ထားတယ်။

ကျွန်တော်တို့ ကြေညာပြီးနောက် ဆီးယားရားတောင်ကြားသို့ လေယာဉ်တစ်စင်း ထိုးဆင်းလာခဲ့တယ်။ သူမှာ ငယ်သူငယ်ချင်း ပီအိုဇီရက် ဖြစ်တယ်။ နိုင်ငံရေးလှုပ်ရှားမှု အတူလုပ်ကိုင်ခဲ့ဖူးပြီး မွန်ကားဒါးစစ်စခန်းကို ဝင်စီးစဉ် ရှုပ်ရှုပ်ချုံချုံ ပါဝင်သူရဲဘော်တစ်ဦးဖြစ်တယ်။ သူသည် မွန်ကားဒါးတိုက်ပွဲ ဆုတ်ခွာတုန်း ကွဲကွာပြီး မက္ကဆီကိုပြည် ရောက်သွားခဲ့တယ်။

ကျူးဘားကမ်းခြေကို တက်ရောက်တိုက်ခိုက်ရန် လူနဲ့ လက်နက် စုဆောင်းခဲ့စဉ် သက်စွန့်ဆံဖျား ကြိုးစားခဲ့သူပါတယ်။ သူဟာ လက်နက်အမြောက်အမြား စုဆောင်းနေစဉ် [illegible] အဖွဲ့မှ ဖမ်းဆီးထောင်ချခဲ့တယ်၊ [illegible] တစ်ခုဖွဲ့ကာ ကျူးဘားတော်လှန်ရေး [illegible] ထပ်မံစုဆောင်းခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



နောက် စီ-၄၆ လေယာဉ်ပျံနဲ့ လက်နက်အပြည့် သယ်လာပြီး တောင်ပေါ်လွတ်မြောက်ရေးဒေသသို့ မောင်းနှင်ထွက်ပြေးလာခဲ့တယ်။ သူငယ်ချင်း ပီဒရိုမိရက်တွင် မောင်းပြန်သေနတ်၊ စက်သေနတ်၊ မော်တာများနဲ့ ကျည်ဆန်(၈၀၀၀၀)ပါလာတယ်။

ကျွန်တော်က ဧပြီလ(၅)ရက်နေ့မှာ တစ်တိုင်းပြည်လုံး အကြမ်းဖက်အုပ်စိုးမှု ဆန့်ကျင်ခုခံ တော်လှန်တိုက်ခိုက်ကြရန် နှိုးဆော်လိုက်ပါတယ်။ အဲဒီ နှိုးဆော်ချက်ကြောင့် ဘာတစ္စတာ အစိုးရမှာ ဆီးယားရားတောင်သို့ စစ်အင်အား အလုံးအရင်းနဲ့ ချေမှုန်းပစ်ရန် စီစဉ်တော့တယ်။ စီစဉ်ပြီး စစ်သားပေါင်း တစ်သောင်းနှစ်ထောင်၊ စစ်သားဦးရေသုံးပုံတစ်ပုံ အသုံးပြုကာ သံချပ်ကာကား၊ တင့်ကား၊ အမြောက်ကြီး၊ ဘဇူကာသေနတ်များ၊ ခေတ်မီလက်နက်တို့နှင့် အပြင်းအထန် တိုက်ခိုက်ကြတော့တယ်။

ထိုးစစ်ကြီးတွင် တော်လှန်ရေးတပ်သား သူပုန်အင်အားမှာ (၃၀၀)ခန့်သာ ရှိခဲ့တယ်။ လက်နက်အနည်းငယ်ဖြင့် တိုက်ခိုက်ကြတယ်။ အရေအတွက်၊ အရည်အချင်း အားနည်းခဲ့ကြတယ်။

ထိုးစစ်ကြီးမှာ ကျူးဘားပြည်လေးရဲ့ သမိုင်းတွင် အကြီးအကျယ်ဆုံး စစ်ဆင်ရေးပင် ဖြစ်တယ်။

ဘာတစ္စတာ အကြမ်းဖက်အစိုးရအဖွဲ့မှ အင်အားတစ်သောင်းနှစ်ထောင်မှာ ဖရိုဖရဲနဲ့ ဆုတ်ခွာသွားကြတယ်၊ ထိုးစစ်မှာ အရေးနိမ့်သွားခဲ့တယ်။ တပ်သားပေါင်း တစ်ထောင့်နှစ်ရာ ဆုံးရှုံးခဲ့ကြတယ်။

အကြမ်းဖက်သမားတို့မှာ တောတောင်ထူထပ်တဲ့ ဆီးယားရား မာအက်စထရာတောင်တန်းဒေသမှာ ကျွမ်းကျင်ခြင်း



မရှိဘဲ ချီတက်တိုက်ခိုက်ရာ အပေါ်စီးကနေရာ ရထားတဲ့ ကျွန်တော်တို့ သူပုန်တပ်သားတို့မှ အချိန်မရွေး ချောင်းမြောင်းတိုက်ခိုက်ခြင်းကြောင့် အောင်ပွဲများ ရခဲ့ကြတယ်။

ကျွန်တော်တို့တပ်သား(၃၀၀)မှာ ပြောက်ကျားအခြေခံသင်တန်း တက်ခဲ့ဖူးသဖြင့် လျှိုမြောင်တွင်း စမ်းတဝါးဝါး ချီတက်လာသူ အစိုးရတပ်များ ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်လိုက်ကြတယ်။

ကျွန်တော် အစိုးရတပ်မှ ဖမ်းမိထားတဲ့ တပ်သားတို့ကို မသတ်ပစ်ဘဲ အစွမ်းကုန်ကျွေး မွေးစောင့်ရှောက် ကုသမှုတွေပေးခဲ့တယ်။ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီသူနာပြုအဖွဲ့ကြီးမှ တစ်ဆင့် သူတို့မိသားစုထံ ပို့ပေးခဲ့တယ်ဟု သူပုန်အသံလွှင့်ဌာနမှ ထုတ်လွှင့်ရှင်းလင်းပေးခဲ့တယ်။

ဖမ်းဆီးရမိခဲ့သော အစိုးရစစ်သား သုံ့ပန်းများ ကျွန်တော်တို့ရဲ့ ချွေးစေးသောလုပ်ရပ်ကို နားမလည်နိုင် ဖြစ်ကြတယ်။

လူ့ကိုမမုန်း စစ်ကိုသာမုန်းတီးတာကို သိချင်မှ သိလိမ့်မယ်။ စစ်ပွဲတစ်ပွဲ အောင်မြင်ရေး ဆိုတာ လက်နက်အင်အား အပေါ်မှာထက် စိတ်ဓာတ်အင်အားများ ကြံ့ခိုင်ဖို့ လိုတယ်။ စစ်ဆိုတာ သေနတ်၊ ကျည်ဆန်၊ ဗုံးအမြောက်၊ လေယာဉ်ပျံတွေ ရှိနေရုံနဲ့ မဖြစ်သေးပါဘူး၊ စစ်ပွဲမှာ အရေးနိမ့်ခြင်းတွေမှာ ယုံကြည်ချက် ကင်းမဲ့နေလို့လည်း ဖြစ်တယ်။ ကျွန်တော်တို့ ပြောက်ကျားစနစ်နဲ့တိုက်လို့ အနိုင်ရခြင်းဟာ စစ်ရေး၊ နိုင်ငံရေးတို့မှာ ယုံကြည်မှုရှိလို့ပါ။ စိတ်ဓာတ်အင်အားလည်း အဓိကဖြစ်ခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



# (၁၃)

# ပြည်သူကို မငဲ့ညှာတဲ့ ကျူးဘားသမ္မတ

ကျွန်တော်တို့ အာဏာရှင် "ဘာတစ္စတာ"ကို စစ်ရေး အသွင်သဏ္ဌာန် အမျိုးမျိုးတို့နဲ့ ကူညီထောက်ပံ့နေခြင်းကို ရပ်စဲပစ်ရန် အမေရိကန်ပြည်ထောင်စုအစိုးရအား တောင်းဆိုလိုက်ကြတယ်။

အမေရိကန်မှ အာဏာရှင် အကြမ်းဖက်အစိုးရကို ဆက်လက်ကူညီနေခြင်း ရှိနေမည်ဆိုလျှင် ကျူးဘားပြည် အမျိုးသားရေး အချုပ်အခြာ အာဏာပိုင်ဆိုင်မှု၊ စစ်ရေးမှာ စွက်ဖက်ခြင်းမှ ကင်းရှင်းမှု၊ အစဉ်အလာအရ သမ္မတနိုင်ငံ အုပ်ချုပ်မှုများကို အစွမ်းကုန် ကာကွယ်သွားမည်ဟု ပြောခဲ့တယ်။

အမေရိကန်ဟာ ၁၉၀၁–ခုနှစ်မှာ အမေရိကန် ကွန်ဂရက်လွှတ်တော်မှ အဓမ္မအတည်ပြုခံရသော "ပလတ်ပြင်ဆင်ချက်



ဥပဒေ"အရ ကျူးဘားပြည်ရဲ့ စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေးတို့ကို ဝင်ရောက်စွက်ဖက်ခဲ့ကြတော့တယ်။

ပြင်ဆင်ချက်ဥပဒေအရ ၁၉၀၂–ခုနှစ်မှာ ကျူးဘားပြည်အရှေ့ဘက်စွန်း "ဂွမ်တာနိုမိုဒေသ"မှာ အမေရိကန်ရေတပ်စခန်းကြီး ဆောက်လုပ်တပ်စွဲခဲ့ကြတယ်။

ကျွန်းအားလုံး စိုက်ပျိုးထားသမျှ သကြားနဲ့ ကြံလုပ်ငန်းများစွာကို လက်ဝါးကြီးအုပ်စိုးလာခဲ့တယ်။ ကျူးဘားပြည်ကို တံခါးမရှိ ဓားမရှိ ဝင်ထွက်နေကြပါတယ်။

ဘာတစ္စတာအစိုးရမှာ ပြည်သူလူထုထံ မငဲ့ကွက်ဘဲ စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး အားလုံးတို့မှာ အမေရိကန်ကို ဆရာတင် မှီခိုအားထားနေတော့တယ်။

ကျွန်တော်တို့မှာ အမေရိကန်ကို စိန်ခေါ်လိုက်သဖြင့် ကမ္ဘာတစ်ခုလုံး တွေးတောပူပန်နေမည်ကို သိလည်း၊ (၅၇)ခုနှစ်အချိန်မှ ကျူးဘားပြည်ဟာ အချုပ်အခြာ အာဏာပိုင်နိုင်ငံတစ်ခုအဖြစ်က လျော့ကျပြီး အမေရိကန်တို့ရဲ့ နယ်ချဲ့နောက်မြီးဆွဲနိုင်ငံအဖြစ် ကျရောက်ခဲ့တော့တယ်။

ဘာတစ္စတာအစိုးရမှ အာဏာသိမ်းတဲ့ ၁၉၅၂–ခုနှစ်တွင် အမေရိကန်အစိုးရထံမှ ဒေါ်လာခုနစ်ဆယ့်ငါးသိန်း ချေးယူခဲ့တယ်။ ချေးများ ထပ်ခါ ထပ်ခါ ယူနေမှုကြောင့် သန်းသုံးရာ ဖြစ်ခဲ့တယ်။

အမေရိကန်သံအမတ်မှာ သံတမန်အဖြစ် မဟုတ်တော့ဘဲ စီးပွားရေး၊ အုပ်ချုပ်ရေး၊ နိုင်ငံရေးတို့မှာ ဝင်ရောက်စွက်ဖက်ခြင်း လုပ်လာခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



သံအမတ်မှာ ကျူးဘားသမ္မတထက်ပင် အရေးပါ အရာရောက်ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်နေပါတယ်။

၁၉၅၈–ခုနှစ် မေ(၈)ရက် နေ့စွဲနဲ့ ဘာတစ္စတာအစိုးရ ဒုံးပျံထိပ်ဖူးများ ပေးပို့ခဲ့တဲ့ အကြောင်းကြားစာမူရင်းကို ပြည်သူလူထုထံ ဖော်ပြလိုက်ရာ ကျူးဘားပြည်သူများ အမေရိကန်အစိုးရကို ဒေါသထွက်ကုန်ကြတယ်။ မုန်းတီးလာကြတယ်။

ကျွန်တော်တို့ တပ်မတော်သူပုန်အဖွဲ့ကို တိုက်ခိုက်နေသော်လည်း တပ်များ တဖြည်းဖြည်း ပြုတ်လာသဖြင့် မြို့လူထုကို ရန်ရှာလာခဲ့တယ်။ မြေပေါ်မြေအောက် အဖျက်လုပ်ငန်းများလည်း အစိုးရ သိနေသဖြင့် အပြစ်မဲ့မြို့သူမြို့သားများဘက်သို့ ငြိုးလာတယ်။ ဒါနဲ့ စက်တင်ဘာလ နေ့တစ်နေ့မှာ စီယမ်ဖူးဂိုးမြို့ပေါ်ကို ဘာတစ္စတာ အစိုးရလေတပ်မှ ဗိုလ်မှူးကြီးကာလေ့ာစ်ကိုယ်တိုင် ပါဝင်သောအဖွဲ့မှ မြို့ပေါ် ဗုံးများကြဲချခဲ့ကြတယ်။ အမေရိကန်ပြည်လုပ် ဗုံးများနဲ့ကြဲခြင်းကြောင့် မြို့သူမြို့သားတို့ သေကြေပျက်စီးသွားခဲ့တယ်။

ဗိုလ်မှူးကာလေ့ာစ်ကို အမေရိကန် ပင်တဂွန်စစ်ဌာနချုပ်မှ ဂုဏ်ထူးဆောင်တံဆိပ် ပေးအပ်ချီးမြှင့်လိုက်သဖြင့် ကျူးဘားပြည်သူတို့မှာ အမေရိကန်ဆန့်ကျင်ရေးစိတ်ဓာတ်များ အထွတ်အထိပ် ရောက်ကုန်ကြတော့တယ်။

အကြမ်းဖက်တို့ထံ အမေရိကန်တို့ နိုင်ငံရေး စစ်ရေး ကူညီမှုများစွာပေးပြီး တပ်မတော်သူပုန်ကို တိုက်ခိုက်စေသည့်အခါ ကျူးဘားပြည်သူတို့မှာ အမျိုးသားရေး ဆန့်ကျင်လှုပ်ရှားမှုကြီး အထွဋ်အမယိပ် ရောက်ကုန်ကြတော့တယ်။



အကြမ်းဖက်တို့ထံ အမေရိကန်တို့ နိုင်ငံရေး စစ်ရေး ကူညီမှုများစွာပေးပြီး တပ်မတော်သူပုန်ကို တိုက်ခိုက်စေတဲ့အခါ ကျူးဘားပြည်သူတို့မှာ အမျိုးသားရေး ဆန့်ကျင်လှုပ်ရှားမှုကြီး ကြီးမားလာခဲ့တယ်။

ကျွန်တော်တို့ ကျူးဘားနိုင်ငံမှာ ကွန်မြူနစ်အဖွဲ့များလည်း ရှိတယ်။ ကွန်မြူနစ်များ ကျူးဘားမှာ "ဆိုရှယ်လစ်ပေါ်ပြူလာပါတီ"အမည်နဲ့ လူထုလှုပ်ရှားမှုလုပ်ငန်း လုပ်ကိုင်နေခဲ့တယ်။ ကျွန်တော့်ကို သူပုန်ခေါင်းဆောင်ကွန်မြူနစ်ဟု တံဆိပ်ကပ်ကြတယ်။ ကျွန်တော် ကွန်မြူနစ်မဟုတ်ပါ။ သူတို့ပါတီနဲ့ မပတ်သက်ခဲ့သူပါ။ ကျူးဘားပြည်ကို လွတ်မြောက်စေရန် တော်လှန်စဉ်အခါ၌ ကွန်မြူနစ်အဖွဲ့မှ သူရဲကောင်းဆန်သောအလုပ်၊ စွန့်စားရေးသမားတို့၏ လုပ်ရပ်ဟု သဘောထားပြီး အေးအေးပင် နေခဲ့ကြတယ်။

ကွန်မြူနစ်တို့ သပိတ်မှောက်ခြင်း၊ ဆန္ဒပြခြင်း၊ အာဏာဖီဆန်ခြင်း၊ လူထုလှုပ်ရှားမှုနဲ့ ဖြုတ်ချပစ်မယ်ဟု ကြွေးကြော်သော်လည်း မလှုပ်မရှား ငြိမ်သက်နေကြတယ်။

ကျွန်တော် ဇူလိုင်(၂၀)ရက်မှာ တပ်ပေါင်းစုကြေညာချက် ပါတီအဖွဲ့အသီးသီးကို ခေါ်ယူရာ ကွန်မြူနစ်ရဲ့ "ဆိုရှယ်လစ်ပေါ်ပြူလာပါတီ"ကို ဖိတ်ခေါ်ခြင်း မပြုဘဲ ချန်လှပ်ထားခဲ့ပါတော့တယ်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



# (၁၄)

## ကျူးဘားသမ္မတ
## လေယာဉ်နဲ့ ထွက်ပြေးခြင်း

ဆီးယားရားတောင်ပေါ်မှာ မြူနှင်းများ အုပ်ဆိုင်းနေချိန် ဖြစ်တယ်။ အခြေခံစခန်းပြုလုပ်ပြီး လက်နက်ကိုင်တော်လှန်ရေး လုပ်ခဲ့သော ရဲဘော် ၁၂ ယောက်တို့မှ တော်လှန်ရေးကြီး အောင်မြင်စွာ မပြီးမဆုံးမချင်း မုတ်ဆိတ် ပါးမြိုင်းမွေးများ မရိတ်ဘဲ အရှည်ထားကြမယ်ဟု အဓိဋ္ဌာန် ပြုခဲ့ကြရာ တပ်သားသစ်နဲ့ အဟောင်းတို့ပါ ကျွန်တော်တို့နဲ့အတူ လိုက်လုပ်ကြသဖြင့် တော်လှန်ရေးတပ်သားများ မုတ်ဆိတ်ရှည်လျားကာ ဗိုလ်မုတ်ဆိတ်များ ဖြစ်နေကြပါတယ်။

မေလ(၅)ရက် ၁၉၅၈–ခုနှစ်မှာ စတင်ဆင်နွှဲခဲ့တဲ့ ဘာတစ္စတာ အစိုးရရဲ့ ထိုးစစ်ကြီးမှာ ကျဆုံးသူ၊ ဒဏ်ရာရသူ၊



လက်နက်ချသူ၊ ထွက်ပြေးသူနှင့် စစ်သားပေါင်း ၁၂၀၀ ခန့် ဆုံးရှုံးခဲ့ပြီး ပြိုကွဲခဲ့ပြီး ဖြစ်တယ်။

ကျွန်တော်တို့ ၁၉၅၈–ခုနှစ် ဩဂုတ်လ(၂၁)ရက်နေ့တွင် ကျွန်တော်တို့ ဘာတစ္စတာအစိုးရအဖွဲ့မှာ စိတ်ဓာတ်ကျဆင်း ဆုတ်ခွာထွက်ပြေးကြသော ရန်သူနောက်သို့ ထက်ကြပ်မကွာ လိုက်လံတိုက်ခိုက်ကြရန် တော်လှန်ရေးတပ် သူပုန်ခေါင်းဆောင်များနဲ့ တိုင်ပင်ဆွေးနွေးခဲ့ကြတယ်။

အစိုးရတပ်များ ပြိုကွဲဆုတ်ခွာနေချိန်မှာ လူနဲ့လက်နက် အင်အားများ သာလွန်နေဆဲပဲ ဖြစ်တယ်။ ဆီးယားရားတောင်မှာ ရန်သူလေယာဉ်ပျံများ လာရောက်ဗုံးကြဲတိုက်ခိုက်ရန် ခဲယဉ်းသော နေရာဖြစ်တယ်။ မြေပုံအရ ဆီးယားရားတောင်တန်းဒေသမှဆင်းပြီး မြေပြန့်ဒေသရောက်တာနဲ့ အစိုးရလေတပ်မှ အလွယ်တကူ ဗုံးကြဲတိုက်ခိုက်ကြမှာ သေချာတယ်။ ခံစစ်မှ ထိုးစစ်အဖြစ် လိုက်လံတိုက်ခိုက် ဆင်နွှဲရန်ဖြစ်တယ်။

နောက်ဆုံး တပ်မတော်သူပုန်အဖွဲ့တပ်မှူး၊ တပ်ခေါင်းဆောင်များ ပြန်လှန်ထိုးစစ်ပွဲကြီး ဆင်နွှဲရန် ဆုံးဖြတ်လိုက်ပြီး အစီအစဉ်အတိုင်း တောင်ပေါ်မှဆင်းလျက် ကာမာရွေးပြည်နယ် ဖြတ်သန်းလာကြတယ်။ ထိုတပ်ချုပ်မှာ "ချေဂွေဗားရားနဲ့ ကာမီလို"တို့ ဦးဆောင်ကြတယ်။ အင်အားနှစ်ကြောင်းနဲ့ စတင်ချီတက်ခဲ့ကြတယ်။ လက်ရွေးစင်တပ်သား ၂၅၀ ဖြင့် ချီတက်ခဲ့ကြတယ်။ ညဘက်ချီတက်သဖြင့် နေ့အချိန် အနားယူလိုက်ကြတယ်။ ရှုံမြောင်ကျောက်ဆောင်ကြားမှ စိမ့်ရေနှင့် [illegible] နေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



စက်တင်ဘာ–အောက်တိုဘာလ မိုးမကုန်ဆုံးသေး၍ ရွံ့နွံများကြားမှ ခက်ခဲကြမ်းတမ်းစွာ ဖြတ်သန်းခဲ့ပါတယ်။ တပ်သားများမှာ ပြောက်ကျားတိုက်ပွဲများတွင် လက်တွေ့နဲ့ သဘောတရားပါ တိုက်ခိုက်နိုင်သူများဖြစ်၍ ခရီးရှည်ချီတက်သော လမ်းကြောင်း၊ တရုတ်ပြည် မော်စီတုန်းရဲ့ သဘောတရားနဲ့ လက်တွေ့ကိုက်ညီအောင် ကျင့်သုံးခဲ့ပါတယ်။ ကျွန်တော်နဲ့ ချေဂွေဗားရားတို့ ပြောက်ကျားစစ်ပွဲ သေနင်္ဂဗျူဟာ သဘောများ ပိုင်နိုင်စွာ လေ့လာ၊ လက်တွေ့အသုံးချကြတယ်။

ကျွန်တော်. ကျူးဘားပြည် လက်နက်ကိုင်တော်လှန်ရေးတွင် တရုတ်ပြည်ကွန်မြူနစ်ပါတီ ခေါင်းဆောင်ကြီး မော်စီတုန်းနဲ့ ပြောက်ကျားသေနင်္ဂဗျူဟာနဲ့ နည်းပရိယာယ်များ ကြေညက်အောင် အချိန်ယူ လေ့လာခဲ့ကြတယ်။

ကျွန်တော်တို့တပ် ချီတက်ရာလမ်းကြောင်းတွင် တွေ့ရသော ရွာများတွင် တစ်ရက်၊ နှစ်ရက် အနားယူပြီး တပ်သားသစ်စုဆောင်းခဲ့တယ်။

လူထုတရားပွဲများ တစ်အိမ်ဆင်း တစ်အိမ်တက် ဆွေးနွေးပွဲများ ပြုလုပ်ပြီး အစိုးရကို တိုက်ခိုက်ရခြင်းအကြောင်းများ ရှင်းလင်းပြောပြခဲ့တယ်။

တော်လှန်ရေးအဖွဲ့ တက်လာပြီး ကျူးဘားပြည်သူလူထု စားဝတ်နေရေး စီမံပေးရန် ကတိပေးကြတယ်။

ချီတက်ရင်း တိုက်ခိုက်၊ တိုက်ခိုက်ရင်း စည်းရုံးခဲ့ကြပြီး တိုက်ပွဲတွင် လူအင်အား နည်းမသွားဘဲ တိုးပွားလာခဲ့ကြတယ်။



ကျွန်တော် ဦးဆောင်တဲ့အဖွဲ့နဲ့၊ ချေဂွေဗားရားအဖွဲ့ နှစ်ဖွဲ့ တောင်ပေါ်မှ ဆင်းလာပြီး အစိုးရတပ်များကို တရကြမ်းတိုက်ခိုက်ကြရာ အမှတ်(၁)အဖွဲ့မှာ စန်တီယာဂိုမြို့အနီး ပါးလ်မာဆိုရီယန်နီဒေသအထိ ချီတက်ရောက်ရှိလာခဲ့တယ်။

ကျွန်တော့်ညီ ရောလ်ကပ်စထရိုနဲ့ ချေဂွေဗားရားတို့မှာ အရှေ့ဘက် စစ်မျက်နှာ စစ်ကြောင်းဖွင့်ပြီး အပြင်းအထန် ထိုးစစ်ဆင်ပြီး ဖရန့်ပါယီးစ်ဒေသတွင်း အစိုးရစစ်တန်းလျား ၁၇ ခု တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့တယ်။

ကျူးဘားပြည် အလယ်ပိုင်း၊ အရှေ့ပိုင်းများ အားလုံးကို ကျွန်တော်တို့ သိမ်းပိုက်နိုင်ခဲ့ရာ နိုဝင်ဘာလတွင်မှာပင် ချေဂွေဗားရားတို့အဖွဲ့မှာ လပ်စဗီယာပြည်နယ်တစ်ခုလုံး သိမ်းပိုက်လိုက်ကြတယ်။ ကျူးဘားပြည် အရှေ့ပိုင်းနဲ့ အနောက်ပိုင်းတို့ အဆက်အသွယ် ဖြတ်တောက်ပစ်လိုက်တယ်။

ကျူးဗားပြည် အလယ်ပိုင်း အရှေ့ပိုင်းများတွင် အစိုးရတပ်တို့ကို ပြောက်ကျားနည်းနဲ့ ချောင်းမြောင်းပစ်ခဲ့ခြင်း၊ ချုံခိုတိုက်ပွဲများစွာနဲ့ အလစ်ဝင်စီးမှုများခံရပြီး ၁၉၅၈–ခုနှစ် နောက်ဆုံးရက် ဒီဇင်ဘာ(၃၁)ရက်တွင် ယာဂွာဂျေခံတပ်နဲ့ စန်တာကလရာမြို့ကို သိမ်းပိုက်လိုက်နိုင်ပါတယ်။

ထိုရက်မှာ "ဂွမ်တာနာမိုမြို့"ကို သိမ်းပိုက်ပြီး စစ်စခန်းချနေကြတယ်။

၁၉၅၉–ခုနှစ် နှစ်ဟောင်းကုန်ဆုံးပြီး နှစ်သစ်ကူးခဲ့ပါတော့တယ်။ ကျူးဘားပြည်သူတို့ စနစ်ဟောင်းချုပ်ငြိမ်းပြီး စနစ်သစ်ကူးပြောင်းခဲ့သော နေ့ထူးနေ့မြတ် ဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



နှစ်ဆန်းတစ်ရက် နံနက်(၂)နာရီ(၁၀)မိနစ်တိတိ အချိန် အာကာသရှင် ဘာတာစ္စတာမှာ ကျူးဘားပြည် လေယာဉ်ကွင်းတစ်ကွင်းမှ လေယာဉ်တစ်စင်းနဲ့ တခြားနိုင်ငံ တစ်နိုင်ငံသို့ ထွက်ပြေးခဲ့ပါတယ်။

ဆီးယားရားတောင်ပေါ်ဒေသတွင် လူ ၁၂ ယောက်၊ လက်နက် ၁၂ လက်နဲ့ ကျွန်တော်တို့ တပ်မတော်သူပုန်အဖွဲ့ကြီး အရှိန်အဟုန် ကြီးမားစွာနှင့် တိုက်ခိုက်ချေမှုန်းမှုကြီး ပြီးဆုံးသွားခဲ့လေပြီ။

နှစ်ဟောင်းချုပ်ငြိမ်း စနစ်ဟောင်းပျက်ပြုန်းခဲ့တဲ့နောက် နှစ်သစ်ဆန်းပြီး စနစ်သစ် လန်းခဲ့ပါတယ်။

ဆီးယားရားဒေသ တောင်ပေါ်တန်းများ တစ်လျှောက်မှာ အောင်နိုင်ခြင်းအလံများ တလွင့်လွင့် ရှိနေတယ်။

ကျူးဘားကျွန်းတစ်ခုလုံး လူအများမှာ စိတ်လှုပ်ရှား ဝမ်းမြောက် ဂုဏ်ယူနေပါတော့တယ်။

❀ ❀ ❀



(၁၅)

## ကပ်စတရိုနဲ့ ထောက်ခံသူများ

တစ်ကမ္ဘာလုံး အံ့သြမဆုံး ဖြစ်ကုန်ကြတယ်။ မြန်ဆန်တဲ့ တော်လှန်ရေးကြီးတစ်ခုအဖြစ် အသိအမှတ်ပြုခဲ့ကြတယ်။ ကျွန်တော်တို့ အောင်ပွဲခံပြီး ပထမဆုံးလုပ်ရမယ့် အလုပ်မှာ တိုင်းပြည်အခြေအနေ ပုံမှန်အတိုင်း ပြန်လည်တည်ဆောက်ရန်နဲ့ ထိန်းသိမ်းထားနိုင်ရန် ဖြစ်ပါတယ်။

ကျွန်တော်တို့ မြို့ရွာများအားလုံး တိုက်ခိုက်သိမ်းပိုက်ချိန် အစ်ဘက်နယ်ဘက်မှ အရာရှိဆိုးများကို အငြိုးအတေးကြီးစွာ ဒေါသနဲ့ လက်စားချေရန် ကြိုးပမ်းကြတယ်။ တရားဥပဒေစိုးမိုးရေးနဲ့ ဖမ်းဆီးအရေးယူပြီးမှသာ ခိုင်လုံတဲ့ စုံစမ်းစစ်ဆေးပြီးမှ ထိုက်သင့်သလို အပြစ်ဒဏ်ပေးရန် လိုတယ်လို့ ပြောခဲ့တယ်။

လူစုလူဝေးနဲ့ အရာရှိဆိုးများကို ဖမ်းဆီးသတ်ဖြတ်ကြမှုများကို ကျွန်တော် အတတ်နိုင်ဆုံး ထိန်းသိမ်းခဲ့ရတယ်။ ဖမ်းဆီး

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရတယ်။ ဖက်ဆစ်အရာရှိဆိုးများကို ရာဇဝတ်ကောင်များအဖြစ် ဖမ်းဆီးအရေးယူရတယ်။ ပြည်သူ့ခုံရုံးများ ဖွဲ့စည်းကာ တရားဥပဒေအရ စစ်ဆေးအပြစ်ပေးစေခဲ့တယ်။ ပြစ်မှုထင်ရှားသူမှ ထောင်ဒဏ်၊ သေဒဏ် အပြစ်ပေးခဲ့ကြပါတယ်။

ကျွန်တော်တို့ လက်စားချေလိုစိတ်နဲ့ တရားလက်လွှတ် ပြုကျင့်မှုများ မဖြစ်စေရန် ဆောင်ရွက်ခဲ့လည်း တော်လှန်ရေးအဖျက်သမားများမှ လူသတ်သမားအစိုးရ၊ သွေးတော်နေတဲ့ လူတစ်စုဆိုပြီး သတင်းလွှင့်ခဲ့တယ်။

အမေရိကန်သတင်းစာတို့မှ ကျွန်တော်တို့ ကျူးဘားပြည်မှာ သွေးချောင်းစီးနေပြီဟု ရေးသားခဲ့ပါတယ်။

ထောင်ဒဏ်၊ သေဒဏ်များ အပြစ်ပေးရသူတွေမှာ တစ်ချိန်က ဖက်ဆစ်အာဏာရှင် ဘာတစ္စတာအစိုးရ လက်ထက် ပြည်သူလူထုအပေါ် အစွမ်းကုန် နှိပ်စက်ခဲ့ကြသူများ ဖြစ်တယ်။

သူတို့လက်အောက် လူပေါင်းနှစ်သောင်းမှာ အသက်သေဆုံးခဲ့ကြတယ်။ အာဏာရှင်အစိုးရနဲ့ လူများမှာ ကိုယ့်တရားကိုယ်စီရင်ကြမည့် အသွင်အမျိုးမျိုးနဲ့ ပြစ်ဒဏ်ခံခဲ့ရပြီဖြစ်တယ်။

တရားဥပဒေအရ ခုံရုံးများဖွဲ့ပေးပြီးနောက် ရာဇဝတ်ကောင်တို့မှာ (၇၀၀)ခန့်သေဒဏ်ပေးခံရပြီး လူပေါင်း ၂၅၀၀ ခန့် ဖမ်းဆီးချုပ်နှောင်ခံရပြန်တယ်။

ကျွန်တော်တို့ တော်လှန်ရေးအစိုးရ အာဏာရလာသောအခါ ယခင်အစိုးရလက်ထက်မှ ဗျူရိုကရက်အရာရှိများ၊ စစ်ဗိုလ်များ၊ ခြစားခဲ့သော အမှုထမ်း၊ အရာထမ်းများ စနစ်တကျ စုံစမ်းဖယ်ထုတ် ဖမ်းဆီးလိုက်ပါတယ်။



တော်လှန်ရေးတပ်မတော်ကြီးမှာ ပြည်သူလူထုကို ကျေးဇူးရှင်မိဘများသဖွယ် ချစ်ခင်လေးစားခဲ့ကြတယ်။

၁၉၅၉–ခုနှစ်ကို ကျူးဘားပြည်သူများက "လွတ်မြောက်ရေးနှစ်"လို့ ခေါ်ဝေါ်ကြတယ်။ ကျွန်တော်တို့ လွတ်မြောက်ရေးနှစ်မှာ ယခင်အစိုးရလက်ထက်တွင် အဖတ်ဆယ်မရခဲ့သော ကျန်းမာရေး၊ ပညာရေးတို့မှ စတင်ခဲ့တဲ့ လူမှုဒုက္ခအပေါင်းတို့ကို လွတ်မြောက်အောင် လုပ်ပေးခဲ့တယ်။

ချွတ်ခြုံကျနေသော စီးပွားရေးလုပ်ငန်းနှင့် အကျပ်အတည်းမှ လွတ်မြောက်အောင် ကြိုးပမ်းခဲ့တယ်။ ကျွန်တော် စီးပွားရေးလုပ်ငန်းရှင်အချို့ထံမှ ပြည်သူပိုင်သိမ်းတယ်၊ လွတ်မြောက်ရေးလုပ်ငန်းကို ထိရောက်စွာ အကောင်အထည်ဖော်ရန် ပြည်သူ့အကျိုးစီးပွားကို အခြေခံပြီး တော်လှန်ရေးအစိုးရအဖွဲ့ ခိုင်မာစွာ ဖွဲ့စည်းတည်ဆောက်တယ်။

၁၉၅၉–ခုနှစ် ဇန်နဝါရီ(၁)ရက်နေ့ အောင်ပွဲခံပြီးနောက် ဇန်နဝါရီလ(၂)ရက်နေ့မှာ ဒေါက်တာ"အာရုတီးယား"ကို သမ္မတအဖြစ် ခန့်အပ်ခဲ့ပါတယ်။

ကျွန်တော် ဇန်နဝါရီ(၂၃)ရက်နေ့မှာ "ဗင်နီဇွဲလား"နိုင်ငံကို သွားခဲ့တယ်။ ဗင်နီဇွဲလားနိုင်ငံမှာ ကျူးဘားတော်လှန်ရေးကို ထောက်ခံအားပေးခဲ့ကြသော ပြည်သူများကို ကျေးဇူးတင်မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့တယ်။

နယ်ချဲ့စနစ်လက်အောက်မှာ ကျွန်သဘောက်အဖြစ် ကျရောက်နေခဲ့ကြသော လက်တင်အမေရိကန်တိုင်းပြည်များမှ ပြည်သူအချင်းချင်း သွေးစည်းညီညွတ်ရေးကို လှုံ့ဆော်ခဲ့ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မတ်လ(၈)ရက်နေ့မှာ "ဟားဗားနားမြို့တော်" ကိုရောက်ပြီး မိန့်ခွန်းပြောကြားခဲ့တယ်။ ဖက်ဆစ်အာဏာရှင်လက်ထက် တိုင်းပြည်ဘဏ္ဍာငွေများ အလွဲသုံးစားလုပ်ပြီး ကြီးမားသော စစ်အသုံးစရိတ်ကြောင့် ပြည်သူတို့ နလန်မထူအောင် မွဲတေခဲ့ရတယ်။

ကျွန်တော်တို့လက်ထက်မှာ စစ်ဘက်၊ ပုလိပ်တပ်များ လျှော့ချပစ်ပါမယ်။ စစ်တန်းလျားများစွာကို စာသင်ကျောင်းများ အဖြစ် ပြုပြင်ပြောင်းလဲလိုက်ပါမယ်ဟု ပြည်သူ့ထံ ပြောခဲ့တယ်။

ပြောသည့်အတိုင်း ဖေဖော်ဝါရီလ(၁၆)ရက်နေ့မှာ အရေးတော်ပုံကြီးစတင် ဖြစ်ပွားခဲ့သော "မွန်ကားဒါး"စစ်စခန်းကြီးမှ စစ်တန်းလျားများအားလုံးကို စာသင်ကျောင်းများအဖြစ် ပြောင်းလဲပစ်ရေး စီမံကိန်းအရ နေ့ချင်း ညချင်း ပြောင်းလဲပေးလိုက်ပါတယ်။

ကျွန်တော် ကိုလံဘီယာတပ်စခန်းတွင် ဟာဗားနားမြို့သူမြို့သားများနဲ့ ရင်းရင်းနှီးနှီး တွေ့ဆုံစဉ် "ရဲဘော်မှတ်ဆိတ်"ဟု ပြည်သူတို့ ဆီးကြိုနှုတ်ဆက်သံများ ကြားယောင်မိ၍ တစ်ခါဖူးမျှ မခံစားရဖူးသော ဝမ်းသာခြင်းမျိုးနဲ့ တွေ့ကြုံခဲ့ရပါတယ်။



(၁၆)

## ဝန်ကြီးချုပ် ကပ်စထရိုနဲ့ ကျူးဘား

ဖေဖော်ဝါရီလ(၁၆)ရက်နေ့မှာ ကျွန်တော် ကျူးဘားပြည်တော်လှန်ရေးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ရာထူးကို တရားဝင် လက်ခံယူခဲ့ပါတယ်။

တစ်တိုင်းပြည်လုံး အခွန်အခများကို ငါးဆယ်ရာခိုင်နှုန်း လျှော့ချပစ်လိုက်သဖြင့် အိမ်ထောင်ပေါင်း နှစ်သိန်းငါးသောင်းခန့်မှာ သက်သာချောင်ချိခဲ့ရတယ်။

ကျွန်တော် ကျူးဘားစားဝတ်နေရေး၊ လူမှုသက်သာချောင်ချိရေးနဲ့ ပြည်တွင်းရေးများကို ဆောင်ရွက်လုံးပမ်းခဲ့လည်း နားလည်မှုလွဲမှားနေကြသော နိုင်ငံခြားတိုင်းပြည်တို့မှာ ကျူးဘားတော်လှန်ရေးအစိုးရထံ နည်းမျိုးစုံ၊ သတင်း၊ ဂျာနယ်၊ မဂ္ဂဇင်းတို့မှ ပုတ်ခတ်နေဆဲပင် ဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၅၉–ခုနှစ် ဧပြီလ(၂၀)ရက်တွင် ကျွန်တော် အမေရိကန်ပြည်သို့ ကိုယ်တိုင်သွားရောက်ပြီး နယူးယောက်မြို့ ဗဟိုပန်းခြံကြီးအတွင်းမှာ လူထုတရားပွဲ ကျင်းပရာ လူလေးသောင်းခန့် လာရောက်နားထောင်ခဲ့ကြတယ်။

ကျွန်တော်တို့ရဲ့ တော်လှန်ရေးအစိုးရမှ နိုင်ငံခြားရေးပေါ်လစီကို တိတိလင်းလင်း ဖွင့်ချရှင်းလင်းခဲ့တယ်။

အမေရိကန်ပြည်တွင် အမေရိကန်အမျိုးသားများ၊ လက်တင်အမေရကတိုက်များမှ အမေရိကန်ပြည်ထဲ အခြေစိုက်နေထိုင်ကြသူ လက်တင်အမေရိကန် အဆက်အနွယ်များပါ ဝင်နားထောင်ခဲ့ကြတယ်။

ကျူးဘားတော်လှန်ရေးအစိုးရမှာ အဘက်ဘက် အောက်တန်းကျနေခဲ့သဖြင့် ဘဝသစ် တည်ထောင်ရန် ကမ္ဘာပေါ်ရှိ တိုင်းပြည်အများအပြားနဲ့ မိတ်ဆွေဖြစ်ရန် အသင့်ရှိနေပါတယ်။ တခြားတိုင်းပြည်များထံ ကျူဘားအစိုးရမှ ကျူးကျော်ရန်စရန် စိတ်ကူးမရှိခဲ့ပါ။ ကျူးကျော်ခဲ့လျှင် တစ်ယောက်မကျန် ခုခံတွန်းလှန်ရန် အဓိဋ္ဌာန်ချခဲ့ပါတယ်။ ကျွန်တော် ဗဟိုပန်းခြံကြီးအတွင်းမှာ လူထုတရားပွဲ ဟောပြောနေစဉ် လူထုပရိသတ်မှာ ကျူးဘားတော်လှန်ရေးအလံများ ဝှေ့ယမ်းပြီး ဟစ်အော်ခဲ့ကြပါတယ်။

ကျွန်တော် အမေရိကန်ပြည်ရှိ တက္ကသိုလ်ကျောင်းများသို့ သွားရောက်ကာ ကျူးဘားပြည်အခြေအနေ ရှင်းလင်းပြခဲ့တယ်။ ရုပ်မြင်သံကြားမှာ အမေရိကန်တစ်ပြည်လုံးထံ မိန့်ခွန်းများပြောကြားခဲ့တယ်။



ကျွန်တော် အမေရိကန်သို့ ကိုယ်တိုင်လာရောက်ခဲ့သဖြင့် ခေါင်းဆောင်ပိုင်းတချို့မှာ အကူအညီတောင်းခံရန် ကြိုးစားနေသည်ဟု ထင်မှတ်ခဲ့ကြတယ်။ ကျွန်တော် ဝါရှင်တန်မြို့ အမျိုးသားသတင်းစာကလပ်မှာ တစ်ဦးနဲ့တစ်ဦး နားလည်မှု ကိုယ်ချင်းစာနာမှုကိုသာ လိုပါတယ်။ လာရောက်ကြသူတွေများမှာ သူတို့ ယုံကြည်ချက်ကို ရောင်းစားလိုက်ကြတယ်။ ငွေလိုချင်တာအဓိကအဖြစ် လာခဲ့ကြတယ်။ ကျွန်တော်တို့ ဒီလိုလူစားမျိုးထဲမှာ မပါဘူးဟု အမေရိကန်သတင်းစာကလပ်မှ ပြောခဲ့ပါတယ်။

ကျွန်တော် ဧပြီလ(၃၀)ရက်နေ့တွင် အာဂျင်တီးနားပြည်၊ ဗြူနိုအဲရစ်မြို့၌ အမေရိကန်(၂၁)ပြည်ထောင်တို့ ကော်မတီအစည်းအဝေးသို့ တက်ရောက်ခဲ့တယ်။

ဘရာဇီးပြည် ဥရုဂွေးနဲ့ ရီအိုဒီဂျနေရိုမြို့များသို့ သွားရောက်လည်ပတ်ရာ ကျူးဘားနိုင်ငံ သံတမန်ချစ်ကြည်ရေးများကို ဆောင်ရွက်ခဲ့ပါတယ်။

၁၉၅၉–ခုနှစ်၊ မေလ(၁၇)ရက်နေ့မှာ မြေရှင်စနစ်ကိုဖျက်သိမ်း၍ "လယ်ယာမြေတော်လှန်ရေးဥပဒေ"ကို စတင် ဖော်ဆောင်ခဲ့တယ်။

လယ်ယာမြေတော်လှန်ရေးဥပဒေကို အိုရီယန်ကေပြည်နယ်၊ လာပလပ်တာဒေသတွင် စတင် လက်တွေ့အကောင်အထည်ဖော်ကြရာ လယ်မြေကေပေါင်း ခြောက်သန်းခွဲတို့ကို လယ်သမားများ သိမ်းလက်တွင်း စနစ်တကျ ခွဲဝေပေးခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



လယ်သမားတို့မှာ အနှစ်နှစ် အလလက အမြစ်တွယ်နေသော မြေရှင်စနစ်ကို အမြစ်မကျန် တူးဖော်ပစ်ခဲ့လို့ ဝမ်းမြောက်ချမ်းသာစွာ ရှိနေကြတယ်။

သားစဉ်မြေးဆက် လက်ခံကျင့်သုံးခဲ့ကြသော စနစ်ဟောင်း အယူအဆဟောင်းများ နှံ့းလည်သဘောပေါက်ခဲ့တယ်။

လယ်လုပ်သူ လယ်ပိုင်ရေးကို အခြေခံသော မြေယာတော်လှန်ရေး၊ လယ်ယာမြေတော်လှန်ရေးဥပဒေကို လာပလပ်တာဒေသမှာ တွေ့မြင်ခံစားခဲ့ကြပြီဖြစ်တယ်။

ယခင်မှ ကျူးဘားပြည် မြေရှင်များပူးပေါင်းပြီး လက်ဝါးကြီးအုပ် ခြယ်လှယ်နေခဲ့ကြသော တိုင်းရင်းသားလက်ဝေခံ အရင်းရှင်များနဲ့ နိုင်ငံခြားအရင်းရှင်များမှ ကျွန်တော်၏ မြေယာတော်လှန်ရေးဥပဒေကြီးကို နည်းမျိုးစုံနဲ့ ဖျက်ဆီးကြံစည်ခဲ့ကြဖူးတယ်။

အမေရိကန်အရှင်းတို့မှာ ကျူးဘားပြည် လယ်ကေမြောက်မြားစွာ ပိုင်ဆိုင်နိုင်ခဲ့၍ ကျူးဘားလယ်သမားထံမှ ဒေါ်လာသန်းပေါင်းများစွာ နှစ်စဉ် အမြတ်ထုတ် သွေးစုပ်ခဲ့သူများ ဖြစ်တယ်။

ကျွန်တော်တို့ကို အမေရိကန်တို့မှ ဒေါ်လာများပြသကာ ဝယ်ယူရန် ကြိုးစားခဲ့လည်း သူတို့ထံမှ ကူညီထောက်ပံ့မှုတို့ကို ပြတ်သားစွာ ဆန့်ကျင်ပြီး မြေယာတော်လှန်ရေး လမ်းစဉ်ကို အကောင်အထည်ဖော်လိုက်တယ်။

အမေရိကန်အရင်းရှင် ကိုယ်စားပြုနေသော အမေရိကန်အစိုးရမှာ ကျွန်တော်တို့ ကျူးဘားအစိုးရထံ ဆန့်ကျင်တိုက်ခိုက်လာခဲ့တယ်။



အမေရိကန်သတင်းစာများမှ သွေးငတ်နေသော ကပ်စထရိုနဲ့ နောက်လိုက်များက ကျူးဘားပြည်သူများကို ထင်သလို သတ်ကုန်ကြပြီဟူ၍ ထိတ်လန့်အောင် ပုံကြီးချဲ့ ရေးသားနေကြတယ်။ မြေယာတော်လှန်ရေးဥပဒေကို လက်တွေ့အကောင်အထည်ဖော်ဆောင်စဉ် ပိုမိုစွပ်စွဲ ရေးသားခဲ့ကြပြန်တယ်။

စပ်ကူးမတ်ကူးကာလအတွင်း အခက်အခဲတို့ကို ပုံကြီးချဲ့ဖော်ပြကြတယ်။ ကျွန်တော် အရင်းရှင်စီးပွားရေးစနစ် ဖျက်သိမ်းသည့်အတွက် ငွေရှင်ကြေးရှင် အထက်တန်းလွှာ ကုန်သည်ကြီးများမှ မကျေမနပ် ဖြစ်ကြသည်ကို ကျူးဘားပြည်သူလူထု မကျေမနပ်ဟန်နဲ့ ရေးသားလုပ်ကြံခဲ့တယ်။

မြေယာတော်လှန်ရေးဥပဒေကို အတည်ပြုချိန် ကျွန်တော်တို့မှာ လက်ဝဲဘက် သိသာထင်ရှားစွာ ရောက်နေတယ်ဟု ရေးလာပြန်တယ်။ ကျွန်တော်တို့ ကွန်မြူနစ်လမ်းစဉ် ကျင့်သုံးများအဖြစ် အတိအလင်း တံဆိပ်ကပ်လာခဲ့တယ်။

သူတို့သတင်းစာများမှာ စာလုံးကြီးကြီးများဖြင့် ထင်ရှားအောင် ရေးသားစွပ်စွဲခဲ့ကြတယ်။ ကျွန်တော်တို့ ပြည်တွင်းပြည်ပမြေရှင်အရင်းရှင်ကြီးများတို့ရဲ့ တိုက်ခိုက်ဖျက်ဆီးခြင်းကို ကြုံတွေ့ရပြီး ရှေးဟောင်းအယူအဆရှိသူများ၊ စနစ်ဟောင်းအတိုင်းဆုပ်ကိုင်ထားလိုသူများနဲ့လည်း ရင်ဆိုင်ဖြေရှင်းခဲ့ရတယ်။

ကျူးဘားပြည်တွင် ဖက်ဆစ်အာဏာရှင် ဘာတစ္စတာအစိုးရကို တော်လှန်ဆန့်ကျင်ကြသော အင်အားစုများအတွင်း အခြေခံ အယူအဆကိုယ်စီ ရှိကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



အရင်းရှင် ဒီမိုကရေစီဝါဒ၊ လစ်ဘရယ်ဝါဒတို့ကို နှစ်သက်ကြသူတွေ ရှိတယ်။ ရှေးဟောင်းအစဉ်အလာ ကွန်ဆာဗေးတစ်ဝါဒသမားများလည်း ရှိကြရာ ဖက်ဆစ်အာဏာရှင်စနစ်ကို ဆန့်ကျင်၍ တူညီသော ရည်မှန်းချက်၊ တူညီသောလုပ်ငန်းစဉ်နဲ့ တပ်ပေါင်းစုဖွဲ့ကာ လုပ်ဆောင်တိုက်ခဲ့ကြတယ်။ ကျွန်တော်တို့ တော်လှန်ရေးအစိုးရတက်ချိန် မတူသော အယူအဆ၊ ခံယူချက်ရှိသူ အယူဝါဒသမားတို့ ထွက်ပေါ်လာခဲ့တယ်။

အရင်းရှင်မြေရှင်စနစ် အပြီးတိုင် ဖျက်သိမ်းပစ်ချင်သော အင်အားနဲ့ အရင်းရှင် မြေရှင်စနစ်ကို လုံးဝမဖျက်သိမ်းဘဲ ကန့်သတ်ချက်ဖြင့် ခွင့်ပြုထားစေချင်သော အင်အားစုများ တော်လှန်ရေးအစိုးရအဖွဲ့ဝင်အတွင်း ငြင်းခုန်လာခဲ့ကြတယ်။

သမ္မတအာဂုတီးယား ခေါင်းဆောင်သော အင်အားစုမှာ "ကွန်ဆာဗေးတစ်"များ ဖြစ်ကြတယ်။ ကျွန်တော်နဲ့ တော်လှန်ရေးရဲဘော်တို့မှာ တိုးတက်သော အင်အားစုအဖြစ်နဲ့ သမ္မတအာဂုတီးယားမှ ဆန့်ကျင်လာခဲ့ကြတယ်။

သမ္မတ၊ ခေါင်းဆောင်ကြသူများ၊ အမေရိကန်အရင်းရှင်သတင်းစာများ ပုတ်ခတ်စွပ်စွဲချက်ကို နားယောင်လာကြတယ်။

တော်လှန်ရေးအစိုးရတွင် အင်အားနှစ်စု ပဋိပက္ခပြင်းထန်လာပြီး ၁၉၅၉ ခုနှစ်၊ ဇူလိုင်လ(၁)ရက်နေ့တွင် ကျွန်တော် ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်စာတင်လိုက်တယ်။

ကျွန်တော် ဇူလိုင်(၂)ရက်မှာ ကျူးဘားအသံလွှင့်ဌာနမှနေပြီး ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ခြင်းအကြောင်း ပြောလိုက်တယ်။



ကျူးဘားပြည်သူတို့မှ ကျွန်တော် နုတ်ထွက်စာတင်သည်နဲ့ တော်လှန်ရေးအဖွဲ့ဝင်တို့ အရေးပေါ်အစည်းအဝေး ခေါ်လိုက်တယ်။ အစည်းအဝေးမှ သမ္မတ ဒေါက်တာအာဂုတီးယားရဲ့ ခေတ်နောက်ကျနေသော အတွေးအခေါ်များကို အပြင်းအထန်ဆွေးနွေးကြရာ ထိုနေ့မှာပင် သမ္မတရာထူးမှ ဒေါက်တာအာဂုတီးယား နုတ်ထွက်လိုက်ရတော့တယ်။

❀ ❀ ❀

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



## (၁၇)

## စီအိုင်အေ အရှုပ်တော်ပုံထဲက ကချင်ဘား

BURMESE CLASSIC .com

ကျွန်တော် "အရေးတော်ပုံနှစ်ပတ်လည် အထိမ်းအမှတ် အခမ်းအနားကြီး"တွင် ရာထူးနုတ်ထွက်စာ ပြန်လည်ရုပ်သိမ်းခဲ့ပါတယ်။

ထိုနေ့ ၁၉၅၉–ခုနှစ် ဇူလိုင်လ(၂၆)ရက်နေ့မှာ ကချင်ဘား ပြည်သူလူထုတစ်သန်း တဆော်ရောက်ခဲ့ကြတယ်။

ကျွန်တော် အတွေ့အကြုံ သင်ခန်းစာယူပြီး တော်လှန်ရေး အစိုးရအဖွဲ့အတွင်း ဖောက်ပြန်သူ၊ ယိမ်းယိုင်နေသူ၊ အတွေး အခေါ် ခေတ်နောက်ပြန်ဆွဲသူများ ဖယ်ရှားပစ်လိုက်တယ်။

သမ္မတသစ်အဖြစ် "ဒေါ်တီကိုစ"ကို ခန့်အပ်ခဲ့တယ်။ သမ္မတသစ်မှာ တော်လှန်ရေးကို စဉ်ဆက်မပြတ် သစ္စာရှိစွာ တာဝန်ထမ်းခဲ့သော မျိုးချစ်ပုဂ္ဂိုလ်ကြီး ဖြစ်တယ်။



အရိုးသားဘဏ်ကြီးမှ ဥက္ကဋ္ဌ ဖီလစ်ပါဇော နေရာကို ဖယ်ရှားပြီး ရဲဘော်ချေဂွေဗားရားကို ခန့်အပ်လိုက်တယ်။

တော်လှန်ရေးရဲ့ ရန်သူများကို ရန်သူလို ပြတ်ပြတ်သား သား ဆန့်ကျင်ဖယ်ရှားခဲ့တယ်။

ကချင်ဘားတော်လှန်ရေးရဲ့ ရန်သူများ ဖောက်ပြန်ရေးသမား များကြားမှ ကျွန်တော်တို့ လွတ်မြောက်အောင် ရုန်းကန်ခဲ့တယ်။

ကျွန်တော်တို့ကို သေနတ်မောင်းဖြုတ်သူ မှန်သမျှကို ပြန် ပြီး သေနတ်မောင်းဖြုတ်ပစ်ရမှာပါ။ မိတ်ဆွေလို သဘောမပါ၊ နောက်ကျော ဓားထိုးကြတဲ့ သူတွေကို သိက္ခာရှိရှိနဲ့ ရင်ဆိုင်ဖြေ ရှင်းရမယ်ဆိုတာ ကျွန်တော်တို့ သိရှိပါတယ်။ နားလည်ပါတယ်။

တော်လှန်ရေးကြီးတွင် ရန်သူကို ရန်သူလို သဘောထား ပြီး ပြတ်ပြတ်သားသားရှိရန်မှာ အရေးကြီးတယ်။

၁၉၆၀ ပြည့်နှစ်၊ ဇန်နဝါရီလဆန်းပိုင်းအတွင်း အမေရိကန် အစိုးရနဲ့ ကချင်ဘားတော်လှန်ရေးအစိုးရတို့ ပိုမိုပြီးပဋိပက္ခတွေ ကြီးမားကာ ဆက်ဆံရေး တင်းမာလာခဲ့တယ်။ အမေရိကန်တို့ ကချင်ဘား သကြားတန်ချိန် ခုနစ်သိန်း လျှော့ပစ်ပြီးဝယ်ရန် ပြော သဖြင့် ကချင်ဘားအစိုးရမှ အမေရိကန်အရင်းရှင်တို့ ပိုင်ဆိုင်သော စီးပွား ရေးလုပ်ငန်းများကို ပြည်သူပိုင်သိမ်းပိုက်ခဲ့တယ်။

အမေရိကန်အစိုးရ လက်အောက်ခံဌာန တစ်ခုဖြစ်သော စီအိုင်အေမှာ ကချင်ဘားပြည်တွင်းရေးမှာ ဝင်ရောက်စွက်ဖက်ရန် ပြင်ဆင်ကြတော့တယ်။ စီအိုင်အေအဖွဲ့ကြီးမှာ အမေရိကန်အစိုးရ လက်အောက်ခံ ဌာနတစ်ခု ဖြစ်သော်လည်း အမေရိကန်အစိုးရ ထက်ပင် တန်ခိုးကြီးသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



စီအိုင်အေမှာ ဒုတိယကမ္ဘာစစ်အတွင်းက သူတို့ပိုင်ဆိုင်တဲ့ လက်နက်တို့နဲ့ စစ်တပ်အာဏာသိမ်းပွဲ၊ နိုင်ငံရေးအာဏာ လုပွဲ၊ လုပ်ကြံမှုပေါင်းများစွာကို ပြုလုပ်ခဲ့သည်မှာ အမေရိကန် အစိုးရတို့ပင် မသိလိုက်ဘဲ ဖြစ်ခဲ့ဖူးတယ်။

စီအိုင်အေမှာ အမေရိကန်ကို ရောက်နေတဲ့ အစိုးရ ဆန့်ကျင်ရေးသမားတို့ကို စည်းရုံးသိမ်းသွင်းပြီး တောင်ဘက်စွန်းမှ ကျူးဘားကျွန်းနဲ့ အနီးဆုံး ဖလော်ရီဒါပြည်နယ်ရှိ ဥယျာဉ်ခြံကြီးအတွင်း စစ်ရေးလေ့ကျင့်မှုသင်တန်းများ ပေးခဲ့တယ်။

ထိုသင်တန်းတွင် ကုန်ကျစရိတ်များကို စီအိုင်အေနဲ့ ကျူးဘားအရင်းရှင်ကြီးများ ပက်စပ်လုပ်ငန်းကုမ္ပဏီကြီးတို့မှ လိုအပ်သမျှငွေကို ထောက်ပံ့ကူညီပေးကြတယ်။

ကျူးဘားတန်ပြန်တော်လှန်ရေးသမားများကို "ဂွာတီမာလာပြည်"မှာလည်း စစ်သင်တန်းပေးကြတယ်။

ထိုဂွာတီမာလာမှာ လက်တင်အမေရိကန် တိုင်းပြည်တစ်ပြည်ဖြစ်၍ အမေရိကန်ကို မှီခိုအားထားနေရသူများ ဖြစ်တယ်။

အမေရိကန်တို့ရဲ့ ကြီးနိုင်ငယ်ညှဉ်းမှု လုပ်ရပ်ကြောင့် ဂွာတီမာလာနိုင်ငံမှာ ကျူးဘားနဲ့ သံတမန်အဆက်အသွယ် ဖြတ်ရပြီး ကျွန်တော်တို့ကို ဖြုတ်ချရန် စစ်သင်တန်းနဲ့ စခန်းများ၊ လေယာဉ်ကွင်းများကို ဆောက်လုပ်ပေးခဲ့ရတယ်။

ကျွန်တော်တို့ အမေရိကန်မှာ စီအိုင်အေတို့ ကြံစည်သမျှကို သိရှိနေကြသဖြင့် မတုန်မလှုပ်ခဲ့ကြပါ။



စီအိုင်အေမှာ ကျူးဘားပြည်ကို တိုက်ခိုက်သိမ်းပိုက်တော့မည့်ရက် နီးကပ်လာချိန်မှာ တပ်ကို အုပ်ချုပ်ကွပ်ကဲရန် ဦးစီးခေါင်းဆောင် တင်မြှောက်ရန် ပုဂ္ဂိုလ်တစ်ဦး လိုအပ်လာခဲ့တယ်။

စီအိုင်အေမှာ ပြည်သူ့တော်လှန်ရေးလှုပ်ရှားမှု အင်အားစုရဲ့ ခေါင်းဆောင် အန်တိုနီယိုရေးမှာ တန်ပြန်တော်လှန်ရေးတပ်ကြီးရဲ့ တပ်မှူးအဖြစ် လျာထားခဲ့တယ်။ အန်တိုနီယိုမှာ ကျွန်တော်တို့ အစိုးရအဖွဲ့တွင် ပြည်သူ့လုပ်ငန်းဆိုင်ရာဝန်ကြီးတစ်ဦး ဖြစ်ခဲ့ဖူးတယ်။ စီအိုင်အေမှာ အန်တိုနီယိုကို စိတ်မချ၊ ဖောက်ပြန်ပြောင်းလဲသွားနိုင်သူ ဖြစ်သွားမှာစိုးရိမ်ပြီး စစ်သားဟောင်း အာတိုင်းကို ဦးစီးခေါင်းဆောင် ခန့်လိုက်တယ်။ အာတိုင်းမှာ အသက်(၂၉)နှစ်ခန့်သာ ရှိသေးတယ်။

တန်ပြန်တော်လှန်ရေးတပ်ကို အင်အား ၁၅၀၀ ခန့်နှင့်ဖွဲ့စည်းပြီး လူသစ်များ အစားထိုးခန့်သူများတွင် ဗိုလ်ကြီးဂိုမန်ပါလာခဲ့ရာ အင်အား ၁၅၀၀ အတွင်းမှ အင်အား ၂၀၀ ခန့်မှာ ဗိုလ်ကြီးဂိုမန်ကို ကန့်ကွက်လာပြီး အာဏာဖီဆန်လာတော့တယ်။ ဂိုမန်မှာ ယခင် ဘာတစ္စတာ အစိုးရဘက်တော်သားတစ်ဦးဖြစ်၍ လူဟောင်းများမှ ဂိုမန်အုပ်ချုပ်မှု လက်သင့်မခံနိုင်ဟု အကြောင်းပြလာတယ်။ စီအိုင်အေမှာ အမှိုက်ကစ ပြဿဒ်မီးလောင်မှာ စိုးရိမ်ပြီး လူ ၂၀၀ ခန့်ကို ဖမ်းချုပ်လိုက်ကြတယ်။

အဖမ်းမခံဘဲ ထွက်ပြေးလွတ်မြောက်ကုန်ကြတယ်။ စီအိုင်အေမှာ ကျူးဘားပြည်အစိုးရကို တိုက်ခိုက်ရန်အတွက် တပ်[illegible] ဗိုလ်လုပွဲများနဲ့ ရင်ဆိုင်နေရပြီ။ အမေရိကန်အစိုးရ ကင်နေဒီကို

www.burmeseclassic.com

www.burmeseclassic.com



ကျူးဘားပြည်တိုက်ခိုက်ချေမှုန်းရေးအစီအစဉ် ရေးဆွဲပြီးစီးကြောင်းနှင့် အောင်မြင်မှုလမ်းစများစွာ ရှိနေကြောင်း အစီရင်ခံခဲ့တယ်။

စီအိုင်အေမှာ သမ္မတ အိုင်ဆင်ဟောင်ဝါ လက်ထက်တွင်းမှာပင် ကျူးဘားပြည်သိမ်းပိုက်ရေး ချမှတ်ခဲ့သူ ဖြစ်တယ်။

သမ္မတသစ် ကနေဒီမှာ ကျူးဘားပြည်တိုက်ခိုက်ရေးကို ထပ်မံအတည်ပြုခဲ့တယ်။

ကနေဒီမှာ အမေရိကန်ပြည်သူနဲ့ ကမ္ဘာ့ပြည်သူများရဲ့ အလယ်မှာ ပွပွရွှေးရွှေး သမ္မတသစ်ဖြစ်၍ နာမည်ကောင်းရရှိရန် အစွမ်းကုန် ပါဝင်လာတယ်။

သို့သော် သမ္မတသစ်မှာ ကျူးဘားအရေးတွင် နိုင်ငံတကာအလယ်မှာ သိသာသိစေ မမြင်စေ ဆိုစကားနဲ့ တန်ပြန်တော်လှန်ရေးသမားတို့ကို အမေရိကန်လေတပ်ကို မသုံးစွဲရန်၊ ဂွါတီမာလာပြည်ရှိ အမေရိကန်လေတပ်စခန်းမှ လေယာဉ်တို့ကိုသာ အသုံးပြုကြရန်၊ အသုံးပြုရာတွင် ကျူးဘားလေသူရဲတို့ကို ဆောင်းနှင်စေရမည်ဟု အမိန့်ထုတ်ခဲ့တယ်။

စီအိုင်အေမှာ ကနေဒီထံ အစဉ်အရာရာ ကျူးဘားပြည်ကျူးကျော်ရေးတို့ကို တိုးတက်ကောင်းမွန်ကြောင်းကို အစီရင်ခံနေတယ်။

၁၉၆၀ ပြည့်နှစ်၊ ကျူးဘားပြည်ရောက် အမေရိကန်နိုင်ငံခြားရေး အရာရှိဟောင်းမှ ကျူးဘားပြည်တွင်းမှာ မကျေနပ်၊ မချမ်းမြေ့၊ မပျော်ရွှင်သူ မရှိဘဲ ငြိမ်းချမ်းစွာ နေထိုင်ကြောင်း သတင်းစာတွင် ရေးသားခဲ့တယ်။



စီအိုင်အေမှာ ကနေဒီကို ကျူးဘားပြည်သူတို့ ကပ်စထရိုကို မကျေနပ် ဖြစ်နေတယ်ဟု အစီရင်ခံတယ်။

"အမေရိကန်ဗိုလ်ချုပ်ကြီးမှ ကျူးဘားပြည်သူ ၁၀၀ ယောက်လျှင် ၈၆ ယောက်မှာ ကပ်စထရိုကို ထောက်ခံကြတယ်။ အမေရိကန်မှာ ကျူးဘားကို ဝင်တိုက်လျှင် အမေရိကန်ရှုံးလိမ့်မည်ဟု ရေးသားခဲ့ကြတယ်။

ကနေဒီမှာ သတင်းစာကွန်ဖရင့်တွင် အမေရိကန်မှာ ကျူးဘားပြည်ကို ကျူးကျော်တိုက်ခိုက်လိမ့်မည် မဟုတ်ပါဟု ပြောကြားခဲ့တယ်။

ထိုကွန်ဖရင့်မှာ ကျူးဘားကမ်းခြေသို့ တိုက်ခိုက်ရန် ငါးရက်ခန့်မှုဖြစ်ပြီး ကျွန်တော်တို့ စွပ်စွဲချက်နဲ့ ကမ္ဘာ့ပြည်သူများ၏ သံသယကင်းစေရန် ဝါဒဖြန့် လိမ်ညာခြင်းဖြစ်တယ်။

ကမ္ဘာသိအောင် ကနေဒီမှ ကြေညာတဲ့အခါ တန်ပြန်တော်လှန်ရေးသမားတို့မှာ စိတ်ဓာတ်ပျက်ပြားခဲ့ကြတယ်။ သူတို့ရှုံးနိမ့်ပါက အမေရိကန်မှ မျက်နှာလွှဲမှာ စိုးရိမ်လာကြတော့တယ်။

တန်ပြန်တော်လှန်ရေးသမားများမှာ အမေကျော် ခွေးတော်လွှမ်းခဲ့သဖြင့် စိုးရိမ်ကြောင့်ကြကုန်ကြတယ်။

စီအိုင်အေမှာ တန်ပြန်တော်လှန်ရေးသမားတို့ကို အနုနည်းအကြမ်းနည်းနဲ့ ထိမ်းသိမ်းခဲ့ရတယ်။

ကျူးဘားပြည်ကို ကျူးကျော်ရန် (၂)ရက်အလိုတွင် တန်ပြန်တော်လှန်ရေးသမားတို့က အမေရိကန်လေယာဉ်များကို ကျူးဘားတော်လှန်ရေးအစိုးရ လေတပ်လေယာဉ်ပုံစံများအတိုင်း ဆေး

www.burmeseclassic.com

www.burmeseclassic.com



ခြယ်ရုပ်ဖျက်ကြရန် အကြံအစည်များ ပျက်စီးသွားခဲ့ပြီး စီဘိုင်အေတို့ နစ်နာခဲ့ရတယ်။

ထိုအစီအစဉ်အတိုင်း ရှိခဲ့လျှင် ကျူးဘားတော်လှန်ရေးအစိုးရမှာ အကြီးအကျယ် ဖုံးကြဲတိုက်ခိုက်ခံရဖွယ် ဖြစ်တယ်။

နောက် တန်ပြန်တော်လှန်ရေးသမားတို့ရဲ့ အကြံပေးအရာရှိ ဗိုလ်မှူးကြီးဘားကွင်းမှ ကျူးဘားကမ်းခြေသို့ ချီတက်တိုက်ခိုက်မည့်နေရာမှာ စစ်ရေးအရကြည့်လျှင် အန္တရာယ်များလွန်းတယ်ဟု ကန့်ကွက်ခဲ့ပြန်တယ်။

"ဘားကွင်း"မှာ ဘာတစ္စတာ လက်ထက်တွင် ကျူးဘားပြည်တွင်း နေထိုင်ခဲ့ဖူးပြီး ပထဝီအနေအထား၊ လမ်းပန်းဆက်သွယ်ရေးတို့ကို ကျွမ်းကျင်သူ ဖြစ်ပါတယ်။ တန်ပြန်တော်လှန်ရေးသမားတို့ ချီတက်ရာလမ်းမှာ လူသူကင်းမဲ့တဲ့ ပင်လယ်ကွေ့ဖြစ်ပြီး ရွံ့နွံထူထပ် ပေါများပါတယ်။

ကမ်းခြေမှာ ကျူးဘားကိုဝင်တဲ့ ငင်ပေါက်သုံးပေါက်အနက် အကျဉ်းဆုံးနေရာဖြစ်တယ်။ ထိုနေရာသို့ ကျူးဘားတပ်မတော်မှ တပ်စွဲထားပြီး ဆီးကြိုတိုက်ခိုက်လျှင် အကျအရှုံး များမည်ဟု ယူဆခဲ့တယ်။

အရိုးများများ ချေးခါးခါး ဖြစ်နေတဲ့ တန်ပြန်တော်လှန်ရေးတပ်များကို စီအိုင်အေ စိတ်မရှည်တဲ့ ကျူးကျော်တိုက်ခိုက်ရန် အမိန့်ပေးပြီး ပယ်လင်ပြင်ကို ရောက်ရှိသွားကြတော့တယ်။

❀ ❀ ❀



(၁၈)

## အမေရိကန် ဝင်ရှုပ်နေတော့

ကျူးဘားပြည်ရဲ့ လူသူကင်းဝေးလှသော "ပစ်ပင်လယ်ကွေ့ ဒွာမ်းခြေတစ်ဝိုက်တို့မှာ မှောင်မိုက်တိတ်ဆိတ်နေပါတယ်။

ပင်လယ်ပြင်မှ တိုက်ခိုက်လာတဲ့လေနဲ့ စက်သံတို့တဖြည်းဖြည်း ကျယ်လာပြီး တိတ်ဆိတ်ခြင်းကို ဖြိုခွင်းလိုက်လေတယ်။

သင်္ဘောများ ကမ်းခြေကို ဆိုက်လာပြီး အရိပ်မည်းမည်းသဏ္ဌာန်များ ခြေးထွက်သွားနေကြတယ်။ စုစုပေါင်း သင်္ဘောငါးစင်းမှ လှုပ်ရှားမှုများ ပြုလုပ်နေကြတယ်။ ပင်ငယ်လယ်ကွေ့ကမ်းခြေကို ကျူးဘားစစ်ပြေးမှ တန်ပြန်တော်လှန်ရေးသမားများ တိတ်တဆိတ် ရောက်ရှိလာကြတယ်။

အမေရိကန်တို့မှ တန်ပြန်တော်လှန်ရေးသမားတို့ကို လက်နက်အင်အား ငွေအင်အားတို့ကို သွယ်ဝိုက်နည်း၊ တိုက်ရိုက်နည်းပေါင်းစုံနဲ့ ကူညီပေးခဲ့ခြင်း ဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



တန်ပြန်တော်လှန်ရေးသမားတစ်စုမှာ ကောင်းကင်ယံမှ လေထီးများနဲ့ ခဲပုံကျရောက်လာပြန်တယ်။

ကျောက်ဆောင် ကျောက်ကမ်းပါးများတွင် အကာအကွယ်ပြုနေပြီး "ဘီ-၂၆" ဗုံးကြဲလေယာဉ်ပျံနှစ်စင်း၊ "ပီ-၅၁" တိုက်လေယာဉ် နှစ်စင်းတို့မှ ကာကွယ်စောင့်ရှောက်ပြီး လိုက်ပါလာတယ်။ ကျူးဘားပြည်တွင်းဝင်ပေါက်မှ တန်ပြန်တော်လှန်ရေးသမား ၁၅၀၀ ခန့် မိုင်(၂၀)ခရီးအထိ ချီတက်လာနေတယ်။

ကျွန်တော်တို့ ကျူးဘားကမ်းခြေကို တန်ပြန်တော်လှန်ရေးသမားတို့နဲ့ တိုက်လေယာဉ်(၄)စင်း ရောက်ရှိလာသည်ကို သတင်းအတိအကျ ထောက်လှမ်းရခဲ့ပြီ ဖြစ်တယ်။ ကျွန်တော်တို့ တပ်မတော်မှာ "တော်လှန်ရေးသတိ" အမြဲရှိကြသူ ဖြစ်သည့်အတိုင်း နေရာကောင်း အကွက်ကောင်း ချက်ကောင်းတို့ ရွေးချယ်ခဲ့ပြီဖြစ်ပါတယ်။

တော်လှန်ရေးတိုက်ပွဲတွင် အသားကျနေပြီဖြစ်တဲ့ ကျူးဘားတပ်မတော်သားအားလုံးမှာ အမေရိကန်အကူအညီနဲ့ ကျူးဘားကမ်းခြေကို နယ်ချဲ့ကျူးကျော်ရေးသမားတို့ကို အရှိန်ပြင်းစွာ တိုက်ခိုက်ကြတယ်။ ကြံ့တင်ပြင်ဆင်ပြီး စစ်ဆင်ရေး ဆင်နွှဲတိုက်ခိုက်နေတဲ့ ကျွန်တော်တို့မှာ ကျူးဘားတပ်မတော်မှာ ဘီ-၂၆ ဗုံးကြဲလေယာဉ်၊ ပီ-၅၁ တို့ကို ကျူးဘားတပ်မတော် လေတပ်မှ ပစ်ချသဖြင့် မီးလောင်ပျက်စီးသွားတယ်။

ကမ်းခြေမှာ လက်နက် ဖြည့်တင်းရန် ရောက်နေတဲ့ သင်္ဘောနှစ်စင်းမှာ ဧပြီ(၁၇)ရက် မွန်းတည့်ချိန်မှာပင် ကျူးဘား



တပ်မတော်ရေတပ်မှ အမြောက်ကြီးတို့နဲ့ ပစ်ခွင်းနှစ်မြှုပ်ပစ်လိုက်ကြတယ်။

ကျွန်တော်တို့ တပ်မတော်မှ စစ်ကူများ အလုံးအရင်းနဲ့ ကူညီကြသဖြင့် တန်ပြန်တော်လှန်ရေးသမားတို့ ခုခံနိုင်စွမ်းမရှိဘဲ လက်နက်ချရတော့တယ်။

အမေရိကန်တို့မှာ လပေါင်းများစွာမှ အကြံအစည်များအားလုံး နာရီပိုင်းအတွင်း ပျက်စီးခဲ့တယ်။ နယ်ချဲ့တို့ရဲ့ ငွေအားလက်နက်အား အကြံဉာဏ်တို့ စီစဉ်ဆင်နွှဲခဲ့တဲ့ တန်ပြန် တော်လှန်ရေးကြီးမှာ မရှုမလှ ပျက်စီးကျဆုံးခဲ့ပြီ။ သမ္မတကနေဒီနဲ့ စီအိုင်အေ(ခေါ်) ဗဟိုစုံစမ်းထောက်လှမ်းရေး အဖွဲ့ကြီးတို့ အရှက်ကွဲ အကျိုးနည်းသွားခဲ့တယ်။

ကမ္ဘာ့နိုင်ငံအသီးသီးတို့မှာ လွတ်လပ်ရေးရခါစ နိုင်ငံငယ်လေးတို့တွင် ပါတီအချင်းချင်း ပြိုကွဲကြစဉ်၊ ပြည်တွင်းရေး မငြိမ်မသက် ဖြစ်နေစဉ်မှာပင် ဝင်ရောက်အာဏာသိမ်းခြင်းမှာ စီအိုင်အေလက်ချက်နဲ့ မကင်းကြရအောင် ဖြစ်နေတယ်။ ကျူးဘားပြည်တွင်းရေးကိုလည်း ဝင်ရောက်စွက်ဖက်ခဲ့ပြန်တယ်။

အစမကောင်း အနှောင်းမသေချာတဲ့ စီအိုင်အေမှာ ဖရိုဖရဲ အညှံ့ခံသွားကြရပြီ ဖြစ်တယ်။ ကျွန်တော်တို့ ကျူးဘားတပ်မတော်ရဲ့ သေနတ်များကြားမှာ ကျဆုံးသွားတယ်။ ကျွန်တော်တို့ ကျူးဘားကို ဧပြီ(၁၇)ရက်မှာ တန်ပြန်တော်လှန်ရေးသမားတို့ ကျရှုံးပြီး ဧပြီလ(၁၈)ရက်တွင် သမ္မတကနေဒီရဲ့ အိမ်ဖြူတော်တွင် ညစာစားပွဲကြီး ကျင်းပကြတယ်။ သမ္မတကနေဒီ၊ စီအိုင်အေဒါရိုက်တာ ဒါးလက်စ်၊ အမျိုးသားလုံခြုံရေးအကြံ(ပေး)လက်

www.burmeseclassic.com

www.burmeseclassic.com



ထောက်တာဝန်ခံ ဘန်းဒီ၊ စီအိုင်အေလက်ထောက်ဒါရိုက်တာ ဘန်ဆဲလ်နဲ့ အိမ်ဖြူတော်အရာရှိ ရော့စ်ဆိုးတို့မှာ ဂုဏ်သိက္ခာ ကျဆင်းမှုကို အဖတ်ဆယ်တဲ့ ညစာစားပွဲနဲ့ အရှက်ပြေဟန် လုပ်နေကြခြင်း ဖြစ်ပါတယ်။

အမေရိကန်အိမ်ဖြူတော်ရဲ့ ငါးဦးကော်မတီမှာ ကျူးဘား ပြည် ကျူးကျော်ရေးအတွက် အကြံတုံး ဉာဏ်တုံးနဲ့ ကျူးဘား အရေးနဲ့ ပတ်သက်ပြီး နောက်ထပ် ဆက်လက်ဆောင်ရွက်စရာ မလိုတော့ဟု ကန့်ကွက်သူ မရှိဘဲ ဆုံးဖြတ်ချက် ချလိုက်တယ်။

စီအိုင်အေမှာ ကျူးဘားပြည်ကို သွားရောက်ကြသူ လူ (၃၀၀)ကျော် သူပုန်တို့မှာ ကျူးဘားပြည်တွင်းသူပုန်များနဲ့ ဆက် သွယ်ရေးလုပ်ခြင်းသာ ဖြစ်တယ်ဟု ဆင်သေကို ဆိတ်ရေနှင့်ဖုံး သလို ကြေညာစေတယ်။

ကျွန်တော်တို့ ကျူးဘားကမ်းခြေသို့ တက်ရောက်ခဲ့တဲ့ တန်ပြန်တော်လှန်ရေးသမားတို့ကို အရှင်လက်ရဖမ်းဆီးမိသူ ၁၂၀၀ ကို ရုပ်မြင်သံကြားမှ ပြသလိုက်တယ်။

တိကျစိုင်လုံ့မှ သတင်းများကြောင့် ပါရီ၊ လန်ဒန်၊ မော် စကို၊ ပီကင်း၊ တိုကျို ကမ္ဘာ့နိုင်ငံအသီးသီးရှိ အမေရိကန်သံရုံး တို့ကို ဝိုင်းဝန်းကန့်ကွက်ခဲ့ကြတယ်။

အမေရိကန် စီအိုင်အေမှ ကျူးဘားပြည်တိုက်ခိုက်ရေး တွင် စီစဉ်ညွှန်ကြားခဲ့ခြင်း၊ ငြင်းကွယ်မရဘဲ "လူမိတော့ နာတယ်ကွာ" ဟု ညည်းတွားသလို မသိလိုက် မသိဘာသာ နေလိုက်ကြတယ်။

❀ ❀ ❀



(၁၉)

## ပြန်လည်ထူထောင်ခြင်း

၁၉၆၀-၆၁ ခုနှစ်တွင် ကျူးဘားပြည်တွင်းသစ္စာဖောက် များတော်လှန်ရေး၊ အဖျက်သမားတို့ရန်ကို တွန်းလှန်ပြီး နယ်ချဲ့ ရန်သူတို့ ကျူးကျော်စွက်ဖက်မှုကို ပြတ်သားစွာ ခုခံခဲ့ကြတယ်။

ကျွန်တော်တို့ဟာ တိုင်းပြည်ထူထောင်ရေးနဲ့ စီးပွားရေးလုပ် ငန်းများကိုလည်း စဉ်ဆက်မပြတ် လုပ်ကိုင်ခဲ့တယ်။ နိုင်ငံခြားတိုင်း ပြည်ကို မှီခိုခဲ့ဖူးတဲ့ ကျူးဘားစီးပွားရေးများမှာ ကိုယ့်အားကိုယ် ကိုး၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်အောင် ကြိုးစားခဲ့ ကြသည်မှာ အပြောလွယ်သလောက် လက်တွေ့မှာ ခက်ခဲမှုများနဲ့ ရင်ဆိုင်ခဲ့ရတယ်။

ကျူးဘားပြည်မှာ ကြံစိုက်ပျိုးခြင်း တစ်ခုတည်းနဲ့သာ ဝင်ငွေရှာခဲ့၍ အိမ်တစ်လုံးသဖွယ် အခြေမခိုင်ဘဲ ယိုင်ယဲ့နေ[illegible] တယ်။

www.burmeseclassic.com

www.burmeseclassic.com



ကြံစိုက်ပျိုးရေးစနစ်ကို ဖျက်သိမ်းပစ်ပြီး မရှိမဖြစ် တခြားသီးနှံများစွာကို စနစ်ကျစွာ စိုက်ပျိုးစေခဲ့တယ်။ ကျေးလက်ဒေသများမှ ဝေါ်မွတ်မှုဘေး၊ ပညာမတတ်ခြင်း၊ ကျန်းမာရေးကြောင့် ရောဂါထူပြောနေမှုတို့ကို မပျောက်အောင် ကျွန်တော်တို့ ကြိုးစားခဲ့ရတယ်။

ကျွန်တော်တို့ ကျူးဘားပြည်ကို ရေတိုရေရှည် စီမံကိန်းများ ရေးဆွဲလုပ်ဆောင်ခဲ့တယ်။ တိုင်းပြည်တွင် အစိုးရအဖွဲ့အစည်းတို့မှာ တာဝန်ထမ်းဆောင်နေကြသူတို့ အသက်မှာ(၃၀)ခန့်သာရှိသဖြင့် အတွေ့အကြုံနုနယ်တဲ့ အရွယ်များသာ ဖြစ်ကြတယ်။ သို့သော်လည်း အဖွဲ့ဝင်တို့မှာ လူရွယ်လူလတ်များဖြစ်၍ တိုင်းပြည်အား အစွမ်းကုန် အနစ်နာခံ၊ သစ္စာစောင့်သိ၊ အစွမ်းကုန်ဆောင်ရွက်ကြမယ်ဟု တက်ကြွမှုကိုယ်စီ ရှိကြတယ်။

ကျူးဘားပြည်တွင်း အစိုးရအဆက်ဆက် အဖွဲ့များမှာ အသက် ၅၀ ကျော် ၆၀ ပိုင်းမှ လူကြီးများ ပါဝင်တယ်။ သူတို့မှာ အတွေ့အကြုံ ဉာဏ်ထက်မြက်သူများ ဖြစ်ကြ၍ တိုင်းပြည်ဘဏ္ဍာငွေကို ဆွေမျိုးစုနစ်ဆက်တိုင် အလွဲသုံးစားလုပ်ကြတယ်။ ပြည်သူတို့မှ အကြည်ညိုပျက်လည်း ရဲဝင့်စွာ သုံးစွဲနေထိုင်သူများလှတယ်။ အသက်ငယ်သူတို့မှာ တိုင်းပြည်အတွက် ရိုးသားဖြောင့်မတ်ခြင်းဂုဏ်ကို ဖော်ပြီးလုပ်ဆောင်တယ်။

ကျွန်တော်တို့ နိုင်ငံမှာ အသက်အရွယ်ငယ်လည်း တိုင်းပြည်တာဝန်ကြီးများကို ထမ်းရွက်ကြရာ ရိုးရိုးသားသား လုပ်ဆောင်ကြပါတယ်။



တိုင်းပြည် ပင်မစီးပွားရေးတို့မှာ လွယ်ကူရှင်းလင်းတဲ့နည်းဖြင့် အခြားသီးနှံများကို အလွယ်တကူနည်းနဲ့ စီးပွားရေးတည်ဆောက်မှုလုပ်ငန်းများမှာ ကျူးဘားပြည်တောင်ပိုင်း၊ ဟားဗားနားပြည်နယ်မှ မိုင်(၇၀)ခန့် အကွာတွင် သမဝါယမလယ်ယာများလုပ်ကိုင်နေကြတာဟာ ခရိုင်ဒေသပေါင်း (၂၇)ခရိုင်ရှိနေတယ်။

မြေယာပြုပြင်ရေးလုပ်ငန်း အားလုံးကို ဗဟိုဌာနချုပ်တစ်ခုဖွင့်လှစ်၍ စီမံခန့်ခွဲ လုပ်ကိုင်နေတယ်။ ဗဟိုဌာနချုပ်အမည်ရဲ့ အတိုကောက်မှာ"အင်းရား"ဖြစ်ပြီး အရှည်ကောက်မှာ "အမျိုးသားလယ်ယာမြေပြုပြင်ရေးအဖွဲ့ချုပ်"။ ထိုအဖွဲ့ချုပ် ဥက္ကဋ္ဌမှာ ကျွန်တော် ကပ်စထရို ဖြစ်တယ်။

အတွင်းရေးမှူး "ဂျင်မီနက်"မှာ လုပ်ငန်းနဲ့ဆိုင်ရာများအားလုံး အုပ်ချုပ်လုပ်ကိုင်ပါတယ်။ ခရိုင်(၂၇)ခုတွင် ခရိုင်တစ်ခုစီ တာဝန်ခံအကြီးအကဲ တစ်ဦးစီရှိကြတယ်။

တွဲဖက်ကော်မတီတွင် စိုက်ပျိုးရေးကျွမ်းကျင်သူ နှစ်ဦးပါဝင်ပြီး စိုက်ပျိုးရေးတွင် အတွေ့အကြုံ ကြွယ်ဝသူ၊ တတ်ကျွမ်းနားလည်သူတို့ကို ရွေးချယ်ပေးခဲ့တယ်။

ဒေသခံအမှတ်(၇)မှာ သမဝါယမကြီးနှစ်ခုနဲ့ ကျေးရွာလေးရာ ပါဝင်ပြီး ကျန်ပုဂ္ဂိုလ်များမှာ တစ်ဦးချင်း စိုက်ပျိုးကြတဲ့ ပုဂ္ဂလိက လယ်သမား ရာပေါင်းများစွာ ပါဝင်တယ်။ ထိုဒေသမှ လယ်ယာမြေ ဧက ၄၀၀၀ ခန့်မှာ ယခင် [illegible] အစိုးရလက်ထက်မှာ အမျိုးသားအောင်ဘာလေသိန်း[illegible] ဝန်ကြီး ပိုင်ဆိုင်တဲ့ လယ်ယာမြေတို့ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၅၆–ခုနှစ် ဇန်နဝါရီ(၁)ရက်မှာ ဝန်ကြီးများ ကျူးဘားပြည်မှ ထွက်ပြေးသွားကြတယ် အစိုးရမှ လယ်ဧက ၄,၀၀၀ ကို သိမ်းယူပြီး သမဝါယမလယ်ယာမြေအဖြစ်လွှဲပြောင်းယူလိုက်တယ်။

လယ်ယာဧက(၃၀၀)ခန့်ကို ကြံစိုက်ပျိုးခြင်းနဲ့ (၁၀၀)ဧကမှာ အခြား အာလူး၊ ကြက်သွန်၊ ဖရဲ အဖိုးတန်ဟင်းသီးဟင်းရွက်တို့ စိုက်ပျိုးခဲ့ကြတယ်။

ရှေးအခါက အာဏာရှင်တို့မှ ကြံမှလွဲပြီး မစိုက်ပျိုးရ အမိန့်ထုတ်ခဲ့ခြင်းကြောင့် ပြည်သူများ စားသုံးသော ဟင်းသီးဟင်းရွက်တို့ အမေရိကန်ပြည်ထောင်စုထံမှ ဝယ်ယူခဲ့ရတယ်။ ကျူးဘားပြည်တောင်ပိုင်း၊ ဟားဗားနားမြို့မှ မိုင်(၂၀)ခန့်အကွာတွင်ရှိသော ကျေးရွာလယ်ယာမြေများ ထွန်ယက်စိုက်ပျိုးဆဲ ယာပြင်ကြီးနဲ့ ဦးထုပ်အပြာရောင်ကြီးများဆောင်းလျက် အလုပ်လုပ်နေတဲ့ လူရွယ်(၆၀)ခန့်တို့မှာ အပင်ပေါက်စလေးများဖြစ်တဲ့ ခရမ်းချဉ်ပင်များ စိုက်ပျိုးနေတယ်။ ကျန်ဧကများတွင် အာလူး၊ သခွားများ စိုက်ပျိုးကြတယ်။

ကျူးဘားပြည်မှ စိုက်ပျိုးရေးပါရဂူတို့မှာ ခရမ်းပျိုးပင်များစွာကို ပျိုးထောင်ပေးကြတယ်။ "မာဂရဒါ"ခရမ်းချဉ်သီးမျိုးမှာ အလွန်ကောင်းတဲ့ မျိုးစိတ်ဖြစ်တယ်။ ခရမ်းချဉ်သီးမှာ အသားကျစ်လစ်ပြီး အနှစ်ပြည့်တယ်။ စည်သွပ်ဘူးများမှာ ထည့်သွင်းရန်ရွေးချယ်ကြတယ်။

ကျူးဘားပြည်ရဲ့ မာဂရဒါးခရမ်းချဉ်သီးများမှာ အလွန်နာမည်ကျော်ပါတယ်။ ခရမ်းချဉ်သီးဖျော်ရည်၊ အနှစ်များ ထုတ်ယူရာမှာ အသုံးဝင်ကြတယ်။



ကျွန်တော်တို့ ခုံအမှတ်(၇) လယ်ယာမြေပေါ်မှာ အိန္ဒိယအမျိုးသားများလည်း ပါဝင်ကြတယ်။ ကျူးဘားမှာ ယာလုပ်ငန်းအဖြစ် နှစ်ပေါင်း(၃၆)နှစ်ခန့် လုပ်ကိုင်လျက်ရှိတဲ့ အိန္ဒိယအမျိုးသားမှာ တော်လှန်ရေးကြီးဖြစ်ချိန်မှာ တော်လှန်ရေးကြီးထဲပါဝင်လာခဲ့ပါတယ်။ မတိုင်မီအချိန် ယူနိုက်တက် ဖရုကုမ္ပဏီကြီးရဲ့ ကျယ်ပြန့်တဲ့ လယ်ယာမြေတွင် အလုပ်လုပ်ခဲ့တယ်။ သူ့ဖခင်မကွယ်လွန်ခင်က ထိုကုမ္ပဏီမှာပင် အလုပ်လုပ်ခဲ့ကြတယ်။

သူဟာ ယခုအခါ သမဝါယမလယ်ယာမြေ ၆၆ ဧကပိုင်နေပြီ။ သမဝါယမစနစ်ကို သဘောကျ နှစ်သက်သဖြင့် ဇာတိမြေ အိုရီယန်တေပြည်နယ်မှ မိသားစုကိုခေါ်ပြီး သမဝါယမကို လာရောက်နေထိုင်ခြင်း ဖြစ်ပါတယ်။

အစိုးရက ထောက်ပံ့ကြေး နေ့စဉ် နှစ်ကျပ်ခွဲ ပေးထားတယ်။ ကိုယ့်ငွေနဲ့ကိုယ် လုပ်ကိုင်သွားနိုင်တဲ့ အချိန်အထိ ပေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ တိုင်းပြည်ကို ကမ္ဘာအရပ်ရပ်မှ အကြွေးစနစ်နဲ့ ထွန်စက်များ ရောင်းချခဲ့တယ်။

ပိုလန်ရီယား၊ အီလီခွိုက်စ်မြို့ကြီးများရှိ ကတ်တာပစ်လာကုမ္ပဏီများမှာ၊ ဗြိတိန်၊ အနောက်ဂျာမနီနဲ့ ချက်ကိုစလိုဗက်ကီးယားတိုင်းပြည်များ ဖြစ်ကြပါတယ်။ ထွန်စက်အစီး(၃၀)မှာ သမဝါယမ လယ်ယာစိုက်ပျိုးရေးဌာနမှ အလိုရှိတဲ့ဒေသမှ မှာကြားချိန်တွင် သွားရောက်ထွန်ယက်ပေးကြတယ်။

လယ်သမားတို့မှာ ပုဂ္ဂလိကပိုင် လယ်မြေများအကွက်လယ်ထွန်စက် မဝယ်ယူနိုင်ပါ။ တော်လှန်ရေးအစိုးရက ကျူးသား

www.burmeseclassic.com

www.burmeseclassic.com



မြေယာပြုပြင် ပြောင်းလဲရေးအဖွဲ့ချုပ်မှ လိုအင်ချက်များစွာကို အကောင်အထည်ဖော်ပေးတယ်။

(၂၀)ရာစုအတွင်း ထူးခြားသော လူ့အဖွဲ့အစည်းသစ် ပေါက်ဖွားလာသည်မှာ စိတ်အားတက်ကြွစရာ ကောင်းလှပါတယ်။ စီးပွားရေးလွတ်လပ်ခွင့် နေ့ခင်းကြီးတွင်းမှ ရုန်းထွက်ပေါက်ဖွားလာခဲ့တယ်။

လွတ်လပ်ရေး၊ မြေယာနဲ့ အစားအစာတို့ ပေါကြွယ်ဝစွာ တွေ့မြင်ကြပြီး ၂၀ ရာစု ဒုတိယနှစ်ဝက် ၁၉၁၀-ခုနှစ်က မဟာ့ဆိုကိုတော်လှန်ရေး ဖြစ်ပွားခဲ့သည့် နှစ်ဝက်နှင့်မတူ ကွဲပြားခြားနားခဲ့တယ်။ ကျူးဘား တော်လှန်ရေးမှာ ဆိုရှယ်လစ်တော်လှန်ရေး မဟုတ်။ အရင်းရှင်အာဏာကို ရန်ကန်ခါချခဲ့တဲ့ တော်လှန်ရေး ဖြစ်တယ်။ တော်လှန်ရေးကြီး ပြီးဆုံးချိန် အရှိန်ကြောင့် မြေယာ ပြုပြင်ရေးလုပ်ငန်းများ ခရီးတွင်ခဲ့ကြတယ်။

ဓုနယ်အမှတ်(၇)မှာ သမဝါယမကုန်စုံဆိုင် ရှိတယ်။ အမျိုးသားမြေယာပြုပြင်ပြောင်းလဲရေးအဖွဲ့ချုပ်မှ စီစဉ်ပေးတယ်။ သမဝါယမကုန်စုံဆိုင်မှ သက်သာချောင်ချိတဲ့ ဈေးနှုန်းများနဲ့ ရောင်းချပေးကြတယ်။ ကျွန်တော်တို့ တော်လှန်ရေးအနိုးရ တက်လာပြီး သမဝါယမ ကုန်စုံဆိုင်ပေါင်း ၁၄၀၀ ခန့် ဖွဲ့စည်းခဲ့တယ်။

၁၉၆၀ ပြည့်နှစ် ၁၅ လခန့်ကြာပြီးနောက် "အိုင်အင်နိအာအေ"မှ စီမံခန့်ခွဲ အုပ်ချုပ်လုပ်ကိုင်ကြတယ်။ ကျူးဘားတစ်ပြည်လုံး လက်လီရောင်းချသော လုပ်ငန်းများမှ ကြီးမားတဲ့ ဌာနကြီးတစ်ခု ဖြစ်ပါတယ်။



လယ်ယာမြေဆေချမ်းရေး၊ စနစ်တကျ သိပ္ပံနည်းနဲ့ စိုက်ပျိုးရေးအတွက် သမဝါယမကုန်စုံဆိုင်များ၊ လမ်းဖောက်လုပ်ရေး၊ စာသင်ကျောင်း ဆောက်လုပ်ပေးတဲ့ "အိုင်အင်နိအာအေ" ဖြစ်တယ်"

ဒေသများအားလုံးမှာ စာကြည့်တိုက်များ ဖွင့်လှစ်ပေးခဲ့ပြီး စာမတတ်သူပပျောက်ရေးများ အစွမ်းကုန် ကြိုးစားခဲ့တယ်။ စာသင်ကျောင်းများစွာ တိုးပွားလာသည်မှာလည်း "အိုင်အင်နိအာအေ"ရဲ့ ကြိုးပမ်းချက်နဲ့ ကားလမ်းသစ်များလည်း သူတို့ရဲ့ ကြိုးပမ်းချက် သက်သေများ ဖြစ်ကြတယ်။

ကျူးဘားပြည် ကျေးလက်များမှာလည်း လျှပ်စစ်မီးများ သွယ်တန်းပြီး အလင်းရောင် ရခဲ့ပြီဖြစ်တယ်။ ကျူးဘားအမျိုးသားတို့ ညအချိန်ကို နေ့ဘက်ဖြစ်အောင် ကြိုးစားနေကြတယ်။

ကျွန်တော်တို့ ကျူးဘားပြည်သူများမှာ အနာဂတ်ခရီးကို မျှော်လှမ်းချီတက်နေကြတယ်။ ချီတက်ရာမှာ ပြည်သူ့အမျိုးသားတို့မှာ ဘယ်အရာမှမကြောက်၊ ဘယ်သူ့ကိုမှ မကြောက်အောင် သတ္တိကောင်းလာကြပါတယ်။

အရှေ့ဘက် မျက်စိတဆုံး၊ အပြာရောင် ဖုံးလွှမ်းနေတဲ့ အတ္တလန္တိတ်သမုဒ္ဒရာရဲ့ ချေပြင်ကျယ်ကြီး ဖြတ်ကျော်လျက် လေပြည် လေညင်းတလေးများမှာ ကျူးဘားကျွန်းဆီသို့ ဦးတည်တိုက်ခတ်နေကြတော့တယ်။

ကျူးဘားပြည်သူတို့မှာ ကောင်းမွန်တဲ့ အစိုးရရဲ့အောက်မှာ ကြည်နူးပျော်ရွှင်စရာ ကောင်းနေပါတော့တယ်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



# (၂၀)

## ကျူးဘားကို ခုတုံးလုပ်ကြသူများ

၁၉၆၂–ခုနှစ် အောက်တိုဘာလ(၂၂)ရက်မှာ ကမ္ဘာ့ပြည်သူများအတွက် မင်္ဂလာမရှိတဲ့ရက်၊ အမင်္ဂလာနေ့ ဖြစ်တယ်။

ဒုတိယကမ္ဘာစစ်ကြီးမှ လူ့သမိုင်းတစ်လျှောက် မကြုံဘူး၊ မကြားဘူးအောင် မီးကုန်ယမ်းကုန် အစွမ်းကုန် ရက်စက်တဲ့ ဖက်ဆစ်နာဇီတို့ရဲ့ လူသတ်ဝါဒကြောင့် စစ်ဆိုလျှင် ရေဆောင် စစ်မသောက်ချင်အောင် ဖြစ်ကြတဲ့ ကမ္ဘာပြည်သားများမှ စစ်ကြီးပြီးဆုံးချိန်မှ (၁၇)နှစ်ခန့်အကြာ ၁၉၆၂–ခုနှစ် အောက်တိုဘာလ(၂၂)ရက်တွင် ကောင်းကင်ယံမှ ဒည်းမှောင်ကြီးမားတဲ့ စစ်ရိပ်စစ်ငွေ့များ တွေ့မြင်လိုက်ရတော့တယ်။

အမေရိကန်သမ္မတ ကနေဒီမှာ နေတိုး(မြောက်အတ္တလန္တိတ်စစ်စာချုပ်)အဖွဲ့ဝင် နိုင်ငံများမှ အမေရိကန်သံအမတ်များကို



အောက်တိုဘာ(၂၂)ရက်နေ့တွင် ဝါရှင်တန်ကို အရောက်ပြန်လာကြရန် အရေးပေါ် ခေါ်ဆိုလိုက်တယ်။

လက်တင်အမေရိကန်ဘိုင်းပြည်များမှ သံအမတ်များလည်း ခေါ်ယူလိုက်တယ်။ အမေရိကန်ကက်ဘိနက်အဖွဲ့ဝင်များလည်း အစိုးရမှ အစည်းအဝေး ကျင်းပရန် ရှိသည်ဟု ခေါ်ယူထားလိုက်တယ်။

ဒုတိယသမ္မတ ဂျွန်ဆင်မှာ ကနေဒီ အမိန့်နဲ့ ရောက်ရှိရာအရပ်မှ ဝါရှင်တန်ကို အထူးလေယာဉ်နဲ့ အမေရိကန်သမ္မတ ကနေဒီထံ ပြန်လာခဲ့တယ်။

အောက်တိုဘာ(၂၂)ရက်မှာ သမ္မတကနေဒီမှာ ကမ္ဘာအနှံ့ အပြားမှ ပြန်ရောက်လာတဲ့ အမေရိကန်သံအမတ်များနဲ့ အမေရိကန်ထိပ်တန်းစစ်ဗိုလ်ချုပ်များ မျက်နှာစုံညီ အစည်းအဝေးမှ ကမ္ဘာ့နိုင်ငံအသီးသီးကို ကြေညာချက် ထုတ်ပြန်လိုက်တယ်။

ကျွန်တော်တို့ကို အမေရိကန်သမ္မတ ကနေဒီမှ ကြေညာချက်ထုတ်ရာမှ အောက်တိုဘာလ(၂၃)ရက်မှ စတင်ပြီး ကျူးဘားပြည်ကို ဦးတည်ခုတ်မောင်းလာနေကြတဲ့ သင်္ဘောမှန်သမျှကို အမေရိကန်ရေတပ်မှ လမ်းခုလတ်တွင် ရပ်တန့်ရှာဖွေ စစ်ဆေးရမယ်။

လက်သင့်မခံဘဲ ငြင်းပယ်သူ့သင်္ဘောမှန်သမျှ အမေရိကန်ရေတပ်မှ အောက်ခွဲနှစ်မြှုပ်ပစ်ရမယ်၊ အမေရိကန်အစိုးရမှာ အမေရိကန်ပြည်ကို ကာကွယ်ရန်နဲ့ အမေရိကန်ပြည်သူတို့ရဲ့ ဂုဏ်သိက္ခာကို စောင့်ထိန်းခြင်းအားဖြင့် ထိုရေတပ်ပိတ်ဆို့ခြင်းကို အကြောင်းပြုပြီး စစ်ပွဲသစ်တစ်ရပ် ဖြစ်လာရင် ရင်ဆိုင်ရန်အသင့်

www.burmeseclassic.com

www.burmeseclassic.com



ရှိပါတယ်ဟု မျက်နှာစုံညီ အစည်းအဝေးမှ ကမ္ဘာကို ကြေညာချက်တစ်စောင် ထုတ်ပြန်လိုက်ပါတယ်။

ကျွန်တော်တို့မှာ အမေရိကန်သမ္မတ ကနေဒီရဲ့ ငှက်ဆိုးထိုးသံ ကြားကြားချင်း ကျူးဘားခေါင်းဆောင်များအားလုံး တုန်လှုပ်ချောက်ချားကုန်ကြတယ်။

ကျူးဘားပြည်ကို ကမ္ဘာတိုင်းနိုင်ငံများမှ ပင်လယ်ကူးသင်္ဘောကြီးများစွာနဲ့ အတ္တလန္တိတ်သမုဒ္ဒရာကြီး ဖြတ်ကျော်ပြီး ကုန်ပစ္စည်းများကို သယ်ဆောင် ကူညီပေးနေကြတယ်။ အခက်အခဲများကို မိတ်ဆွေကောင်းပီသစွာ ကူညီထောက်ပံ့ခဲ့ကြတယ်။

ထိုသင်္ဘောများမှာ ဆိုရှယ်လစ်သမ္မတနိုင်ငံများမှာ ဖြစ်ပါတယ်။ ကျူးဘားပြည်မှာ ဆိုရှယ်လစ်ဝါဒ အခြေမခံသော်လည်း အပြန်အလှန် အကျိုးတူရောင်းဝယ်ရေးစိတ်ဓာတ်နဲ့ ကျူးဘားပြည်ထံ ကုန်ပစ္စည်းများ တင်ပို့ရောင်းချနေတဲ့ အရင်းရှင်ကြွယ်ဝနေ နိုင်ငံတို့မှ သင်္ဘောတို့ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံကို နယ်ချဲ့သမားတို့ ကျူးကျော်ရန်စမှု လက်နက်အင်အားတို့နဲ့ အနိုင်ယူခြင်းကို ခုခံကာကွယ်ရန် ဆိုရှယ်လစ်တိုင်းပြည်များမှ ကာကွယ်မည်ဆိုသော အပြည်ပြည်ဆိုင်ရာ ဆိုရှယ်လစ်စိတ်ဓာတ်နဲ့ ဆိုဗီယက်ပင်လယ်ကူးသင်္ဘောကြီးများ ကျူးဘားကမ်းခြေသို့ ဦးတည်ခုတ်မောင်းလာနေကြတယ်။ သင်္ဘောကြီးပေါ်မှ ဆိုဗီယက်ယူနီယံမှ ဒုံးပျံလက်နက်၊ ဒုံးပျံထိပ်ဖူးနဲ့ နောက်ဆုံးပေါ် ခေတ်မီလက်နက်ဆန်းကြီးများ တင်ဆောင်လာကြတယ်။



အမေရိကန်အစိုးရမှာ စီအိုင်အေတို့ တန်ပြန်တော်လှန်ရေး ဆုံးရှုံးအရှက်ကွဲပြီးနောက် ကျူးဘားကို အငြိုးအတေးနဲ့ ကြေညာခဲ့ခြင်းဖြစ်တယ်။

ကျူးဘားပြည်သူတို့မှာ မျက်နှာငယ်ငယ်နဲ့ ဘုရားထံသာ ဆုတောင်း ခုယူ ပြုကုန်ကြတယ်။ စစ်မှတစ်ပါး အခြားရွေးစရာလမ်း မရှိဘဲ အကျဉ်းအကျပ်ထဲ ရောက်လာခဲ့ကြတယ်။

ကျူးဘား ပြည်သူပြည်သားတို့ သေမင်းတမန် ဖြစ်တဲ့ ကမ္ဘာစစ်မှဲ့သစ်ကြီးမှ အိမ်တံခါးကို လာခေါက်သဖြင့် လူသားအားလုံး တစ်မျိုးသားလုံးရဲ့ ကံကြမ္မာအတွက် တစ်သက်နဲ့ တစ်ကိုယ် မကြုံဖူးအောင် စိုးရိမ်သောကရောက်လျက် ရှိကြတယ်။

ကျွန်တော်တို့ ကျူးဘားအရေးအတွက် ဗြိတိန်ပြည်မှ ကမ္ဘာကျော် သဘာဝတ္ထုဆရာကြီး "ဘာထရန်ရပ်ဆယ်လ်"မှာ ကျူးဘားအရေးတော်ပုံကြီး စတင်ဖြစ်မည့်ရက်တွင် ကျူးဘားတို့ ကံကြမ္မာနဲ့ ကမ္ဘာငြိမ်းချမ်းရေးတို့အတွက် သောကမအေးကြောင်း ရေးသားခဲ့တယ်။

ဗြိတိန်ကျော်သော် သဘာဝတ္ထုဆရာကြီး "ဘာထရန်ရပ်ဆဲလ်"မှာ အသက်(၉၄)နှစ်အရွယ်ရှိသူ ဖြစ်တယ်။

ဆရာကြီးရေးသားချက်မှာ... ကျွန်ုပ်၏ ရှည်လျားကြာညောင်းလှသော တစ်သက်တာကာလတွင် ဤအချိန်၊ ဤအခါလောက် သေရေး ရှင်ရေး၊ သောကမအေး ဖြစ်ခဲ့ရသော အချိန်အခါဟူ၍ မတွေ့ဘူးခဲ့၊ မကြုံဘူးသေးပါ။ ကျွန်ုပ်မျက်စိထဲတွင် "ကာရစ်ဘီယံ ပင်လယ်ထဲ မောင်းနှင်ခုတ်မောင်း ဝင်သွားကြ

www.burmeseclassic.com

www.burmeseclassic.com



သော ရုရှားသင်္ဘောများနှင့် ရုရှားသင်္ဘောကို ဖမ်းဆီးစစ်ဆေးရန် အသင့်စောင့်ဆိုင်းနေသော အမေရိကန်စစ်သင်္ဘောများကို မြင်ယောင်နေမိတယ်။ ကျွန်ုပ်မျက်စိတွင် နောက်တစ်နေ့ ကမ္ဘာကြီးမီးဟုန်းဟုန်းတောက်လောင်၍ လူသားမှန်သမျှ အတုံးအရုံးသေဆုံးနေကြသည်ကိုလည်းမြင်ပြီး မသေမပျောက်သူတို့မှာ မကြည့်ရက် မမြင်ရက်စရာ သနားစဖွယ် အခြေအနေ ဆိုက်ရောက်နေကြတယ်။ နာရီနဲ့အမျှ အနမင်္ဂလာသတင်းတို့ကို စောင့်မျှော်နေရပါတယ်။ အောက်တိုဘာလထုတ် "ဒေလီစတက်"သတင်းစာတွင် "ကရုရှက်က သင်္ဘောများကို ဆက်လက်ခုတ်မောင်းရန် အမိန့်ပေးလိုက်ပြီ (သို့) စောင့်နေသော အမေရိကန်ရေတပ်သင်္ဘောများကို မြုပ်ပစ်ရန် အမိန့်ပေးလိုက်ပြီ"ဟု နာရီအမျှ ရေးသားကြမည်ကို မြင်ယောင်မိလာတယ်။

နာရီနဲ့အမျှ စစ်သတင်းများမှာ ရုရှားပြည်မှ စစ်ကြီးအတွက် ပြင်ဆင်သော သတင်းနဲ့ အမေရိကန်ပြည်မှ ပိုမိုကြီးမားသော စစ်ပြင်ဆင်မှုသတင်းများ ရေဒီယိုကြိုးမဲ့ကြေးနန်းနဲ့ ရုပ်မြင်သံကြားမှတစ်ဆင့် တွေ့မြင်ကြားယောင်နေပါတယ်။

နာရီနဲ့အမျှ အမေရိကန်သမ္မတနဲ့ အခြားထိပ်တန်းအရာရှိများရဲ့ စစ်ကိုလိုလားသော မိန့်ခွန်းများ၊ ဖလော်ရစ်ဒါပြည်နယ် စစ်အရာရှိကြီးများ၊ စစ်သားတို့နဲ့ သားမယားများ၊ အိမ်ထောင်စုများ စစ်ဘေးမှ ဝေးရာပြေးကြသော သတင်းများ ကြားနေမိပါတယ်။ နာရီနဲ့အမျှ လူသားတစ်ရပ်လုံး ဖျက်ဆီးချေမှုန်းခြင်းခံရမည့်ဘေးရန်မှ ပြေးမလွတ်အောင် ဖြစ်နေသည့်အရေး တွေးတောမြင်ယောင်မိပါတယ်။



အင်္ဂလန်ပြည်ငြိမ်းချမ်းရေးဖခင်ကြီး ဆရာကြီး "ဘာထရန်ရပ်ဆယ်လ်" ရေးသားခဲ့ပါတယ်။

ကမ္ဘာကြီးပျက်စီးတော့မယ်။ နေ့ရက်နီးလာနေပြီ ဆိုသော နိုးရိမ်ကြောင့်ကြစိတ်နဲ့ ကမ္ဘာပြည်သူ တစ်ရပ်လုံး ထိတ်လန့်တကြား ပြောခဲ့ကြတယ်။ ၁၉၆၂–ခုနှစ် အောက်တိုဘာလ(၂၂) ရက်နောက်ပိုင်းတွင် သတင်းများ ရက်ဆက်ကြားရပြန်တယ်။

အမေရိကန်သမ္မတ ကနေဒီမှာ ငှက်ဆိုးထိုးသံ ကြေညာချက် (သို့) အသုဘကြေညာချက်ထုတ်ပြီး ပင်တဂွန်စစ်ဌာနချုပ်မှ အမေရိကန်ထိပ်တန်း စစ်ဗိုလ်ချုပ်ကြီးများနဲ့ စစ်ရေးပြင်ဆင်မှုများ ဖုတ်ပူမီးတိုက် လုပ်လာခဲ့တယ်။

အမေရိကန်အစိုးရမှာ စစ်ပွဲသစ်ကြီးအတွက် ဥရောပတွင်ရှိနေသောစစ်တပ်၊ မြေထဲပင်လယ်တွင် စခန်းချနေသော အမှတ်(၆)သင်္ဘောတပ်စုနဲ့ စစ်သင်္ဘောများ၊ ထိုင်ဝမ်ကျွန်းတစ်ဝိုက်တွင် လှုပ်ရှားသွားလာနေသော အမှတ်(၇) ရေတပ်ကြီးနဲ့ အမေရိကန် ကုန်းတပ်၊ ရေတပ်၊ လေတပ်တို့ကို အသင့်ပြင်ထားရန် အမိန့်ပေးခဲ့တယ်။

အမေရိကန်တို့ အငြိုးတကြီး ရန်လိုချိန်မှာ တစ်ပြည်လုံးရှိ ခြေလျင်တပ်၊ လေထီးတပ်၊ သံချပ်ကာကားတပ်ကြီးများကို ကျူးဘားပြည်ကလေးထံ ဝိုင်းဝန်းတိုက်ခိုက်ရန် စုရုံးပေါင်းစည်းလိုက်ကြတယ်။

ကြံပြန့်နေတဲ့ အမေရိကန်စစ်သားများ စုပေါင်းလိုက်ရာ အမေရိကန်စစ်သား တစ်သိန်း၊ ရေတပ်သား ရှစ်သောင်းကျော်

www.burmeseclassic.com

www.burmeseclassic.com



ထောင်၊ စစ်သင်္ဘော ၁၈၃ စင်းကို ကျူးဘားပြည်လေးကို စေလွှတ်ခဲ့တယ်။ ထောင်နဲ့ချီတဲ့ စစ်လေယာဉ်တို့မှာ ကျူးဘားပြည်ကို အမေ ရိကန်တက်ရောက်တဲ့အခါ ကောင်းကင်မှ ကာကွယ်စောင့်ရှောက်လိုက်ပါရန် ပြင်ဆင်လေ့ကျင့်လျက် ရှိကြတယ်။

အမေရိကန်လေကြောင်းတိုက်ခိုက်ရေးတပ်မကြီးမှာ ရှိရှိသမျှ လေယာဉ်များရဲ့ ၂၀ ရာခိုင်နှုန်းမျှရှိတဲ့ လေယာဉ်ကြီးများမှာ ကမ္ဘာဖျက်လက်နက်ဖြစ်တဲ့ အနုမြူဗုံးကြီးများ၊ ဟိုက်ဒြိုဂျင်ဗုံးကြီးများ တင်ဆောင်လျက် ၂၄ နာရီလုံး ကောင်းကင်တွင် လှည့်ပတ်ပျံဝဲနေကြတယ်။

အမေရိကန်တို့ ကုန်း၊ ရေ၊ လေတပ်ကြီးတို့နဲ့ ကျူးဘားပြဿနာကို အကြောင်းပြုပြီး ကမ္ဘာကြီးပျက်ဆီးမိရှိ့ရန် ပြင်ဆင်စိုင်းပြင်းနေချိန်မှာ မဟာမိတ်များဖြစ်တဲ့ ဥရောပတိုက်မှ နေတိုးစစ်အုပ်စုဝင်နိုင်ငံများကလည်း ကမ္ဘာစစ်ပွဲသစ်ကြီးအတွက် လှုပ်ရှားပြင်ဆင်ခဲ့ကြတယ်။

စစ်ပွဲသစ်ကြီးရဲ့ ပထမဆုံးပစ်မှတ်၊ ပထမဆုံးစစ်မြေပြင်မှာ ကျူးဘားပြည်လေးသာဖြစ်လို့ လက်တင်အမေရိကန်နိုင်ငံအားလုံးမှာ အမေရိကန်တို့နဲ့ တွဲဖက်စစ်ဌာနချုပ်တစ်ခု ဖွင့်လှစ်ခဲ့တယ်။ သူတို့မှာ မတတ်သာတဲ့ ဝင်ရောက်ခဲ့သဖြင့် ကျေးဇူးခံကျေးဇူးစားဘဝနဲ့ ပါဝင်ပေးကြရတယ်၊ စိတ်တော့ မကောင်းကြပါ။ နယ်ချဲ့သမားတို့ရဲ့ ရန်ငြိုးနဲ့ ကျူးကျော်ရေးအစီအစဉ်ကြောင့် ကမ္ဘာမှာ နျူကလီးယားစစ်ပွဲကြီးရဲ့ အန္တရာယ်မှာ လူသားတို့နေထိုင်ရာ ကမ္ဘာကြီးပေါ် ဝဲနေခဲ့တယ်။



အမေရိကန်အစိုးရနဲ့ နောက်လိုက်များမှ တတိယကမ္ဘာစစ်ကြီးအတွက် စိုင်းပြင်းချိန် ဆိုဗီယက်ယူနီယံအစိုးရမှာ အမေရိကန်တို့ကို တုံ့ပြန်ရန် ပြင်ဆင်ရတော့တယ်။

၁၉၆၂-ခုနှစ် အောက်တိုဘာလ(၂၃)ရက်မှာ ဆိုဗီယက်ဝန်ကြီးချုပ် ခရုးရှက်မှ ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့တယ်။ ကမ္ဘာ့တင်းကြပ်မှုအတွက် အမေရိကန်အစိုးရမှာ ကြီးလေးစွာ တာဝန်ရှိတယ်။ မီးကို အရမ်းမဲ့ကစားသည့်အတွက် အမေရိကန်အစိုးရတွင် တာဝန်ရှိတယ်။ နိုင်ငံတကာပိုင် ပင်လယ်ပြင်တွင် အမေရိကန်သင်္ဘောများမှ ပင်လယ်ဓားပြများသဖွယ် ပြုကျင့်နေခြင်းကို မည်သည့်နည်းနဲ့မျှ သည်းခံလိမ့်မည်မဟုတ်၊ ပြဿနာအတွက် သင့်တော်သလို အရေးယူရလိမ့်မယ်လို့ ခရုးရှက်က အတိအလင်း သတိပေးခဲ့တယ်။

ဆိုဗီယက်ယူနီယံမှာ ကာကွယ်ရေး အစီအစဉ်များ ချက်ချင်းပြင်ဆင်ကြရာ တိုက်ချင်းပစ်ဒုံးပျံတပ် ရေပေါ်မှကောင်းကင်ပစ်ဒုံးပျံတပ်၊ ဆိုဗီယက်ယူနီယံတစ်ဝန်းလုံးရှိ လေယာဉ်ပစ်အမြောက်တပ်၊ သေနင်္ဂဗျူဟာရေကြောင်းတပ်မကြီးများ ရေတပ်စုကြီးများ စုစည်းခဲ့တယ်။

ဆိုဗီယက်မှာ အနုမြူရေငုပ်သင်္ဘောများနဲ့ အခြားရေငုပ်သင်္ဘောများ ဆိုဗီယက်ကာကွယ်ရေးဝန်ကြီး "မာလင်နော့စကီး" အမိန့်နဲ့ နေရာယူခဲ့ကြပြီ ဖြစ်တယ်။

ဆိုဗီယက်လက်နက်ကိုင်တပ်များ၊ တိုက်ခိုက်ရေးတပ်များ၊ ဒုံးပျံတပ်၊ လေယာဉ်ပစ်လေကြောင်းကာကွယ်ရေးတပ်များ အားလုံး တပ်လှန့်ထားကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဆိုရှယ်လစ်နိုင်ငံအချင်းချင်း စစ်ရေးပူးပေါင်းဆောင်ရွက်မှုအရ ဖွဲ့စည်းထားတဲ့ ဝါဆောစာချုပ်ဝင် နိုင်ငံများမှာ မိုးမပြို့ပြိုခဲ့သော်အရ စစ်ပွဲသစ်ကြီးအတွက် လိုအပ်တဲ့ ကာကွယ်ရေး အစီအစဉ်များ ဥရောပတိုက်မှ ဆိုရှယ်လစ်နိုင်ငံများ အပူတပြင်း လုပ်ဆောင်ကြတယ်။

ကျွန်တော်တို့ တော်လှန်ရေးသမားများမှာ ထိုအချိန်တွင် အတက်ကြွဆုံးနဲ့ အလုပ်ရှုပ်ဆုံး ဖြစ်နေကြပါတယ်။ ကျွန်တော်တို့မှာ အခြားသော ကမ္ဘာသူ ကမ္ဘာသားများလိုပင် ငြိမ်းချမ်းရေးကို လိုလားတယ်၊ မြတ်နိုးတယ်၊ အေးချမ်းသာယာရေးကို လိုလားကြပါတယ်။

ကျူးဘားပြည်လေး အာဏာရရှိလာပြီးနောက် အမေရိကန်အစိုးရမှာ လက်တစ်ဆုပ်စာရှိသော နိုင်ငံငယ်လေးကို အမျိုးမျိုးအနိုင်ကျင့်၊ စိုးမိုးခြယ်လှယ်ခဲ့တယ်။ နိုင်ငံရေးအရ စွက်ဖက်ခဲ့တယ်။ စီးပွားရေးအရ တိုက်ခိုက်ခဲ့တယ်။ ၁၉၆၁–ခုနှစ် ဧပြီလတွင် စစ်ရေးအရ အတိအလင်းကျူးကျော်လာခဲ့တယ်။

ကျွန်တော်တို့ ကျူးဘားတော်လှန်ရေးအစိုးရမှ လွတ်လပ်ခါစ အင်အားသေးငယ်လှတဲ့ ကျူးဘားပြည်ငယ်ကလေးရဲ့ အချုပ်အခြာ အာဏာပိုင်ဆိုင်မှုကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်နေရတယ်၊

ကျူးဘားတိုင်းပြည်ကို အစွယ်ငေါငေါနဲ့ ရန်လိုနေတဲ့ နယ်ချဲ့သမားတို့ နောက်တစ်ဖန် ကျူးကျော်မှုကို မခံရအောင် မိတ်ဆွေကောင်း ပီသ၍ ကိုယ်ချင်းစာနာမှုရှိတဲ့ တိုင်းပြည်တို့



မှ စစ်ရေးကူညီမှုများ မလွှဲမရှောင်သာ ယူလိုက်ရတယ်။ ကမ္ဘာ့ဆိုရှယ်လစ်နိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ဆိုဗီယက်ယူနီယံမှ ဒုံးကျည်လက်နက်အပါအဝင် နောက်ဆုံးပေါ် ခေတ်မီလက်နက်ကြီးများ မှာယူ၍ နယ်ချဲ့ရန်ကို ကာကွယ်ရန် အသင့်ပြင်ခဲ့တယ်။

နယ်ချဲ့သမားရဲ့ ကျူးကျော်စော်ကားမှုကို ကြည့်ရှုခြင်းအားဖြင့် ဆိုဗီယက်ယူနီယံဟူ၍မရှိ။ ဆိုရှယ်လစ်ဝါဒဂိုဏ်းဟု မရှိဘဲ သူတို့ပေးအပ်သော အကူအညီ မပါဘဲ ကျူးဘားကဲ့သို့ နိုင်ငံငယ်လေးမှာ အောင်ပွဲခံနိုင်လိမ့်မယ်လို့ တွေးမိတယ်။

အမေရိကန်တို့ ကျူးဘားတော်လှန်ရေးအစိုးရ အာဏာရရှိသည့်နောက်ပိုင်းမှာ အမျိုးမျိုး စွပ်စွဲပြောခဲ့တယ်။ ကျူးဘားအစိုးရမှ စစ်ရာဇဝတ်ကောင်များကို ခုံရုံးတင်စစ်ဆေး အပြစ်ပေးစဉ်က ကျူးဘားပြည်တွင် သွေးချောင်းစီးကုန်ကြပြီဟု အသံကုန်ဟစ်ခဲ့တယ်။

ကျူးဘားအစိုးရမှ အရင်းရှင် မြေရှင်စနစ် ဖျက်သိမ်းရေးလုပ်ငန်းများ လုပ်စဉ်က "ကျူးဘားပြည် နီသွားပြီ"ဟု ကယောင်ကတမ်း အော်ခဲ့တယ်။

ကျူးဘားပြည်သို့ ဆိုဗီယက်ယူနီယံမှ ဒုံးပျံလက်နက်များ ရောက်ရှိလာချိန်တွင် ကျူးဘားပြည်မှာ အမေရိကန်ပြည်ထောင်စုကို ကျူးကျော်ရန် ပြင်ဆင်နေပါပြီဟု သူခိုးမှ လူ…လူ ဟစ်ခဲ့ကြတယ်။

လူအင်အား ခြောက်သန်းကျော်နဲ့ လက်နက်အင်အားမရှိသော ကျူးဘားပြည်ကလေးမှာ လူဦးရေသန်းပေါင်း ၂၀၀ ကျော်

www.burmeseclassic.com

www.burmeseclassic.com



ရှိ ကမ္ဘာပေါ်တွင် လက်နက်အင်အား အကြီးမားဆုံး နိုင်ငံကြီး တစ်နိုင်ငံဖြစ်တဲ့ အမေရိကန်ပြည်ကြီးကို ကျူးကျော်ရန် ကြံစည်နေပါတယ်ဆိုတဲ့ စွပ်စွဲချက်မှာ ကမ္ဘာ့နိုင်ငံရေး အလောကတွင် အဓိပ္ပာယ်ကင်းမဲ့ဆုံးတဲ့ စကားလုံး ဖြစ်ခဲ့တယ်။

ကမ္ဘာ့အလယ်မှာ ရယ်ရွှင်စရာကောင်းတဲ့ ပြက်လုံးဖြစ်ခဲ့တယ်။ "နင်မဟုတ် နင့်အဖေပဲ"စကားနဲ့ အပြစ်ကင်းမဲ့တဲ့ သိုးငယ်လေးရဲ့ အသားကိုစားရန် ယုတ္တိမရှိတဲ့ စွပ်စွဲချက်များနဲ့ နည်းအမျိုးမျိုး စွပ်စွဲခဲ့တဲ့ အမေရိကန်အစိုးရမှာ ကျူးဘားပြည်ငယ်လေးထဲ အရှက်ကင်းမဲ့စွာ ချေမှုန်းပစ်ရန် ဝိုင်းဝန်းလာကြတော့တယ်။

ကျွန်တော်နဲ့ ကျူးဘားပြည်သူများမှာ နယ်ချဲ့စနစ်ရဲ့ ခြိမ်းခြောက်မှုအန္တရာယ်ကြားမှာ ရှိနေသမျှ ထာဝစဉ်ငြိမ်းချမ်းရေး မရနိုင်ဆိုတဲ့ အသိတရားနဲ့ အမေရိကန်တို့ရဲ့ ရန်စမှုကို ရင်ဆိုင်တုံ့ပြန်ရန် ပြင်ဆင်ခဲ့ကြပါတယ်။ တွန်းလှန်ပစ်ရမယ်။ တိုက်ရိုက်ကျူးကျော် တိုက်ခိုက်လာခဲ့ရင်လည်း လုံးဝနလန်မထူအောင် ချေမှုန်းပစ်ရမယ်။ ကျွန်တော်တို့ ရုပ်သံတို့မှ ကမ္ဘာကို အသိပေးပြီး ကျူးဘားတပ်မတော်တို့ကို အသင့်ပြင်ဆင် တိုးချဲ့ခဲ့ကြတယ်။

ကျွန်တော်တို့ ပြည်သူပြည်သားများအားလုံး အောက်တိုဘာလ(၂၃)ရက်နေ့မှာ ထိရောက်သော ကာကွယ်ရေးအစီအစဉ်များ လုပ်ဆောင်ခဲ့ကြတယ်။

တစ်နိုင်ငံလုံးရှိ လူငယ်၊ လူရွယ် အမျိုးသမီးများပါမကျန် ကျူးကျော် ပြည်သူကို လက်နက်ကိုယ်စီ ကိုင်စွဲ၍ အသက်နဲ့



ရင်း၍ တွန်းလှန်ခေါင်းထုတ်ပစ်ရန် ပြတ်သားသော အမိန့်ဒွာန် ချကြတယ်။

ကျူးဘားတပ်မတော်မှာ , ကမ်းရိုးတန်းတပ်များနဲ့ လေယာဉ်ပစ်အမြောက်တပ်များအား ရန်သူ့ထံ မျက်ခြည်မပြတ်ဘဲ စောင့်ကြည့်ရန်နဲ့ မျက်ခြည်မပြတ် စောင့်ကြည့်တိုက်ခိုက်ရန် ဖြစ်တယ်။ ကျူးဘားပြည်ရှိ မြို့ကြီးများတွင် လက်နက်ကိုင်တပ်သားနဲ့ ပြည်သူ့စစ်အဖွဲ့များ တိုက်တာနေအိမ် အဆောက်အအုံများပေါ်မှ စက်သေနတ်များနဲ့ ပင်လယ်ဘက် ချိန်ရွယ်ထားကြတယ်။

အမေရိကန်သမ္မတကနေဒီ စကားကြောင့် ကမ္ဘာကြီးတစ်ခုလုံး စစ်မီးဟုန်းဟုန်း ထတောက်လုဆဲဆဲ ဖြစ်နေတယ်။

ဗြိတိန်နိုင်ငံ ငြိမ်းချမ်းရေးဆရာကြီးမှာလည်း အောက်တိုဘာ(၂၃)ရက်စွဲနဲ့ သတင်းစာတိုက်များထံ "ကနေဒီမိန့်ခွန်းမှာ လူ့လောကတစ်ခုလုံး ချူကလီးယား သေတွင်းနှုတ်ခမ်းဝသို့ ပို့လိုက်သလို ဖြစ်ခဲ့တယ်ဟု သတင်းစာများစွာ ရေးသားထည့်သွင်းခဲ့တယ်။

ဘာထရန့်ဆယ်လ်မှာ လူ့လောကကြီး ချမ်းမြေ့ပျော်ရွှင်ရေးနဲ့ ကမ္ဘာ့ထာဝစဉ်ငြိမ်းချမ်းရေးအတွက် အကြိမ်များစွာ ဦးဆောင်ဦးရွက် ပြုခဲ့သူတစ်ဦး ဖြစ်တယ်။ ကျူးဘားအရေးတော်ပုံ အကြောင်းပြုပြီး ချူကလီးယားစစ်ပွဲကြီး ပေါက်ကွဲဖြစ်ပွားလာတော့မည့် အရေးကို အထူးပင် စိုးရိမ်ကြောင့်ကြသူ ဖြစ်၍ ထိုရက် အောက်တိုဘာ(၂၃)ရက်တွင် အမေရိကန်သမ္မတကနေဒီထံ အင်္ဂလန်ပြည်မှ ဆေးပို့ခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းချမ်းရေးဆရာကြီး "ဘာသထရန့်ဆယ်လ်"မှာ ကနေဒီရဲ့ အိမ်ဖြူတော်ကို စာရေးသားပေးပို့ပါတယ်။ ရေးသားချက်မှာ...

"သင်၏လုပ်ဆောင်ချက်မှာ ဂမူးရှူးထိုးနိုင်လှတယ်။ လူသားထုတစ်ရပ်လုံးကို ခြိမ်းခြောက်ရာကျပါတယ်။ တရားမျှတသည်ဟူ၍ မည်သို့မျှ စဉ်းစားတွေးတော၍ မရပါ။ ယဉ်ကျေးသော လူသားမှန်သမျှ ရှုတ်ချပစ်တင်နေကြပါတယ်။ ကျွန်ုပ်မှာ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်းများ မပြုလုပ်သင့်ပါ။ ရာဇသံပေးခြင်းမှာ စစ်ဖြစ်ခြင်းပင် ဖြစ်ပါတယ်...

ကျွန်ုပ်မှာ နိုင်ငံကြီးတစ်နိုင်ငံအတွက် ပြောဆိုနေခြင်း မဟုတ်ပါ။ ယဉ်ကျေးသော လူသားများအတွက် မေတ္တာရပ်ခံနေခြင်းသာ ဖြစ်တယ်။

ထိုရူးသွပ်မှုကို ရပ်တန့်ကာရပ်ပါ"

ဟု ဗြိတိန်ငြိမ်းချမ်းရေးဆရာကြီး "ဘာသထရန့်ဆယ်လ်"မှ ကနေဒီကို ရေးသားပေးပို့ချက် ဖြစ်ပါတယ်။

❀ ❀ ❀



(၂၁)

## ကျူးဘားအရေး ဆွေးနွေးကြရာဝယ်

ငြိမ်းချမ်းရေးဆရာကြီး "ဘာသထရန့်ဆယ်လ်"မှာ ကနေဒီထံ သံကြိုးစာရေးသားပြီးနောက် ထိုရက်မှာပင် ဆိုဗီယက်ယူနီယံဝန်ကြီးချုပ် "ထရုရှက်"ဆီသို့ ကြေးနန်းရိုက်ပြန်တယ်။

ဆရာကြီးဘာသထရန့်ဆယ်လ်ရဲ့ စာမှာ...

"ကျူးဘားပြည်အား တရားမျှတမှုကင်းမဲ့သော အမေရိကန်ပြည်ထောင်စု၏ စော်ကားရန်စမှုကို တုံ့ပြန်ခြင်းမပြုရန် သင့်အား ကျွန်ုပ် မေတ္တာရပ်ခံပါတယ်...

သတိတရား လက်ကိုင်ထားခြင်းကို ကမ္ဘာတစ်ခုလုံးက ထောက်ခံကြပါလိမ့်မယ်။ ကုလသမဂ္ဂမှတစ်ဆင့် ကန့်ကွက်ရှုတ်ချခြင်းဖြင့် အဖြေရှာကြရန် တိုက်တွန်းပါတယ်။ တင်းမာသော လုပ်ဆောင်ချက်များမှာ လူသားတစ်ရပ်လုံးကို ဆိတ်သုဉ်းပျောက်ကွယ်စေနိုင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဆရာကြီးဘာထရန်ရပ်ဆယ်လ်မှ ဝန်ကြီးချုပ်ထံ စာရေးခဲ့တယ်။

ဆရာကြီး"ဘာထရန်ရပ်ဆယ်လ်"မှာ ကုလသမဂ္ဂအတွင်းဝန်ချုပ် ဦးသန့်ထံကိုလည်း အမေရိကန်ပြည်ထောင်စုရဲ့ စိတ်မချမ်းမြေ့ဖွယ်ရာ လုပ်ဆောင်ချက်ကို ကုလသမဂ္ဂမှ အမြန်ဆုံးရှုတ်ချပြစ်တင်ရန် အကြောင်းကြားလိုက်တယ်။ အကြောင်းကြားစာထဲမှာ ဆရာကြီးဘာထရန်ရပ်ဆဲယ်လ်က ထိုကိစ္စနဲ့ပတ်သက်သမျှအားလုံး ကူညီဆောင်ရွက်ပေးရန် လိုအပ်ပါက မည်သည့်ကိစ္စမျိုးကိုမဆို ကူညီပေးပါမည်ဟု ခကာကမ်းလှမ်းခဲ့တယ်။

ကျွန်တော်တို့ ကျူးဘားပြည်အရေးတော်ပုံကြောင့် လူသားထုတစ်ရပ်လုံး ပြုတ်ပြုတ်ပြန်းတော့မည့် ဘေးအန္တရာယ်ဆိုးကြီးမှ ကင်းလွတ်ကြောင်းအတွက် ပြန်စာတွင် ... "ကျူးဘားရေပြင်တွင်ရောက်နေကြသော ဆိုဗီယက်သင်္ဘောများ ပြန်လည်ခေါ်ယူပြီး ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် အမေရိကန်အစိုးရနှင့် တွေ့ဆုံဆွေးနွေးကြပါရန် တိုက်တွန်း ဖော်ပြကြတယ်။

ဆရာကြီးမှာ အမေရိကန်သမ္မတ ကနေဒီထံ ကြေးနန်းတစ်စောင် ပို့ခဲ့ပြန်တယ်။

ထိုစာမှာ ဝန်ကြီးချုပ် ကရုးရှက်ရဲ့ အဆိုပြုချက်အရ ပြဿနာကို တွေ့ဆုံဆွေးနွေးကြရန် သင့်အား မေတ္တာရပ်ခံပါယ်။ တစ်ဖက်နဲ့တစ်ဖက် အပြန်ပြန်အလှန်လှန် ပစ်ခတ်ပြီးကြမှသာဆွေးနွေးရင် နောက်ကျသွားမှာ ဖြစ်ပါတယ်။



ကရုးရှက်နဲ့ တွေ့ဆုံဆွေးနွေးရန် သင့်အား မေတ္တာရပ်ခံပါတယ်။ ဘေစ်ဂုံတစ်ရာ ကူညီဆောင်ရွက်ရန်ကိစ္စများ ပေါ်ပေါက်ပါက ကျွန်ုပ်ထံ အကြောင်းကြားစေလိုပါတယ်ဟု ဆရာကြီးဘာထရန်ရပ်ဆယ်လ် ရေးသားခဲ့တယ်။

ဈေးကလီးယားစစ်ပွဲကြီးမှာ ကမ္ဘာကြီးပေါ်တွင် ကျရောက်တော့မည်မှာ အလွန်နီးကပ်နေတယ်။

ဆိုဗီယက်သင်္ဘောများ အမေရိကန်သင်္ဘောများ ဝိုင်းဝန်းပိတ်ဆို့ထားတဲ့ ပင်လယ်ရေပြင်သို့ ရောက်ရှိလာခဲ့ကြတယ်။

ကမ္ဘာ့ပြည်သူများနဲ့ ကျူးဘား ပြည်သူပြည်သားတို့မှာ အသည်းထိတ် ရင်တမမနဲ့ သတင်းများ နားစွင့်နေကြတယ်။

အမေရိကန်စစ်သင်္ဘောတို့မှာ ဆိုဗီယက်သင်္ဘောများထံ ရပ်တန့်စစ်ဆေးရှာဖွေသည်ကို ဆိုဗီယက်သင်္ဘောမှ အသာတကြည်ခွင့်ပြုလိုက်တော့တယ်။ အမေရိကန်အစိုးရမှာ အံ့သြစရာဖြစ်ပြီးကမ္ဘာ့ပြည်သူတို့မှာ စိတ်ချမ်းသာစရာ ဖြစ်သွားကြတယ်။

ကမ္ဘာ့သတင်းစာများစွာမှ "အမေရိကန်စစ်သင်္ဘောများရဲ့ရှာဖွေစစ်ဆေးခြင်းကို ဆိုဗီယက်သင်္ဘောများက လက်ခံခွင့်ပြုခြင်းနဲ့ အမေရိကန်ရေတပ်အရာရှိများ ဆိုဗီယက်သင်္ဘောပေါ်သို့တက်၍ စစ်ဆေးကြပြီ၊ သတင်းများ ဖြန့်ဝေကြတယ်။ လူ့အပေါင်းစိုးရိမ်မှုများစွာနဲ့ ဖတ်ရှုကြ၊ ကြည့်မြင်ကြရတယ်။

ဆိုဗီယက်သင်္ဘောပေါ်ကို စစ်ဆေးတဲ့ အမေရိကန် အရာရှိများမှာ ဆိုဗီယက်သင်္ဘောပေါ်တွင် လက်နက်တစ်စုံတစ်ရာ မတွေ့ရှိသဖြင့် ကျူးဘားပြည်ကို မောင်းနှင်ခွင့် ပြုလိုက်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



၇

ကမ္ဘာကြီးတစ်ခုလုံး စိတ်ချလက်ချ အသက်ရှူဖွင့်ကြတော့တယ်။ ကမ္ဘာကြီးမှာ ထိုအရေးကြောင့် နျူကလီးယားစစ်ပွဲကြီးမှ သီသီလေး လွဲခဲ့ကြတယ်။

ဆိုဗီယက်ဝန်ကြီးချုပ် ကရူးရှက်ရဲ့ အမိန့်နဲ့ လက်နက်တင်သင်္ဘောကြီးမှာ လာရာလမ်းအတိုင်း ပြန်လှည့်မောင်းနှင်ခဲ့ကြတယ်။

အမေရိကန်မှာ ကျူးဘားပင်လယ်ပြင်တွင် စိုးမိုးဒိုလ်ကျနေဆဲပင်ရှိနေတယ်။ ကမ္ဘာအရပ်ရပ်မှ အရှေ့အုပ်စု၊ အနောက်အုပ်စုတို့မှ စစ်တပ်ကြီးများမှာ တစ်ဖက်နဲ့တစ်ဖက် နောက်ဆုံးပေါ်လက်နက်ကြီးများ ချိန်ရွယ်ကိုင်စွဲ ရန်စောင်နေကြဆဲဖြစ်တယ်။

ဆိုဗီယက်ဝန်ကြီးချုပ် ကရူးရှက်မှာ ငြိမ်းချမ်းရေးဆရာကြီး ဘာထရန်ရပ်ဆဲလ်ထံ အောက်တိုဘာလ(၂၄)ရက်တွင် ရေးသားပေးပို့ချက်မှာ အမေရိကန်နယ်ချဲ့သမားတို့ရဲ့ ခြိမ်းခြောက်အကြပ်ကိုင်မှုကို လိုက်လျောခဲ့ပါက လောကမသတ်နိုင်ဘဲ ရလေလိုလေ အိုတစ္ဆေ ဖြစ်လာလိမ့်မည်ဟု ပြောခဲ့တယ်။

သတိပေးချက် ရေးသားတဲ့အတိုင်း ကြုံတွေ့လာရပြီဖြစ်တယ်။ ဝန်ကြီးချုပ် ကရူးရှက်အမိန့်နဲ့ လက်နက်တင်သင်္ဘောများ ကျူးဘားရေပြင်မှ နောက်ကြောင်းပြန်လှည့် ခုတ်မောင်းခဲ့ပြီး လက်နက်မပါတဲ့ သင်္ဘောများကို အမေရိကန်အရာရှိများအား တက်ရောက်ရှာဖွေ စစ်ဆေးခံခဲ့တယ်။

အမေရိကန်အစိုးရမှာ နောက်ထပ် အရေးဆိုလာပြန်သည်မှာ ကျူးဘားပြည်တွင် ရှိနေရဲ့ ဆိုဗီယက်ဒုံးပျံစခန်းများကို ဝင်ရောက်စစ်ဆေးခွင့်ပြုရန် တောင်းဆိုပြန်တယ်။



အမေရိကန်အစိုးရမှာ တောင်းဆိုကြေညာပြီး အမေရိကန်သူလျှိုလေယာဉ်များဖြင့် တိတ်တဆိတ် ရိုက်ကူးခဲ့တဲ့ ကျူးဘားပြည်မှ ဆိုဗီယက် ဒုံးပျံစခန်းများထံ ဓာတ်ပုံအမြောက်အမြားနဲ့ ကုလသမဂ္ဂတွင် ဖော်ထုတ်ပြသလိုက်တယ်။

အမေရိကန်သမ္မတ ကနေဒီမှာ အကြံပက်စက်သူတစ်ယောက်ဖြစ်၍ ငြိမ်းချမ်းရေးဆရာကြီး "ဘာထရန်ရပ်ဆဲယ်လ်"ရဲ့ ကြေးနန်းစာကို ရရှိသော်လည်း မသိဟန်ပြုခဲ့တယ်။

ဆရာကြီးထံ အောက်တိုဘာ(၂၆)ရက်တွင် ကျူးဘားပြည်မှ ဆိုဗီယက်ဒုံးပျံစခန်းများအကြောင်း ဓာတ်ပုံများနဲ့တကွ အကြောင်းပြန်ကြားတော့တယ်။

သမ္မတကနေဒီမှာ ဆရာကြီးဘာထရန်ရပ်ဆဲလ်ထဲ ရေးသားချက်မှာ သင့်ထံမှ ကြေးနန်းစာ လက်ခံရရှိပါတယ်။ ပြဿနာအရပ်ရပ်ကို ယခု လောလောဆယ် ကုလသမဂ္ဂတွင် ကျွန်တော်တို့ ဆွေးနွေးနေကြပါတယ်။ သင့်ကြေးနန်းစာမှာ အမေရိကန်ပြည်ထောင်စုကို စေဖန်ထားသော စာဖြစ်ရာ ထိုထဲတွင် ကျူးဘားပြည်ရှိ လျှို့ဝှက်သော ဆိုဗီယက်ဒုံးပျံစခန်းများနဲ့ ပတ်သက်၍ သင်ရဲ့သဘောထားများကို ဖော်ပြထားခြင်း မရှိပါ။

သင်သည် သူခိုးများ ဖမ်းမိထားတဲ့ အိမ်ရှင်အကြောင်း မကောင်းပြောနေခြင်းထက် ထိုသူခိုးများကို အာရုံစိုက်သင့်သည်ဟု ယူဆပါတယ်ဟု အမေရိကန်သမ္မတ ကနေဒီက ဆရာကြီး ဘာထရန်ရပ်ဆဲလ်ထံ ရေးသားပို့ပေးခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းချမ်းရေးဆရာကြီး ဘာထရန်ရပ်ဆဲမှာ အောက်တိုဘာလ(၂၆)ရက်နေ့မှာပင် အမေရိကန်သမ္မတ ဂျွန်အက်ဖ်ကနေဒီထံ စာချက်ချင်း ပြန်ခဲ့တယ်။

ငြိမ်းချမ်းရေးဆရာကြီး ရေးသားတဲ့စာမှာ... ချစ်လှစွာသော သမ္မတကြီးကနေဒီ၊ ကျွန်ုပ်ပေးစာကို အကြောင်းပြန်ကြားသည့်အတွက် အထူးပင် ကျေးဇူးတင်ရှိပါတယ်။

နျူကလီးယားဒုံးပျံများနဲ့ ပတ်သက်ပြီး သင်နဲ့ စိုးရိမ်ကြောင့်ကြမှုကို ကျွန်ုပ် ကောင်းစွာသဘောပေါက်ပါတယ်။ ကျွန်ုပ်ဆိုလိုရင်းမှာ ဆိုဗီယက်သင်္ဘောများကို ဖောက်ခွဲနှစ်မြှုပ်ပစ်မည်ဟူ၍ ခြိမ်းခြောက်ကာ ရေတပ်ဖြင့် ပိတ်ဆို့ခြင်းသည် လူ့လောကကြီးအား လုံးဝပျက်စီးပျောက်ကွယ်စေမည့် နှုတ်ခမ်းဝကို ရောက်အောင် ပြုလုပ်လိုက်ခြင်း ဖြစ်သည်ဟူသော အချက်ပင် ဖြစ်ပါတယ်။

ကျူးဘားပြည်အား ကျူးကျော်တိုက်ခိုက်မှုနဲ့ နျူကလီးယားစစ်ပွဲ ဖြစ်ပွားစေမည့် အရမ်းကာရော ပြုလုပ်ခြင်းများကို ရှောင်ရှားရန် သင့်အား ကျွန်ုပ် တောင်းပန်လိုပါတယ်။

အပြန်အလှန်အားဖြင့် တူရကီပြည်တွင် ရှိနေတဲ့ သင်တို့ရဲ့ ဒုံးပျံစခန်းများကို ကုလသမဂ္ဂမှ ဝင်ရောက်စစ်ဆေးလိုသည်ဆိုပါက သင်လည်း လက်ခံနိုင်ပါမလား။

ရုရှားပြည် ပတ်ဝန်းကျင်တစ်ဝိုက်မှာ ဒုံးပျံစခန်းများကို ရွှေ့ပြောင်းပစ်ခြင်းဖြင့် အမေရိကန်တို့အဖို့ ငြိမ်းချမ်းရေးအတွက် အင်အားကြီးမားလာဖွယ်ရာ ရှိသည်ဟု ယူဆပါက ဆိုဗီယက်တို့



ဘက်ကလည်း အပြန်အလှန် အလားတူ ယူဆကြရမည်သာ ဖြစ်တယ်။

အမေရိကန်ပြည်ထောင်စုက ကျူးဘားပြည်ကလေးအား ကျူးကျော်တိုက်ခိုက်ခြင်း မပြုပါဟူ၍ သင့်ထံမှ အခိုင်အမာ ကတိရှိခဲ့ပါက ကုလသမဂ္ဂ၏ ဝင်ရောက်စစ်ဆေးခြင်းကို လက်ခံပါရန် ဒေါက်တာကာပ်စထရိုထံ ကျွန်ုပ် မေတ္တာရပ်ခံလိုက်ပါတယ်။

ဆိုးဝါးကျပ်တည်းလှသော လက်ရှိအခြေအနေကို ပြောင်းလဲ၍ မျှော်လင့်ခြင်းတရား ကြီးမားစွာ ပေါ်ပေါက်လာစေရန်မှာ သင့်လက်ထဲတွင် ရှိနေပါတယ်။

ယခုအခါ သင်က ငြိမ်းချမ်းရေးကို ရှေးရှုဆောင်ရွက်မှုများ ပြုလုပ်သွားမည် ဆိုပါက တစ်ကမ္ဘာလုံးက သင့်အား ကျေးဇူးတင်ရှိကြပါလိမ့်မယ်ဟု အင်္ဂလန်ငြိမ်းချမ်းရေးဆရာကြီး ဘာထရန်ရပ်ဆဲလ်က အမေရိကန်သမ္မတ ကနေဒီထံ ပြန်ကြားမေတ္တာရပ်ခံခဲ့တယ်။

အင်္ဂလန်ပြည် ငြိမ်းချမ်းရေးဆရာကြီး ဘာထရန်ရပ်ဆဲလ်မှာ ကျွန်တော့်ထံသို့ မေတ္တာရပ်ခံပန်ကြားစာ ရေးခဲ့တယ်။

ဆရာကြီးရေးသောစာမှာ...

"ကျွန်ုပ် သင့်အားလည်းကောင်း တရားလက်လွတ်ပြုမူခြင်း ခံနေကြရသော ကျူးဘားပြည်သူများ အားလည်းကောင်း အထူးပင် ကိုယ်ချင်းစာနာမိပါတယ်။

ကျူးဘားပြည်အား ကုလသမဂ္ဂ ဝင်ရောက်စစ်ဆေးခြင်းများကို ခွင့်ပြုရန်နှင့် ကုလသမဂ္ဂ၏ ကာကွယ်စောင့်ရှောက်မှုကို ခံယူပါရန် သင့်အား ကျွန်ုပ် အနူးအညွတ် ပန်ကြားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျူးဘားပြည်အား ကျူးကျော်တိုက်ခိုက်ခြင်း မပြုပါဟု ၍ အခိုင်အမာ ကတိပေးချက် ရရှိခဲ့ပါက အပြန်အလှန်အားဖြင့် ကာကွယ်ရေးအတွက်ဝင် ထားရှိသည်ဖြစ်စေ မည်သည့်ဒုံးပျံများကိုမဆို လူသားထုတစ်ရပ်လုံးအတွက် ပြန်လည်ရုပ်သိမ်းခွင့်ပြုရန် သင့်အား ကျွန်ုပ် မေတ္တာရပ်ခံ တောင်းပန်အပ်ပါတယ်"

ငြိမ်းချမ်းရေးဆရာကြီးမှာ ကျွန်တော့်ထံသို့ စိုးရိမ်ကြောင့်ကြစွာနှင့် ရေးသားခဲ့ပါတယ်။

ငြိမ်းချမ်းရေးဆရာကြီး ရပ်ဆဲယ်လ်မှာ လူ့လောကကြီးတစ်ခုလုံး မီးဟုန်းဟုန်းတောက်လောင်မည့်ဘေးမှ ကင်းဝေးစေရန်နဲ့ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် မိုးရိုးသားသား ရှုမြင်သုံးသပ်လေ့ ရှိသောသူ ဖြစ်တယ်။

ဆရာကြီးရပ်ဆဲယ်လ်မှာ စက်တင်ဘာ(၂၆)ရက်မှာပင် ဆိုဗီယက်ဝန်ကြီးချုပ် ကရုးရှက်ထံ စာတစ်စောင် ရေးသားပို့ခဲ့ပါတယ်။ စာများမှာ ကနေဒီနဲ့ ကပ်စထရို ကျွန်တော့်ထံ ပေးပို့ခဲ့တဲ့ စာပါ အချက်အလက်အတိုင်း အမေရိကန်တို့မှ ကျူးဘားပြည်ကို မကျူးကျော် မတိုက်ခိုက်ပါဟူ၍ ခိုင်မာစွာ ကတိပေးလာပါက ကျူးဘားပြည်ရှိ ဒုံးပျံစခန်းများကို ပြန်လည်ရုပ်သိမ်းပါရန် တောင်းပန်ခဲ့တယ်။

ဆရာကြီးရပ်ဆဲယ်လ်ရဲ့ မေတ္တာရပ်ခံချက်နဲ့ ဆိုဗီယက်ဝန်ကြီးချုပ် ကရုးရှက်မှ ကျူးဘားပြည်ရှိ ဒုံးပျံစခန်းများ ပြန်လည်ရုပ်သိမ်းပါမည်ဆိုတဲ့ကတိ ပေးလိုက်တယ်။



အင်္ဂလန်ပြည်ရှိ အသက်(၉၀)ကျော်ရှိ ငြိမ်းချမ်းရေးဆရာကြီး ရပ်ဆဲယ်လ်မှာ ဝန်ကြီးချုပ် ကရုးရှက်ထံမှ ကတိစကားရရှိပြီးနောက် စိတ်အေးချမ်းသာ ရှိခဲ့တယ်။ သို့သော် ကျွန်တော်တို့ ကျူးဘားပြည်တွင်းသို့ ကုလသမဂ္ဂဝင်ရောက်ပြီး ဆိုဗီယက်ဒုံးပျံစခန်းများ စစ်ဆေးရန် တောင်းဆိုထားသော ပြဿနာကျန်နေသေးတယ်။

၁၉၆၂–ခုနှစ်၊ အောက်တိုဘာလ(၂၇)ရက်တွင် ကုလသမဂ္ဂအတွင်းဝန်ချုပ် ဦးသန့်ထံ ကြေးနန်းတစ်စောင် ပို့လိုက်တယ်။

ကျွန်တော့်စာမှာ ကျူးဘားအရေးမှာ သေရေးရှင်ရေး ဖြစ်နေပါတယ်။ သို့ဖြစ်ရာ ဒုံးပျံစခန်းများကို စစ်ဆေးရန် တောင်းဆိုချက်များကို ဦးမံဆောင်ရွက်ရန်အတွက် ခုံလူကြီးအဖြစ် သင်ကိုယ်တိုင် ကျူးဘားပြည်သို့ လာရောက်နိုင်ပါမည်လား။ ဤကိစ္စတွင် ယခုကဲ့သို့ ဝင်ရောက်ဆွေးဖက်ရန်မှာ သင်မှတစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်မှ စွမ်းဆောင်နိုင်မည် မဟုတ်ပါ။ ယခုကဲ့သို့ သင်သွားရောက်ခြင်းဖြင့် နောက်ဆုံးမိုက်မဲမှုများကို လက်ဦးမှုယူ၍ ဖြေရှင်းလိုက်နိုင်ပါလိမ့်မယ်။

သင့်အား ရင်းနှီးလှစွာသော မိတ်ဆွေအဖြစ် ထာဝစဉ်လေးစားလျက်ရှိပါတယ်ဟု ကျွန်တော် ကုလသမဂ္ဂအတွင်းဝန်ချုပ် ဦးသန့် ရေးသားဖိတ်ခေါ်လိုက်ပါတယ်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



# (၂၂)

## ကျူးဘားအရေး ဦးသန့် ဆွေးနွေး

၁၉၆၂–ခုနှစ် အောက်တိုဘာလ(၃၁)ရက်။ ညနေ ၃း၁၀ နာရီတွင် ကျူးဘားပြည်၊ ဟားဗားနားမြို့ သမ္မတနန်းတော် အဆောက်အအုံကြီးတွင် ကုလသမဂ္ဂ အတွင်းဝန်ချုပ် ဦးသန့်နဲ့ ကျွန်တော်တို့ တွေ့ဆုံဆွေးနွေးခဲ့ကြတယ်။ ကုလသမဂ္ဂအတွင်းဝန် ဦးသန့်မှာ အောက်တိုဘာလ(၂၇)ရက်တွင် ကျွန်တော့်ထံမှ စာလက်ခံရရှိပြီးနောက် အောက်တိုဘာလ(၃၀)ရက်နေ့မှာ ကျူးဘားပြည်သို့ ရောက်ရှိခဲ့ပါတယ်။

ကုလသမဂ္ဂ အတွင်းဝန်ချုပ် ဦးသန့်မှာ အင်္ဂလန်ပြည် ငြိမ်းချမ်းရေးဆောင်ရွက်ခဲ့သူ ဆရာကြီး ဘာထရန်ရပ်ဆဲယ်လ် ထံမှ ကျူးဘားပြည်သို့ သွားရောက်ရန်၊ ကျူးဘားပြဿနာကို တွေ့ဆုံဆွေးနွေးရန် မေတ္တာရပ်ခံ ပန်ကြားစာကို လက်ခံရရှိခဲ့ပြီး



ကျွန်တော် ကပ်စထရိုမှ အတွင်းဝန်ချုပ် ဦးသန့်အား ကျူးဘားပြည်သို့ လာရောက်ရန် လိုက်လှဲစွာ ဖိတ်ခေါ်ခဲ့တယ်။

ကျွန်တော်နဲ့ ဦးသန့်တို့မှာ အမေရိကန်ကျူးကျော်ရန်စမှုတို့ကို သိရှိနားလည်ပြီး ကျူးဘားပြည်မှ ပြည်သူလူထုများကို ရင်းရင်းနှီးနှီး တွေ့ဆုံခဲ့တယ်။

ကျူးဘားတပ်မတော် အကြီးအကဲများနဲ့ ကျူးဘားအကျဉ် အတည်းကြီးကို ဆွေးနွေးခဲ့ကြပါတယ်။

ကုလသမဂ္ဂအတွင်းဝန် ဦးသန့်မှာ ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း ၁၀၀ ကျော် ပါဝင်ဖွဲ့စည်းထားသော ကမ္ဘာ့ကုလသမဂ္ဂကြီး၏ တာဝန်အရှိဆုံးပုဂ္ဂိုလ် ဖြစ်တယ်။ အတွင်းဝန်ဦးသန့်မှာ အာရှ တိုက်သား မြန်မာပြည်ဘွား တစ်ဦးဖြစ်ပါတယ်။

ကမ္ဘာပေါ်တွင် အငယ်ဆုံးတိုင်းပြည်ကလေးပင် ဖြစ်သော်လည်း နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲကို အကြောင်းပြုပြီး ယခုအခါ ကျူးဘားရေးတော်ပုံကိစ္စများကို ကျွန်တော်နဲ့ ကျူးဘားခေါင်းဆောင်များနဲ့အတူ အတွင်းဝန်ဦးသန့်တို့မှာ လူသားတို့ငြိမ်းချမ်းရေးအတွက် မျက်မှောက်ချင်းဆိုင်ထိုင်ကာ ဆွေးနွေးခဲ့ကြတယ်။

အတွင်းဝန်ဦးသန့်နဲ့ ကျွန်တော်တို့ ကျူးဘားမှာ သမိုင်းဝင် ဖြစ်ရပ် ဖြစ်ပေါ်နေပါတယ်။ ဆွေးနွေးပွဲတွင် အတွင်းဝန် ဦးသန့် ပြောသော စကားအချက်အလက်တို့မှာ အလွန်စိတ်ဝင်စားဖွယ် ရာ ကောင်းလှပါတယ်။

အတွင်းဝန် ဦးသန့် ကျူးဘား၊ ဟားဗားနားနန်းတော် အဆောက်အအုံကြီးမှာ ပြောဆိုဆွေးနွေးခဲ့သည်မှာ...

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် တင်ပြလိုသော အချက်တစ်ချက် ရှိနေပါတယ်။ နယူးယောက်မှာ ဆိုဗီယက်ယူနီယံရဲ့ ကိုယ်စားလှယ်များနဲ့ ဆွေးနွေးခဲ့စဉ်နဲ့ အမေရိကန်ပြည်ထောင်စုရဲ့ ကိုယ်စားလှယ်များနဲ့ တွေ့ဆုံဆွေးနွေးစဉ်က ဗိုလ်ချုပ်ကြီးရစ်ကီ ပါဝင်ခဲ့တယ်။ အခု အချိန်မှာ ဝန်ကြီးချုပ်နဲ့ တွေ့ဆုံဆွေးနွေးရာမှာ သူလည်းပါဝင် တက်ရောက်ခွင့်ရမယ်ဆိုရင် ပိုပြီးအကျိုးရှိလိမ့်မယ်လို့ ကျွန်တော် ယူဆပါတယ်။ ကုလသမဂ္ဂအတွင်းဝန်မှ ဗိုလ်ချုပ်ကြီးရစ်ကီကို ဆွေးနွေးပေးရန် ခေါ်သဖြင့် ဗိုလ်ချုပ်ကြီး ဆွေးနွေးရန် ရောက်ရှိလာပါတယ်။

အတွင်းဝန်ဦးသန့်မှာ ကျွန်တော့်ထံ ဓူးဒိုက်ကြည့်လျက် စကားဆက်ပြောပြန်တယ်။ ဝန်ကြီးချုပ်ကပ်စထရို… ခင်ဗျား ကျွန်တော့်ကို ကျူးဘားပြည်လာဖို့ ဖိတ်ခေါ်သဖြင့် ဝန်ကြီးချုပ်နဲ့ အစိုးရအဖွဲ့ကို ကျေးဇူးတင်တဲ့အကြောင်း ပထမဆုံး ပြောချင်တယ်။ အခုကိစ္စအတွက် ဖိတ်ကြားတာကို မဆိုလိုပါဘူး။ အရင်က ဖိတ်ကြားခဲ့တာကိုလည်း ကျေးဇူးတင်ရှိပါတယ်။ ဖိတ်ကြားချက် လက်ခံစဉ်က ကျွန်တော်ပြောခဲ့တဲ့အတိုင်း အမြန်ဆုံးရောက်အောင် လာခဲ့ပါတယ်။

ဒီနေ့နဲ့ မနက်ဖြန်မှာ ကျွန်တော်တို့ဟာ ကျူးဘားပြည်ရဲ့ အချုပ်အခြာအာဏာနဲ့ လွတ်လပ်ရေးကို လေးလေးစားစားရှိပြီး အဆုံးသတ်သဘောတူ ပြေလည်မှု ရရှိဖို့အတွက် အကျိုးသက်ရောက်မယ့် ဆွေးနွေးချက်တွေ ပေါ်ပေါက်လာပါလိမ့်မယ်။



ကျွန်တော် အတွင်းဝန်ကို ဆွေးနွေးရာမှာ အချိန်ကြာချင်ကြာပါစေ၊ လိုအပ်နေသော ပြဿနာ ဆွေးနွေးဖို့ပါဘဲ၊ ကြိုက်သလို အချိန်ပေးနိုင်ပါတယ်ဟု ပြောခဲ့တယ်။

ကျူးဘားပြဿနာတွေ လွန်ခဲ့သော အပတ်ထဲက လုံခြုံရေးကောင်စီထံ ရောက်လာပါတယ်။

တစ်ချိန်တည်းမှာ ဘန်ဒေါင်းနဲ့ ဘဲလ်ဂရိတ်ညီလာခံတွေကို တက်ရောက်ခဲ့တဲ့ တိုင်းပြည်အများစု ပါဝင်တဲ့ ကြားနေနိုင်ငံပေါင်း(၄၅)နိုင်ငံမှလည်း ဒီကျူးဘားပြဿနာကို ဆွေးနွေးမဲ့ကြပါတယ်။

အဲဒီတိုင်းပြည်(၄၅)နိုင်ငံဟာ နှစ်ကြိမ်တိုင်တိုင် ဆွေးနွေးခဲ့ပြီးနောက် သူတို့က ကျွန်တော်နှင့် ဆွေးနွေးဖို့ ကိုယ်စားလှယ်အချို့ စေလွှတ်ခဲ့ကြပါတယ်။

ကျွန်တော်ကိုယ်တိုင်မှာလည်း ကြားနေနိုင်ငံတစ်ခုကလာတဲ့သူဖြစ်လို့ အစည်းအဝေးနှစ်ခုစလုံးမှာ ကျွန်တော်လည်းတက်ခဲ့ပါတယ်။

ကိုယ်စားလှယ်အဖွဲ့က ဒီကျူးဘားပြဿနာနဲ့ ပတ်သက်ပြီး ငြိမ်းချမ်းစွာ ပြေလည်မှုရအောင် ရှေ့ဆောင်ကူညီဖြေရှင်းပေးဖို့ ကျွန်တော့်ကို ခေတ္တာရပ်ခံကြပါတယ်။

ကျွန်တော် ရှေ့ဆောင်ဖြေရှင်းဖို့ အောက်တိုဘာလ(၂၄)ရက်မှာ ဆုံးဖြတ်ချက် ချခဲ့ပါတယ်။

လုံခြုံရေးကောင်စီမှာ ကိုယ်စားလှယ်အဖွဲ့ သုံးဖွဲ့က တင်ပြသွားကြတဲ့ အချက်တွေကို နားထောင်ရပြီးနောက် ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



အနေနဲ့ နိုင်ငံကြီးသုံးနိုင်ငံကို မေတ္တာရပ်ခံဖို့ကိစ္စဟာ အမြန်ဆုံး ဆောင်ရွက်ရမယ့် ပြဿနာပဲလို့ သဘောပေါက်လာခဲ့ပါတယ်။

ကျူးဘားပြည်ကို နောက်ထပ် နှစ်ပတ် သုံးပတ်အထိ လက်နက်တွေ တင်မပို့ဘဲ အလိုအလျောက် ရပ်ဆိုင်းထားဖို့ ဝန်ကြီးချုပ် ကရုရှက်ဆီကို ကျွန်တော် မေတ္တာရပ်ခံခဲ့ပါတယ်။

အခု လူကြီးမင်းကို ဒုံးပျံစခန်းတွေ တည်ဆောက်နေတာကို အလိုအလျောက် ရပ်ဆိုင်းထားဖို့ ကျွန်တော် တင်ပြခဲ့ပါတယ်။

ဒီလို ရပ်ဆိုင်းစေချင်သော သဘောကတော့ ဒီပြဿနာကို ကျွန်တော်တို့ ခေါင်းအေးအေးနဲ့ ညှိနှိုင်းဆွေးနွေးရအောင်လို့ပါပဲ။

အဲဒီလို ပန်ကြားချက်တွေ ထုတ်ပြန်ပြီးပြီးချင်းပဲ ကျွန်တော် ဆောင်ရွက်ဖို့ ရည်ရွယ်ထားတဲ့ လုပ်ငန်းတွေကို ဆက်ပြီး လုပ်ခွင့်ရအောင် လုံခြုံရေးကောင်စီ အစည်းအဝေးတွေကို ရပ်ဆိုင်းထားလိုက်ပါတယ်။

အတွင်းဝန် ဦးသန့်မှာ ဆိုဗီယက်သင်္ဘောများနှင့် အမေရိကန်သင်္ဘောများ ပင်လယ်ပြင်တွင် ရင်ဆိုင်လုဆဲဆဲ ကရုရှက်နှင့် ကနေဒီတို့ထံသို့ နှစ်ဖက်စလုံး ဤပြဿနာကို စိတ်လိုက်မာန်ပါ မလုပ်ကြဘဲ ပြေလည်အောင် ဖြေရှင်းခွင့်ရရန် အတွင်းဝန် ဦးသန့်အား အချိန်ပေးကြဖို့ မေတ္တာရပ်ခံခဲ့ပါတယ်။

အောက်တိုဘာ ၂၃-၂၄-၂၅ ရက်များတွင် ကျူးဘားပြဿနာနှင့် ပတ်သက်သော ကုလသမဂ္ဂအတွင်းဝန် ဦးသန့်မှ ကြိုးပမ်းခဲ့မှုကို အသေးစိတ် တင်ပြခဲ့ပါတယ်။



အတွင်းဝန်က အမေရိကန်ပြည်ထောင်စုအနေနဲ့ ဆိုဗီယက် သင်္ဘောတွေမှာ လက်နက်တွေ တင်ဆောင်မလာပါဘူးဆိုတာ ခိုင်ခိုင်လုံလုံ သိချင်နေကြပါတယ်။

ယခု နှစ်ပတ် သုံးပတ်အတွင်း ကျူးဘားပြည်ထဲကို လက်နက်တွေ ထပ်မံရောက်မလာတော့ဘူး ဆိုတာကို ကုလသမဂ္ဂမှ အနိုင်အမာ အာမခံချက်ပေးနိုင်ဖို့အတွက် ဆောင်ရွက်မယ့် အစီအစဉ်နဲ့ လုပ်ပုံလုပ်နည်းတွေကို သိချင်နေကြပါတယ်။

ဆိုဗီယက်ယူနီယံကတော့ ဒီအဆိုပြုချက်ကို သဘောမတူဘဲ ရှိနေပါတယ်။ ဆိုဗီယက် တင်ပြချက်မှာ ဆိုဗီယက်သင်္ဘောများကို ကမ္ဘာ့ကြက်ခြေနီသူနာပြုအဖွဲ့ကြီးက တာဝန်ယူ၍ ရှာဖွေစစ်ဆေးရန် ဖြစ်တယ်လို့ ပြောပါတယ်။

အတွင်းဝန် ဦးသန့်မှ လူကြီးမင်းဆီမှ ပထမအချက်အနေနဲ့ သိချင်တာကတော့ ယခုနှစ်ပတ်၊ သုံးပတ်အတွင်း ကျူးဘားပြည်ကို ဆိုဗီယက်သင်္ဘောမှ လက်နက်တွေ တင်လာတယ်၊ မလာဘူးဆိုတာကို ကြက်ခြေနီအဖွဲ့ကြီးက စစ်ဆေးကြည့်ရှုဖို့ဆိုတဲ့ အစီအစဉ်နဲ့ ပတ်သက်ပြီး ကျူးဘားအစိုးရက ဘယ်လိုသဘော နိုင်တယ်ဆိုတာ ကျွန်တော် သိလိုပါတယ်။

ဒါဟာ ကျွန်တော် ထမ်းဆောင်နေရတဲ့ တာဝန်ကို အများကြီး အထောက်အကူပြုရာ ရောက်ပါလိမ့်မယ်။

ကျူးဘားသမ္မတမှ အတွင်းဝန်မေးသမျှ နားထောင်နေပြီး နောက် စစ်ဆေးကြည့်ရှုမယ်ဆိုတဲ့ သဘောက ပင်လယ်ပြင်မှာ လား၊ ကျူးဘားပြည်ထဲမှာလားဟု ပြန်မေးခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့် အေးမှာထိုင်နေသော ကျူးဘားသမ္မတ ဒေါ်တီကို့စ်မှာ အတွင်းဝန်ကို မေးခွန်းပြန်ထုတ်လိုက်တယ်။

အတွင်းဝန်က အမှန်ဆိုရရင် ကြက်ခြေနီအဖွဲ့ကြီးမှ စစ်ဆေးကြည့်ရှုဖို့ဆိုတဲ့ကိစ္စကို ဆိုဗီယက်ယူနီယံအစိုးရနဲ့ အမေရိကန်ပြည်ထောင်စု အစိုးရနှစ်ဖက်စလုံးစီ အကြောင်းကြားပြီးပါပြီ။

ဆိုဗီယက်အစိုးရက ဒီကိစ္စဟာ ကျူးဘားရဲ့အချုပ်အခြာအာဏာနဲ့ သက်ဆိုင်နေပ တယ်လို့ အကြောင်းပြန်ကြားပါတယ်။

အမေရိကန်အစိုးရဆီကတော့ ဒီကိစ္စကို အကြောင်းပြန်ကြားချက် မရသေးပါဘူး။

လူကြီးမင်းတို့အနေနဲ့ ဒီအချက်တွေကို တစ်ခုပြီးမှတစ်ခု ဆွေးနွေးလိုပါသလား။ ဒါမှမဟုတ် တစ်ပါတည်းပေါင်းပြီး ဆွေးနွေးလိုပါသလားဟု ကုလသမဂ္ဂ အတွင်းဝန်မှ မေးတယ်။

ဆက်လက်ရှင်းစရာရှိတာကိုသာ ရှင်းစေချင်ပါတယ်လို့ အတွင်းဝန်ကို ကျွန်တော် ပြောလိုက်တယ်။

အမေရိကန်ပြည်ထောင်စုက ကျွန်တော့်ကို ပြောပါတယ်။ အခြားလက်နက်တွေထက် ဒုံးပျံပစ်လက်နက်စင်တွေနဲ့ ပတ်သက်လို့ ပိုပြီးအလေးအနက် ထားပါတယ်၊ ဒီအကြောင်းကို ဆွေးနွေးရေးလုပ်နေတုန်းကရော လုံခြုံရေးကောင်စီ အစည်းအဝေးတွေမှာရော ပြောခဲ့ပါတယ်။ အဓိက အရေးထားနေတာကတော့ ဒုံးပျံပစ်တဲ့စင်တွေပါဘဲ။ အားလုံးသိကြတဲ့အတိုင်း ဝန်ကြီးချုပ် ကာရုရှက် လွှန်ခဲ့တဲ့ တနင်္ဂနွေနေ့ကပဲ ဒုံးပျံပစ်တဲ့စင်တွေကို ဖျက်သိမ်းပြီး ဒုံးပျံတွေနဲ့အတူ ဆိုဗီယက်ယူနီယံကို ပြန်လာခဲ့ကြဖို့ ဆိုဗီ



ယက်စက်မှုပညာရှင်တွေကို ညွှန်ကြားခဲ့ပြီးပါပြီ။ ပြီးတော့ ဒီကိစ္စအားလုံး ပြီးစီးတဲ့အခါကျရင် ကြည့်ရှုစစ်ဆေးဖို့ ကုလသမဂ္ဂအဖွဲ့တစ်ဖွဲ့ကိုတောင် ဖိတ်ခေါ်ပြသပါမယ်လို့ ပြောပါတယ်။

ဆိုဗီယက်ကိုယ်စားလှယ်ကို ကျွန်တော် အဖြေပေးခဲ့တာကတော့ စစ်ဆေးရေးအဖွဲ့တစ်ဖွဲ့ကို မလွှတ်ခင် ကျူးဘားအစိုးရရဲ့ သဘောတူ ခွင့်ပြုချက်ကို ရယူဖို့ဟာ အရေးကြီးဆုံးပဲဆိုတာ ပြောလိုက်ပါတယ်။

ဒီကိစ္စမှာ ကျူးဘားအစိုးရကို အသိမပေးဘဲ သဘောတူညီမှုရယူဘဲ လုပ်လို့မဖြစ်ပါဘူး။

ကျွန်တော်တို့ရဲ့ ဒီယူဆချက်ကို ဝန်ကြီးချုပ် ကပ်စထရိုနဲ့ သူ့ရဲ့လုပ်ဖော်ကိုင်ဖက်တွေကို တင်ပြဖို့ ကျူးဘားပြည်ကို ကျွန်တော်သွားမယ်ဆိုတဲ့ အကြောင်းကိုလည်း ဆိုဗီယက်ကိုယ်စားလှယ်များနဲ့ အမေရိကန်ပြည်ထောင်စုအစိုးရကို ပြောပြခဲ့ပါတယ်။

အမှန်အားဖြင့် ဒုံးပျံတင်စင်တွေကို ပြန်သယ်သွားမယ်ဆိုရင် အမေရိကန်အစိုးရနဲ့ ဆိုဗီယက်ယူနီယံ နှစ်ဖွဲ့လုံးက သဘောတူကြပါတယ်။

ကျွန်တော်ကတစ်ဆင့် တင်ပြခဲ့တဲ့ အမေရိကန်ပြည်ထောင်စုရဲ့ လိုလားချက်ကတော့ ဒုံးပျံတင်စင်တွေကို အပြီးအစီးဖျက်သိမ်း၊ မပြီးသေးခင်မှာ ယာယီသဘောတူညီမှုတစ်ခု ရချင်ပါတယ်။

ဒုံးပျံစင်တွေကိုပါ ဖျက်သိမ်းရာမှာ အချိန်ဘယ်လောက်ကြာမယ်ဆိုတာ ဆိုဗီယက်ကိုယ်စားလှယ်တွေကို ကျွန်တော် မေးကြည့်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ကလည်း မော်စကို့ကို လှမ်းမေးထားပါတယ်။ ဒါပေမဲ့ ဒီနေ့မနက်အထိတော့ အကြောင်းပြန်ကြားချက် မရသေးပါဘူး။

ကုလသမဂ္ဂ အတွင်းဝန် ဦးသန့်မှာ ၃ုံးပွဲခခန်းများ ဖျက်သိမ်းပြီးနောက် ကျူးဘားပြည်သို့ လာရောက်စစ်ဆေးကြမည့် ကုလသမဂ္ဂအဖွဲ့ မည်၍မည်မျှ ပါဝင်သော အမျိုးသားအဖွဲ့တို့ အကြောင်း ဆွေးနွေးသွားခဲ့တယ်။

ထို့နောက် အတွင်းဝန် ဦးသန့်က ဆက်လက်ပြောကြားသည်မှာ ကျူးဘားပြည်ကို အမေရိကန်တို့က ကျူးကျော်တိုက်ခိုက်ခြင်း မပြုပါဆိုသော အာမခံချက်ပေးရေးနဲ့ ပတ်သက်ပြီး တင်ပြသွားခဲ့တယ်။ ဒီလုပ်ငန်းစဉ်တွေကို လက်တွေ့ဆောင်ရွက်လာတာနဲ့ တစ်ပြိုင်နက် အမေရိကန်ပြည်ထောင်စုဟာ အများပြည်သူတွေ ရှေ့မှောက်မှာဖြစ်စေ၊ လိုအပ်လာခဲ့ရင် လုံခြုံရေးကောင်စီမှာဖြစ်စေ၊ ကျူးဘားအစိုးရကို ကျူးကျော်လိုတဲ့ ရည်ရွယ်ချက်နဲ့ လုပ်ဆောင်မှုတွေ မလုပ်တော့ပါဘူး။ ကျူးဘားပြည်ရဲ့ နယ်နိမိတ်အတိုင်း၊ ပိုင်ဆိုင်မှုအတိုင်း လိုက်နာကျင့်သုံးပါမယ်ဆိုတာကို အတိအလင်း ကြေညာပါမယ်လို့ ကျွန်တော်ကို ပြောခဲ့တယ်၊ ဒီအကြောင်းနဲ့ ပတ်သက်ပြီး ခင်ဗျားတို့ကို ပြောပြဖို့လည်း ကျွန်တော့်ကို မှာပါတယ်။

အမေရိကန်ပြည်ထောင်စုနဲ့ အခြားပုဂ္ဂိုလ်တွေကို ကျွန်တော် ပြောခဲ့တဲ့အတိုင်းပါပဲ။ အရေးကြီးဆုံးကတော့ ဒီသဘောတူညီမှုတွေဟာ ကျူးဘားအစိုးရရဲ့ သဘောတူညီမှု မပါဘဲ ဘာတစ်ခုမှ မဖြစ်နိုင်ပါဘူး။



ဒီသဘောတူညီမှု ရယူရာမှာ ကျူးဘားအစိုးရနဲ့ ကုလသမဂ္ဂတို့ ပါဝင်လုပ်ဆောင်ကြရမယ်ဆိုရင် လုံခြုံရေးကောင်စီမှာ အခုပြောခဲ့တဲ့ ကြေညာချက် ထုတ်ပြန်ရုံတင်မကဘူး ရေတပ်ပိတ်ဆို့မှုကြီးကိုလည်း ဖွင့်ပေးပါမယ်လို့ အကြောင်းပြန်ကြားခဲ့ပါတယ်။ နောက်ပြီး ကျွန်တော်တို့ ကျူးဘားခေါင်းဆောင်တွေ ဝန်ကြီးချုပ် ကက်စထရိုတို့နဲ့ ဆွေးနွေးဖို့ ကျူးဘားပြည်ရောက်နေတုန်း ရေတပ်ပိတ်ဆို့မှုကြီး ရှိတုန်းဆိုရင် သိပ်အရုပ်ဆိုးလိမ့်မယ်လို့ အမေရိကန်အစိုးရကို မနေ့က ကျွန်တော် ပြောခဲ့ပါတယ်။

ဒါကြောင့် ရေတပ်နဲ့ပိတ်ဆို့ထားတာ ခဏပြန်ရုပ်သိမ်းပေးပါလို့ ကျွန်တော် တောင်းဆိုပါတယ်။ ဒီနေ့မနက်ကျ ကျွန်တော် ကျူးဘားသမ္မတနိုင်ငံမှာ ရှိနေတဲ့အခိုက် ပိတ်ဆို့မှုကြီးကို ၄၈ နာရီ ရုပ်သိမ်းထားမယ်လို့ ကြေညာတဲ့အကြောင်း သိရပါတယ်။

လူကြီးမင်းတို့ သိကြတဲ့အတိုင်း ဒီလိုဝိုင်းဝန်းပိတ်ဆို့မှုကြီးဟာ အလွန့်အလွန် ဖြစ်ခဲ့ပြီး စစ်ပွဲအတွင်းမှာသာ ကြုံခဲ့ရတဲ့ကိစ္စမျိုး ဖြစ်ပါတယ်။ လုံခြုံရေးကောင်စီမှာ ကျွန်တော် ဒီအတိုင်း ပြောခဲ့ပါတယ်။

ကျွန်တော် ဒီလိုထင်မြင်ယူဆချက်ကို နိုင်ငံပေါင်း(၄၅)က လက်ခံသဘောတူကြပါတယ်။ နိုင်ငံတွေကလည်း ကျွန်တော်နဲ့ တွေ့ပြီး ဒီကိစ္စမှာ ခေါင်းဆောင်ရှေ့ရှုက်ပြုပြီး ဆောင်ရွက်ပေးဖို့ တိုက်တွန်းခဲ့ပါတယ်။

အဲဒီနိုင်ငံတွေကပဲ ကျွန်တော်နဲ့တွေ့ပြီး အခုလောလောဆယ်မှာ လုံခြုံရေးကောင်စီမှာ ပါဝင်နေကြတဲ့ အာရပ်ပြည်ထောင်စု

www.burmeseclassic.com

www.burmeseclassic.com



သမ္မတနိုင်ငံနဲ့ ဂါနာနိုင်ငံ နှစ်နိုင်ငံက လုံခြုံရေးကောင်စီ အစည်းအဝေးမှာ ဒီကိစ္စနဲ့ ပတ်သက်ပြီး ကြေညာချက် ထုတ်ခဲ့ကြပါတယ်။

ကျန်တဲ့ကြားနေနိုင်ငံ(၄၅)နိုင်ငံက ဘဲလ်ဂရိတ်ကွန်ဖရင့်မှာ ပါဝင်ခဲ့ကြတဲ့ နိုင်ငံတွေကလည်း တကယ်လို့ အကြောင်းတရား ပေါ်ပေါက်လာခဲ့ရင် အလားတူ ကြေညာချက်မျိုး ထုတ်ပြန်ပါလိမ့်မယ်။ ဒါတွေဟာ လောလောဆယ် ပြဿနာတွေကို လုံခြုံရေးကောင်စီကပဲ ဆောင်ရွက်သွားဖို့ ရှိနေပါတယ်။

လူကြီးမင်းခင်ဗျာ၊ ဒီလို ပထမဦးဆုံး တွေ့ဆုံကြတဲ့ ဆွေးနွေးပွဲမှာ ကျွန်တော့်ရဲ့ တင်ပြစရာတွေကတော့ ဒါတွေပါပဲ။

ကုလသမဂ္ဂအတွင်းဝန် ဦးသန့်ရဲ့စကား ဆုံးသွားသည်နဲ့ ကျွန်တော့်စိတ်တွင် မရှင်းတာတွေ ရှိနေပါတယ်။ အတွင်းဝန် ဦးသန့်ကို မရှင်းတာ တစ်ချက်ရှိပါတယ်၊ ကျွန်တော်တို့ ကျူးဘားကို လာရောက်စစ်ဆေးဖို့ တင်ပြတဲ့ အချက်ပါ။

အချက်နှစ်ချက် တင်ပြခဲ့တာ ရှိပါတယ်။ အဖွဲ့တစ်ဖွဲ့ လွှတ်မယ်ဆိုတာနဲ့ လေယာဉ်ပျံတစ်စင်း လွှတ်မယ်ဆိုတာပါပဲ။ ကျွန်တော် မေးလိုက်ပါတယ်။ အတွင်းဝန် ဦးသန့်က အဆိုပြုချက်နှစ်ခုစလုံးဟာ ကုလသမဂ္ဂရဲ့ အဆိုပြုချက်တွေပါပဲ။ အဖွဲ့နှစ်ဖွဲ့ဟာလည်း ကုလသမဂ္ဂရဲ့ စေလွှတ်တဲ့ အဖွဲ့များ ဖြစ်ပါလိမ့်မယ်။ ဒုံးပျံစင်တွေ ဖျက်သိမ်းနေဆဲကာလမှာ တစ်ဖွဲ့က ကုန်းလမ်းမှ စစ်ဆေးဖို့နဲ့ တစ်ဖွဲ့က လေကြောင်းကနေပြီး စစ်ဆေးဖို့ပါပဲ။ အချိန်ကာလဟာ နှစ်ပတ်လောက် ကြာလိမ့်မယ်။



ကျွန်တော်က အတွင်းဝန် ဦးသန့်ကို "ကျွန်တော်တို့ကို ဘာကြောင့် ဒီလိုတောင်းဆိုချက်မျိုးတွေ တောင်းလာကြတယ်ဆိုတာ ကျွန်တော် နားမလည်ဘူး၊ ဒါနဲ့ပတ်သက်ပြီး နည်းနည်းပါးပါး ရှင်းပြစေချင်ပါတယ်"

အတွင်းဝန်ဦးသန့်မှ ဒီလိုတောင်းဆိုချက်မျိုးကို တောင်းဆိုတာနဲ့ ပတ်သက်လို့ အမေရိကန်ပြည်ထောင်စုရဲ့ အကြောင်းပြချက်ကတော့ ဒုံးပျံစင်တွေ အမှန်တကယ် မဖျက်ဘူး၊ ဖျက်သိမ်းတယ်ဆိုတာနဲ့ ဒုံးပျံတွေ ဆိုဗီယက်ယူနီယံကို အမှန်တကယ် ပြန်ပို့တယ်၊ မပို့ဘူးဆိုတာ သေသေချာချာ သိရအောင်ဆိုတဲ့ အကြောင်းပြချက်ကြောင့်ပါ။

ကျွန်တော် အတွင်းဝန်စကား အဆုံးတွင် အမေရိကန်အစိုးရက ဒီတောင်းဆိုချက်မျိုး တောင်းဆိုရအောင် ဘာအခွင့်အရေးရှိလို့လဲ။ ကျွန်တော် ဆိုလိုတာက သူတို့ရဲ့တောင်းဆိုချက်ဟာ တကယ့်အခွင့်အရေးတစ်ရပ်ရှိလို့ တောင်းဆိုတာလား၊ အင်အားကို အခြေခံပြီး တောင်းဆိုတာလား၊ ဒါမှမဟုတ် အင်အားကြီးမားတဲ့လူက အနိုင်ယူစတမ်းဆိုတဲ့ သဘောမျိုးနဲ့ တောင်းတာလားဟု အေးခဲ့ပါတယ်။

အတွင်းဝန်ဦးသန့်ကတော့ အေးဆေးသော အမူအရာနဲ့ ပြန်ပြောတယ်၊ "ကျွန်တော့်ထင်မြင်ယူဆချက်အရဆိုရင် ဒါဟာ အခွင့်အရေးတစ်ရပ် မဟုတ်ဘူး။ ဒီလိုဆောင်ရွက်ချက်မျိုးဟာ ကျူးဘားအစိုးရရဲ့ သဘောတူညီချက်နဲ့ အတည်ပြုချက်အရသာ လုပ်နိုင်ပါလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့အနေနဲ့ ဘယ်သူ့အခွင့်အရေးကိုမှ မချိုးဖောက်ဘဲနဲ့ ဘယ်သူ့ကိုမှ ကျူးကျော်စော်ကားမှု မလုပ်ရဘဲနဲ့ ကျွန်တော်တို့ကို ဒီလိုတောင်းဆိုချက်မျိုးတွေနဲ့ တောင်းတယ်ဆိုတာ ကျွန်တော်ဖြင့် လုံးဝနားမလည်ဘူး။

ကျွန်တော်တို့ရဲ့လုပ်ဆောင်ချက်တွေ မှန်သမျှ နိုင်ငံတကာ တရားဥပဒေကို အခြေခံပြီး လုပ်ခဲ့တာချည်းပဲ။

နိုင်ငံတကာ တရားဥပဒေကြီးရဲ့ဘောင်က ကျော်လွန်ပြီး ဘာတစ်ခုမှ မလုပ်ခဲ့ပါဘူး။ ဒီလိုမလုပ်ခဲ့ဘဲနဲ့ ကျွန်တော်တို့ဟာ ပထမအချက်အနေနဲ့ တရားမဝင်တဲ့ လုပ်ဆောင်ချက်ဖြစ်တဲ့ ဝိုင်းဝန်းပိတ်ဆို့မှုဒဏ်ကို ခံလိုက်ရတယ်။ ဒုတိယအချက်အနေနဲ့ ကျွန်တော်တို့ကိုယ်တိုင် ကျွန်တော်တို့ရဲ့ပိုင်နက်အတွင်းမှာ လုပ်ပိုင်ခွင့်ရှိတယ် မရှိဘူးဆိုတာ တခြားတိုင်းပြည်တစ်ပြည်က လာပြီး အဆုံးအဖြတ်ပေးတာ နာခံရမလို အဖြစ်မျိုး ရောက်နေတယ်။

ကျွန်တော် နားမလည်တာကတော့ ကျူးဘားပြည်ဟာ ကုလသမဂ္ဂအဖွဲ့ဝင် အခြားနိုင်ငံတွေထက် အချုပ်အခြာအာဏာလည်း မလျော့ဘူး၊ ပိုလည်းမပိုဘူး၊ အခြားနိုင်ငံတွေနဲ့ တန်းတူရည်တူ ရှိနေခဲ့တာပဲ။ နောက်ပြီး အမေရိကန်ပြည်ထောင်စုဟာ ကျွန်တော့်တို့တိုင်းပြည်ရဲ့ လေကြောင်းပိုင်နက်ထဲကို အကြိမ်ကြိမ် ကျူးကျော်ခဲ့ပါတယ်။

ကျွန်တော်တို့တိုင်းပြည်ကို သည်းမခံနိုင်လောက်အောင် ရန်စစော်ကားခဲ့တယ်။ ဒီလိုကျူးကျော်စော်ကားခဲ့တာကို တရားတယ်ဆိုပြီး အမေရိကန်ပြည်များဆိုင်ရာ အဖွဲ့ချုပ်ကြီးက ဆုံးဖြတ်



ချက်ချအောင် လုပ်ခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ဒီဆုံးဖြတ်ချက်ဟာ တရားမဝင်ပါဘူး။ နောက်ပြီးတော့ ဒီအဖွဲ့ချုပ်ကြီးကနေပြီး ကျွန်တော်တို့နိုင်ငံကို ထုတ်ပယ်တာလည်း ခံခဲ့ရပါတယ်။ ကျွန်တော်တို့ဟာ တရားဥပဒေနဲ့ ကိုက်ညီတာဆိုရင် လက်ခံနိုင်ပါတယ်။ ကျွန်တော်တို့တိုင်းပြည်ရဲ့ အချုပ်အခြာအာဏာကို ထိပါးခြင်းမရှိတဲ့ဟာဆိုရင် ဘာမဆို လက်ခံနိုင်ပါတယ်။

အမေရိကန်ပြည်ထောင်စုက ချိုးဖောက် ဖျက်ဆီးခံရတဲ့ ရပိုင်ခွင့်များ ရှင်းတားပြန်ပြီး မရသေးပါဘူး။ အဲဒီတော့ အင်အားကို အသုံးပြုပြီး အနိုင်ကျင့်တာ မှန်သမျှ ဘာကိုမှ လက်မခံနိုင်ပါဘူး။ စစ်ဆေးရေးဆိုတဲ့ ပြဿနာဟာ ကျွန်တော်တို့တိုင်းပြည်ကို နောက်ထပ် သိက္ခာကျအောင် လုပ်လာတဲ့ ကြိုးပမ်းမှုတစ်ခုပဲလို့ ကျွန်တော် နားလည်ပါတယ်။ ဒါကြောင့် ဒါကို ကျွန်တော် လက်မခံနိုင်ပါဘူး။

နောက်ပြီး ရိုးရိုးသားသားနဲ့ မှန်မှန်ကန်ကန်ဆိုရင် ကျွန်တော်တို့အနေနဲ့ ဆွေးနွေးနိုင်ပါတယ်။ ကျွန်တော်တို့တိုင်းပြည်ရဲ့ အချုပ်အခြာအာဏာပိုင် အခွင့်အရေးကို စေ့စပ်ဆွေးနွေးဖို့ သဘောတူမယ်ဆိုရင်တော့ ရိုးရိုးသားသားရှိဖို့ လိုတယ်။

ဒီအခွင့်အရေးတွေနဲ့ ပတ်သက်လာရင်တော့ ကျွန်တော်တို့ဟာ ဘာကိုပဲ လုပ်ရ လုပ်ရ လိုအပ်သမျှလုပ်ဖို့ အဆင်သင့်ပါပဲ၊ ဒါဟာ စကားအဖြစ်နဲ့ ပြောရိုးပြောစဉ် ပြောတာမဟုတ်ပါဘူး။ ကျွန်တော်တို့ ပြည်သူများရဲ့စိတ်ထဲမှာ ဒီအတိုင်းအလေးအနက် ရှိနေကြပါတယ်ဟု ကုလသမဂ္ဂအတွင်းဝန် ဦးသန့်ကို ကျွန်တော် ပြောခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



အတွင်းဝန် ဦးသန့်မှာ ကျွန်တော့်ခံစားချက်ကို အလေးထားသည့် အမူအရာမျိုးနဲ့ ဆက်ပြောခဲ့သည်မှာ လူကြီးမင်းတို့ စိတ်ထဲမှာ ခံစားနေတာတွေကို ကျွန်တော် ကောင်းကောင်းသဘောပေါက်ပါတယ်။

ဒါကြောင့်မို့လည်း ကျွန်တော်ဟာ အမေရိကန်ပြည်ထောင်စုနဲ့ အခြားတိုင်းပြည်တွေကို ကျူးဘားပိုက်နက်အတွင်းမှာ ကုလသမဂ္ဂရဲ့ လုပ်ဆောင်ချက်မှန်သမျှ ကျူးဘားပြည်သူများနဲ့ကျူးဘားအစိုးရရဲ့ သဘောတူညီချက်အရသာ ဖြစ်နေမယ်လို့ ကျွန်တော် ရှင်းရှင်းလင်းလင်း ပြောခဲ့ပါတယ်။

ကမ္ဘာကြီးတစ်ခုလုံးနဲ့ ကမ္ဘာ့ပြည်သူတစ်ရပ်လုံးက အပူတပြင်း လိုလားနေကြတဲ့ ငြိမ်းချမ်းရေးကို ရှေးရှုပြီး ကျွန်တော်ဟာ ဟိုဘက် ဒီဘက် နှစ်ဖက်စလုံးကို ဘာတစ်ခုမှ စကားမလွန်အောင် ထိန်းခဲ့တယ်။ ကျွန်တော် ကျူးဘားပြည်ကို အရင်ဦးဆုံးသွားဖို့ ဆန္ဒရှိတဲ့အကြောင်း ၄၅ နိုင်ငံ ကိုယ်စားလှယ်တွေကို ပြောခဲ့တယ်။

အတွင်းဝန် ဦးသန့်မှာ မိမိမှာ ကျူးဘားပြဿနာတွင် ဘက်မလိုက်ဘဲ ဆောင်ရွက်ခဲ့ပုံနဲ့ အလားတူ နိုင်ငံတကာပြဿနာများစွာကိုလည်း ကိုင်တွယ်ဆောင်ရွက်ခဲ့သည့် ကုလသမဂ္ဂဝင် ဖြစ်ပါတယ်လို့ ရှင်းပြခဲ့တယ်။

ကျွန်တော်တို့နှစ်ယောက် အပြန်ပြန် အလှန်လှန်ပြောနေစဉ် ကျူးဘားသမ္မတ "ဒေါ်တီကိုးစ်"မှာ အတွင်းဝန် ဦးသန့်ကို မေးခွန်းများ မေးခွင့်ပြုရန် တောင်းဆိုခဲ့တယ်။ အတွင်းဝန်ဦးသန့်မှာ သမ္မတကြီး ဒေါ်တီကိုးစ်ကို မေးခွင့်ပြုလိုက်တယ်။



ကျွန်တော် တစ်ခု ပြောချင်ပါတယ်။ အတွင်းဝန်ချုပ်ရဲ့ အဖွဲ့က အခုကိစ္စမှာ မြင့်မြတ်တဲ့ စိတ်ထားနဲ့ လုပ်ကိုင်ဆောင်ရွက်နေတာကို လေးလေးစားစားနဲ့ နားလည်သဘောပေါက်တဲ့အကြောင်းနဲ့ ဝန်ကြီးချုပ် ပြောသွားတဲ့ စကားကို ကျွန်တော် လှိုက်လှိုက်လှဲလှဲ ထောက်ခံပါတယ်။ ဒီအဖွဲ့ဟာ လက်ရှိဆိုးဝါးနေတဲ့ အခြေအနေအထားအတွင်းမှာ ငြိမ်းချမ်းရေးအတွက် အာမခံချက် ပေးနိုင်မယ့် နည်းလမ်းများကို ရှာဖွေဖို့ပါပဲ။

ကျွန်တော် ဒီနေရာမှာ မေးစရာမေးခွန်းတစ်ခု မေးစရာပေါ်လာပါတယ်။ အဲဒီမေးခွန်းက စစ်ကြီးရဲ့အန္တရာယ်ဟာ ဘယ်မှာရှိနေပါသလဲ။ ကျူးဘားပြည်မှာ ရှိနေတဲ့ ဟိုလက်နက်၊ ဒီလက်နက်ကြောင့်လား၊ ဒါမှမဟုတ် ကျူးဘားကို ကျူးကျော်နေတဲ့ အမေရိကန်ပြည်ထောင်စုရဲ့ လုပ်ရပ်တွေကြောင့်လား။ ကျွန်တော် ယုံကြည်တာကတော့ စစ်ဖြစ်မယ့်အန္တရာယ်တွေ ပေါ်ပေါက်နေတာဟာ ကျူးကျော်ဆော်ကားမှုတွေကြောင့်ပါ။

ကျူးဘားပြည်မှာရှိတဲ့ လက်နက်တွေဟာ ကျူးကျော်ရန်စတိုက်ခိုက်မယ့် လက်နက်တွေ မဟုတ်ဘူး။ ဒါကြောင့် ကျွန်တော်တို့ အုံညလို့မဆုံးတာက ဒီလက်နက်တွေကို စစ်ဆေးရေးအဖွဲ့ လွှတ်ပြီး စစ်ဆေးဖို့နဲ့ ဒီလိုစစ်ဆေးတာကို လက်မခံဖို့ကိစ္စဟာ ဘာကြောင့် ငြိမ်းချမ်းရေးအတွက် အာမခံချက်ရယ်လို့ ဖြစ်နေတာလဲ။ တကယ်တော့ အမေရိကန်ပြည်ထောင်စုက ကျူးဘားပြည်ကို မတိုက်ခိုက်တော့ပါဘူး ဆိုတာကို ကုလသမဂ္ဂကတစ်ဆင့် လိုအပ်တဲ့ အာမခံချက် ကတိပေးလိုက်ရုံနဲ့ ဒီကိစ္စပြီးလုံလောက်ပြီလို့ ဆိုနိုင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျူးဘားသမ္မတ ဒေါ်တီကိုစ်မှာ ကျူးဘားပြဿနာကြောင့် ကမ္ဘာ့ငြိမ်းချမ်းရေးကို ထိခိုက်၍ စစ်ကြီးအန္တရာယ်ပေါ်ပေါက်လာတယ်ဆိုရာမှာ ကျူးဘားအစိုးရကြောင့် မဟုတ်ဘဲ အမေရိကန်ပြည်ထောင်စု၏ ကျူးကျော်ရန်စမှု အစီအစဉ်ကြောင့်ဟု ရှင်းလင်းပြောပြခဲ့တယ်။

သမ္မတကပင် ကျွန်တော်တို့လက်နက်တွေကြောင့် ငြိမ်းချမ်းရေးကို ထိခိုက်လာစေတဲ့ အန္တရာယ် ကျရောက်မှာ မဟုတ်ပါဘူး။ အမေရိကန်ပြည်ထောင်စုရဲ့ ကျူးကျော်လုပ်ဆောင်ချက်တွေကြောင့် ငြိမ်းချမ်းရေးထိခိုက်တဲ့ အန္တရာယ်တွေ ဖြစ်ပေါ်ခဲ့တာပါ။

ဒီအချက်(၅)ချက်အပေါ်မှာ အခြေခံပြီး ဆွေးနွေးကြမယ်ဆိုရင် စစ်ရဲ့အန္တရာယ်ဟာ ချက်ချင်းလက်ငင်းပျောက်ကွယ်သွားနိုင်ပါတယ်။ ဒီပြဿနာနဲ့ ပတ်သက်ပြီး ကျွန်တော်တို့နားလည်သဘောပေါက်တာတော့ ဒီအတိုင်းပါပဲလို့ သမ္မတ ဒေါ်တီကိုစ်က ပြောတယ်။

ကျွန်တော်နဲ့ ပတ်သက်လို့ ပုဂ္ဂိုလ်ရေးအရရော၊ ကျွန်တော်ထမ်းဆောင်နေတဲ့ တာဝန်အရပါ ထည့်သွင်းပြောကြားသွားတဲ့ စကားတွေအတွက် သမ္မတကြီးနဲ့ ဝန်ကြီးချုပ်တို့ လူကြီးမင်းနှစ်ဦးကို ကျေးဇူးတင်ပါတယ်။ လူကြီးမင်းတို့ အမိန့်ရှိသွားခဲ့တဲ့အတိုင်း လတ်တလော သဘောတူညီမှုအတွက် ဆွေးနွေးကြရမယ့်ကိစ္စတွေပါ အကျုံးဝင်နေတယ်ဆိုတဲ့ အချက်ကို ကျွန်တော်လုံးဝသဘောတူညီပါတယ်။



အတွင်းဝန် ဦးသန့်မှာ ခဏတာအချိန်လေးတွင် ကုလသမဂ္ဂနဲ့လုံခြုံရေးကောင်စီတွင် ရေရှည်သဘောတူညီမှု ရရှိရေးအတွက် နည်းလမ်းကျကျ စဉ်းစားဆွေးနွေးခြင်း မပြုရသေးကြောင်း ပြောပါတယ်။

ရေရှည်ဖြေရှင်းဖို့ နည်းလမ်းတွေကို ရှာတွေ့မယ်ဆိုရင် လူတိုင်းအတွက်နဲ့ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက်ပါ အကောင်းဆုံးအကျိုးသက်ရောက်မှုတွေ ရရှိပါလိမ့်မယ်။ လတ်တလော ကုလသမဂ္ဂအတွက် နည်းလမ်းတွေ ရှာဖွေဖို့ မလွယ်ကူသေးဘူးလို့ ထင်ပါတယ်။

ကျွန်တော် ယုံကြည်တာကတော့ တကယ်လို့ အတွင်းဝန်ချုပ် မိန့်ကြားသွားတဲ့ လောလောဆယ် ပြေလည်မှုကို မရခဲ့ဘူးဆိုရင်တော့ ဒါဟာ အမေရိကန်ပြည်ထောင်စု ကိုယ်နှိုက်က ဒါကို မလိုလားလို့ ဖြစ်မှာပဲ၊ ဘာကြောင့်လဲဆိုတော့ အမေရိကန်အစိုးရဟာ ကျူးဘားအစိုးရကို သိက္ခာချဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ စစ်ဆေးရေးတွေ လုပ်လာပါတယ်။ အမေရိကန်ပြည်ထောင်စုက တောင်းဆိုခဲ့တဲ့ သူတို့ရဲ့တစ်ဖက်သတ် လုံခြုံရေးရဖို့ဆိုတာလည်း ကျူးဘားသမ္မတနိုင်ငံရဲ့ ကာကွယ်ရေးအတွက်ထားခဲ့ရတဲ့ သေနင်္ဂဗျူဟာလက်နက်ကြီးတွေကို ပြန်ပြီးရုပ်သိမ်းပေးပါဆိုတဲ့ ဆိုဗီယက်ယူနီယံအစိုးရရဲ့ ဆုံးဖြတ်ချက်နဲ့ပဲ လုံလောက်နေပါပြီ။

လက်နက်များ ဖျက်သိမ်းပြီး ပြန်ယူသွားရင်လည်း ကျူးဘားအစိုးရမှ နှောင့်ယှက်တားဆီးမှာ မဟုတ်ပါဘူး။ ကျူးဘားပြည် အချုပ်အခြာအာဏာကို ထိပါးလာမှသာလျှင် အ[illegible]ကုန်

www.burmeseclassic.com

www.burmeseclassic.com



ကာကွယ်ရမှာ အမှန်ဖြစ်ပါတယ်လို့ ကျွန်တော် ပြောပါတယ်။ နောက်ပြီး ကျွန်တော်တို့ ကျူးဘားပြည်ကို ကာကွယ်ဖို့ ဆုံးဖြတ်ချက်နဲ့ ခွဲခွဲမြဲမြဲ ဆုပ်ကိုင်ထားမှာပဲ။ ကျွန်တော်တို့ရဲ့ဆုံးဖြတ်ချက်ဟာ ဘယ်လောက်ခိုင်မာသလဲဆိုရင် အမေရိကန်ပြည်ထောင်စုဟာ ကျွန်တော်တို့ ကျူးဘားပြည်အပေါ် အနိုင်ကျင့်လို့ မရဘူးဆိုတာ တွေ့ရပါလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ ပထမဆုံး ကျွန်တော်တို့အားလုံး ချေမှုန်းသုတ်သင်ပစ်မှ ဖြစ်တော့မှာမို့ ဒီတိုင်းပြည်မှာ သူတို့ အနိုင်ကျင့်စရာ တစ်ယောက်မှ မတွေ့ရတဲ့ အခြေအနေမျိုးနဲ့ ရင်ဆိုင်ရပါလိမ့်မယ်။ နိဂုံးချုပ်အနေနဲ့ ကြက်ခြေနီအဖွဲ့က စစ်ဆေးဖို့ဆိုတဲ့ ပြဿနာနဲ့ပတ်သက်ပြီး ကျွန်တော်တို့ရဲ့အဖြေကို ပြောပြပါဦး။

ကျွန်တော်တို့ဟာ ကျွန်တော်တို့ရဲ့ ပင်လယ်ဆိပ်ကမ်းမှာ စစ်ဆေးဖို့ဆိုတာကို ကန့်ကွက်ပါတယ်။ နောက်ပြီး အံ့သြတာကတော့ ဆိုဗီယက်ယူနီယံက သူတို့သင်္ဘောတွေကို ပင်လယ်ပြင်မှာ စစ်ဆေးဖို့ သဘောတူခွင့်ပြုပြီးကာမှ ဘာကြောင့် ကျူးဘားဆိပ်ကမ်းမှာ တစ်ခါထပ်ပြီး စစ်ဆေးဖို့ လိုအပ်နေရတာလဲ။ ဒုတိယအချက်အနေနဲ့ အတွင်းဝန်ချုပ်ဟာ အမေရိကန် ပြည်ထောင်စုက ကျူးဘားပြည်ကို မကျူးကျော်ပါဘူးဆိုတဲ့ ကတိကို ကုလသမဂ္ဂမှာ လူသိရှင်ကြား ကြေညာမယ်ဆိုတဲ့အကြောင်း မထိုင်ထားပြီး ပြောသွားတာ တွေ့ရပါတယ်။ ဒါနဲ့ ပတ်သက်လို့ ပထမဆုံး ကျွန်တော် ပြောလိုတာက အမေရိကန်ပြည်ထောင်စုဟာ ကျူးဘားပြည်ကို ကျူးကျော်တိုက်ခိုက်ဖို့ အခွင့်အရေးမရှိပါဘူး။ ရာဇဝတ်



မှုကို မကျူးလွန်ပါဘူးဆိုတဲ့ ကတိလောက်နဲ့တော့ စေ့စပ်ဆွေးနွေးရေးကို မလုပ်နိုင်ပါဘူး။ အခုလို ခြိမ်းခြောက်တဲ့အန္တရာယ်တွေ မပေါ်ပေါက်ခင်ကတည်းက ကျွန်တော်တို့ဟာ အမေရိကန်အစိုးရရဲ့ စကားထက် ကိုယ့်ကိုယ်ကိုယ် ကာကွယ်ဖို့ဆိုတဲ့ ကျွန်တော်တို့ ဆုံးဖြတ်ချက်ကို ပိုယုံကြည် အားကိုးခဲ့တယ်။

နောက်ပြီး ပြောချင်ပါသေးတယ်။ ကုလသမဂ္ဂဟာ အမေရိကန်ပြည်ထောင်စုက ကျူးဘားပြည်ကို မတိုက်တော့ပါဘူး၊ ကုလသမဂ္ဂရှေ့မှောက်မှာ လူသိနတ်ကြား ဝန်ခံကတိစကား ပြောကြားပါမယ် ဆိုတာကို အကြီးအကျယ် တန်ဖိုးထားနိုင်မယ်ဆိုရင် ကျူးဘားသမ္မတနိုင်ငံရဲ့ ကာကွယ်ရေးအတွက် ပို့ထားခဲ့တဲ့ သေနင်္ဂဗျူဟာလက်နက်ကြီးတွေကို ပြန်ရုပ်သိမ်းပေးပါမယ်ဆိုတဲ့ ကုလသမဂ္ဂရှေ့မှာပဲ အတိအလင်း ကြေညာသွားတဲ့ ဆိုဗီယက်ယူနီယံရဲ့ ကတိစကားကို ဘာကြောင့် တန်းတူတန်ဖိုးမထားနိုင်ရတာလဲ။

ဒီကြေညာချက် နှစ်ခုစလုံးဟာ အများပြည်သူတွေရဲ့ရှေ့မှာ တရားဝင်ကြေညာချက်တွေ ဖြစ်ရမှာပါ။

အဲဒီကြေညာချက်နှစ်ခုထဲက ကျူးဘားပြည်ကို မကျူးကျော်ပါဘူးဆိုတဲ့ အမေရိကန်အစိုးရရဲ့ ကြေညာချက်အတွက် နောက်ထပ်အာမခံမှု မလိုအပ်တော့ဘူးဆိုရင် လက်နက်ကြီးတွေ ရုပ်သိမ်းပေးပါမယ်ဆိုတဲ့ ဆိုဗီယက်ယူနီယံရဲ့ကြေညာချက်ကို နောက်ထပ် အာမခံချက်အနေနဲ့ ဘာကြောင့် ကျွန်တော်တို့ကို စစ်ဆေးချင်ရတာလဲ"ဟု အတွင်းဝန် ဦးသန့်ကို ပြောခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နဲ့ အတွင်းဝန် ဦးသန့်တို့ နောက်တစ်နေ့တွင် ဟားဗားနားမြို့ သမ္မတနန်းတော် အဆောက်အအုံမှာ ထပ်မံတွေ့ဆုံကြသေးတယ်။ ကျွန်တော်တို့မှာ ကုလသမဂ္ဂ အတွင်းဝန်နဲ့ အချိန်ကြာကြာ ဆွေးနွေးခဲ့ကြတယ်။ အမေရိကန်အစိုးရမှာ ကျူးဘားပြည်ကို ကျူးကျော်ခြင်းမှာ ရန်လိုနေသူ ဖြစ်တယ်။ ကျွန်တော်တို့ အမေရိကန်အရင်းရှင်ကြီးများ ပိုင်ဆိုင်သော စီးပွားရေးအဆောက်အအုံများစွာ ပြည်သူ့ပိုင်သိမ်းပိုက်ခဲ့လို့ ရန်စောင်နေခြင်းဖြစ်တယ်။ နိုင်ငံတကာပြဿနာများမှာ နယ်ချဲ့သအားတို့ရဲ့ ကျူးကျော်စွက်ဖက်မှုများသာဖြစ်ပြီး လာအို၊ အီဂျစ်၊ လီဘနွန်၊ ကွန်ဂို စသော နိုင်ငံများကိုလည်း ပြည်တွင်းရေး စွက်ဖက်မှုကြောင့်သာ ဖြစ်ကြတယ်။

ကုလသမဂ္ဂ အတွင်းဝန် ဦးသန့်မှာ ကျူးဘားသမ္မတနိုင်ငံမှ အထူးလေယာဉ်တစ်စင်းနဲ့ ဟားဗားနားမြို့မှ ပြန်ခဲ့ပါတော့တယ်။ ကျူးဘားအရေးတော်ပုံကြီးမှ ကုလသမဂ္ဂ အတွင်းဝန်နဲ့ တော်လှန်ရေးခေါင်းဆောင် ဝန်ကြီးချုပ်တို့နှစ်ဦး ဒုတိယနေ့တွေ့ဆုံဆွေးနွေးခဲ့ကြသော အချက်အလက်များကို ထုတ်ပြန်ကြေညာခြင်း မပြုရန် အတွင်းဝန် ဦးသန့်၏ မေတ္တာရပ်ခံချက်အရ ထိပ်တန်းလျှို့ဝှက်အဖြစ် ထားရှိခဲ့သည်မှာ ကမ္ဘာက မကြားသိတဲ့ဖြစ်ခဲ့တယ်။

ဦးသန့်နဲ့ ဖီဒယ်ကက်စထရိုတို့ ဆွေးနွေးချက်ကို သူတို့နှစ်ဦးသာ သိရှိကြတော့တယ်။

ꩫ ꩫ ꩫ



(၂၃)

## ကျူးဘား ရုရှားနဲ့ အမေရိကန်

၁၉၆၂–ခုနှစ် အောက်တိုဘာလ(၂၂)ရက်တွင် အမေရိကန်အစိုးရမှ ကျူးဘားပြည်သို့ စိန်ခေါ်သော ကျူးဘားအရေးတော်ပုံကြီးမှာ နိုဝင်ဘာလ(၂၀)ရက်အထိ တစ်လနီးပါးမျှကြာပြီး နိဂုံးချုပ် အဆုံးသတ်ခဲ့တယ်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးမှလည်း ကြားဝင်စေ့စပ်ပေးပြီး ဆိုဗီယက်ယူနီယံနဲ့ အမေရိကန်ပြည်ထောင်စုကြား ငြိမ်းချမ်းရေးခေါင်းဆောင် အင်္ဂလန်ပြည်မှ ဆရာကြီးဘာထရန်ရပ်ဆဲလ်မှ ကြေးနန်းများရိုက်ပြီး ဖြေလျှော့ပေးခဲ့ကြတယ်။

ကုလသမဂ္ဂ အတွင်းဝန် ဦးသန့်မှာ ဆိုဗီယက်ယူနီယံ အမေရိကန်အစိုးရနဲ့ ကျွန်တော်တို့ ကျူးဘားပြည် ငြိမ်းချမ်းရေးအတွက် ကြားဝင်ဖျန်ဖြေပေးခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျူးဘားပြည်လေးကို "ခရု ခါးဘောင်းကျိုက်ဖမ်း"ရန် ဝန်းဝိုင်းပိတ်ဆို့ထားခဲ့သော အမေရိကန်အစိုးရရဲ့ စစ်သင်္ဘောများ ကျူးဘားပြည်တစ်ဝိုက်မှ ရုပ်သိမ်းသွားခဲ့ပြီ ဖြစ်တယ်။

ကျူးဘားပြဿနာမှာ ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံတွင် ပြည်ဖုံးကားချခဲ့လည်း ကျူးဘားပြဿနာအရေးမှာ ဝေဖန်သုံးသပ်ချက်များ လပေါင်းများစွာ ဂယက်ရိုက်နေဆဲ ဖြစ်တယ်။

အရေးတော်ပုံကြီးတွင် အရေးကြီးသောအခန်းမှ ပါဝင်သူ ကရုရှက်၊ ကနေဒီတို့ကို ပြစ်တင်ရှုတ်ချသူများ ပေါ်လာသလို ချီးကျူးဂုဏ်ပြုသူများလည်း ရှိတယ်။

ကျူးဘားပြဿနာအရေးတွင် ဆိုဗီယက်ယူနီယံဝန်ကြီးချုပ် ကရုရှက်မှာ ရှုတ်ချပြစ်တင်ပြီး ချီးကျူးဂုဏ်ပြုခြင်းကို အများဆုံးရခဲ့သူတစ်ဦး ဖြစ်တယ်။

ကျူးဘားပြဿနာတွင် ဒုံးပျံများ ပြန်လည်ရုပ်သိမ်းပေးပြီး ဆိုဗီယက်သင်္ဘောသို့ အမေရိကန်ရေတပ်အရာရှိများ တက်ရောက်ရှာဖွေခွင့်ပြုခဲ့ခြင်းတို့မှာ နယ်ချဲ့သမားထံ ဒူးထောက်အညံ့ခံသူ၊ အလျှော့ပေး နေ့စပ်သူအဖြစ် စွပ်စွဲခဲ့သလို တစ်ဖက်မှလည်း ဧကလီးယားစစ်မီးတောက်ကြီးကို အချိန်မီ တားဆီးသူ၊ လူသားအားလုံး ပျက်ပြုန်းမည့် အန္တရာယ်ကြီးကို ကာကွယ်လိုက်သူအဖြစ် ချီးကျူးခဲ့ကြတယ်။

ဘာတွေပဲ ပြစ်တင်ရှုတ်ချပါစေ ကျွန်တော်တို့ ကျူးဘားနိုင်ငံလေးကို တော်လှန်ရေးအစိုးရကို ကျူးဘားသမ္မတနဲ့ ဝန်ကြီးချုပ်တို့ကို ပျက်စီးရာ ပျက်စီးကြောင်း အမြဲတမ်း ချောင်းမြောင်းရန်



အကြံထုတ်နေသူ အမေရိကန်အစိုးရ၏ ခြေလှမ်းမှာ တန့်သွားခဲ့တယ်။

ကျွန်တော်တို့ ကျူးဘားကို အမေရိကန်ပြည်ထောင်စုမှ ကျူးကျော်တိုက်ခိုက်ခြင်း မပြုလုပ်ပါဟု ကမ္ဘာ့ပြည်သူများရှေ့မှောက် အမေရိကန်သမ္မတ ကနေဒီ ကိုယ်တိုင် လူသိနတ်ကြားကြေညာခဲ့ရခြင်းကို ကျူးဘားပြည်သူတို့ ရင်အေးသွားခဲ့တယ်။ အမေရိကန်အစိုးရ ခြိမ်းခြောက်မှုကြောင့် ကျူးဘားပြည်၊ ဟားဗားနားမြို့နဲ့ နယ်များအားလုံး လက်နက်များ တပ်ဆင်ပြီး အရေးပေါ် အခြေအနေမှာ နေခဲ့ကြရတယ်။ စိတ်နှလုံး မသာမယာနဲ့ မစားနိုင် မသောက်နိုင် သောကပွေခဲ့ရတယ်။ ကြေညာချက်နဲ့ ပြည်သူများ အောင်ပွဲခံလိုက်တယ်။ ကမ္ဘာ့နိုင်ငံအသီးသီးမှ ခေါင်းဆောင်များ ပြည်သူများလည်း တတိယကမ္ဘာစစ်မီး တောက်လောင်မည့် အရေးကို စိုးရိမ်ပူပန်စွာ သတင်းယူနေကြရတယ်။

ကျွန်တော်တို့ ကျူးဘားပြည်လေးအပေါ် အမေရိကန်မှာ ရန်လိုခဲ့တယ်။ ကျူးကျော်ခဲ့တယ်။ ကျူးဘားဝန်ကြီးချုပ်ကို နေရာမှ ဖြုတ်ချရှင်သူ ဖြစ်တယ်။

မလိုတခါစိတ်နဲ့ ကျူးဘားအရေးတော်ပုံကြီး ဖန်တီးခဲ့တယ်။ ကျူးဘားအကျပ်အတည်းကို ဖော်ထုတ်ခဲ့တယ်။ အမေရိကန်အစိုးရ မလိုလား ရန်လိုနေခဲ့သော ကျွန်တော်တို့ ကျူးဘားမှာ ကမ္ဘာတည်သရွေ့ ရှိနေမှာဖြစ်တယ်။ အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေးနဲ့ ကျူးဘားပြည်သူများ နယ်ချဲ့ဆန့်ကျင်ရေး အောင်ပွဲနဲ့ တော်လှန်ရေးအသီးများ အမြဲတမ်း တည်ရှိနေမည် ဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ကျူးဘားပြည်အကြောင်းကို ပြန်တွေးကြည့်ရင် မြင်လွယ် ထင်လွယ်ပါတယ်။

ကျူးဘားဒုံးပျံအရေးအခင်းမှာ အင်အားကြီးနှစ်နိုင်ငံဖြစ်တဲ့ အမေရိကန်နဲ့ ဆိုဗီယက်တို့ ထိပ်တိုက်ရင်ဆိုင်တိုးခဲ့တာပါ။ နူကလီးယားစစ်ပွဲကြီး ဖြစ်သွားမယ့်အနေအထားမျိုးနဲ့ပါ။ ဆိုဗီယက်ယူနီယံက ကျူးဘားဆီမှာ ရောက်နေတဲ့ ဒုံးပျံတွေ ပြန်ရုပ်သိမ်းရေးကို သဘောတူခဲ့တယ်။ ဆိုဗီယက်က တစ်ဖက်သတ် လိုက်လျောချက်တော့ မဟုတ်ပါဘူး။

အမေရိကန်နိုင်ငံက တူရကီနိုင်ငံမှာရှိတဲ့ လျှို့ဝှက်စစ်လက်နက်တွေကို အတုံ့အလှည့်အနေနဲ့ ရုပ်သိမ်းပေးခဲ့တာပါ။

အမေရိကန်အစိုးရရဲ့ တွေးဆချက်မှာ ကျူးဘားနိုင်ငံက နံပါတ်တစ်ရန်သူဆိုတဲ့ အယူအဆဟာ ပိုခိုင်မာနေတယ်။

အမေရိကန်ဗဟိုထောက်လှမ်းရေး(CIA)က ကျွန်တော့်ကို လုပ်ကြံဖို့ ကြိုးပမ်းခဲ့တယ်။ လုပ်ကြံနည်းပေါင်းများစွာနဲ့ အကြံအစည်တွေ ရှိခဲ့ကြတယ်။ ဆိုဗီယက်ယူနီယံကတော့ ကျူးဘားပြည်ကို ငွေပုံအောပြီး ပေးခဲ့တယ်။ ကူညီထောက်ပံ့ခဲ့တယ်။

ဆိုဗီယက်ပြည်ထောင်စုဟာ ကျူးဘားပြည်က ထွက်သမျှသကြားတွေဝယ်ပြီး အမေရိကန်စီးပွားပိတ်ဆို့မှုကြောင့် ကျူးဘားမှာ လိုအပ်တဲ့ကုန်ပစ္စည်းတွေကို ပို့ပေးတယ်။

ကျွန်တော်ကတော့ ဆိုဗီယက်ယူနီယံထံ အားကိုးနေရလည်း ဘက်မလိုက်ခေါင်းဆောင်တစ်ယောက်အနေနဲ့ ရပ်တည်ပေးမယ့် အာဖရိကတိုက်လက်နက်ကိုင် ပဋိပက္ခတွေမှာ လက်ဝဲဝါဒီတွေဘက်က ရပ်တည်ပေးခဲ့တယ်။



အင်ဂိုလာနိုင်ငံနဲ့ မိုဇမ်ဘစ်နိုင်ငံတွေရဲ့ စစ်ရေးပဋိပက္ခတွေမှာ ရပ်တည်ပေးခဲ့တယ်။ ၁၉၈၅–ခုနှစ်မှာ ကမ္ဘာ့ပထဝီနိုင်ငံရေးတွေ ပြောင်းလဲလာတယ်။

ဆိုဗီယက်ယူနီယံမှာ ဂေါ်ဘာချော့ဗ်မှ "ဂလက်စနော့"နဲ့ ပယ်ရယ်စထရိုအီကာတွေ အကောင်အထည်ဖော်နေတဲ့ အချိန်ကာလမှာ ကျူးဘားနိုင်ငံအတွက် အခက်အခဲတွေ ရင်ဆိုင်ခဲ့ရတယ်။ ဆိုဗီယက်ယူနီယံ အစိုးရသစ်မှ ကျူးဘားမှ သကြားဝယ်ယူဖို့ ငြင်းဆန်၊ အမေရိကန်စီးပွားရေးပိတ်ဆို့မှုနှင့် ဆိုဗီယက်မှ အကူအညီ အထောက်အပံ့တွေ ဖြတ်ပစ်လိုက်လို့ ပြည်သူတွေ စားကုန်ရရှိဖို့အတွက် တစ်နေ့ကုန် တန်းစီစောင့်စားခဲ့ရတယ်။

ပြည်သူတွေ ၁၉၉၀ ပြည့်နှစ်မှာ အမေရိကန် ဖလော်ရီဒါဘက် အစုလိုက် အပြုံလိုက် ထွက်ပြေးကြတယ်။

အန္တရာယ်များတဲ့ ရေလမ်းခရီးကို ဖြတ်သန်းပြီး ခိုးသွားကြတော့ ရေနစ်သေဆုံးသူ အရေအတွက် များစွာရှိခဲ့တယ်။

ကျွန်တော်က ကျူးဘားကို ကျန်းမာရေး ပညာရေးတို့ အရည်အချင်း ပြည့်ဝစွာ ဖော်ဆောင်ပေးတယ်။ ကျန်းမာရေးစောင့်ရှောက်ခြင်းများ အခမဲ့ ခံစားခွင့်ပေးခဲ့တယ်။ ကျူးဘားမှာ မွေးစကလေးသေဆုံးမှုနှုန်းမှာလည်း စံချိန်တက်ခဲ့တယ်။ ကမ္ဘာ့ဖွံ့ဖြိုးပြီးနိုင်ငံတို့နဲ့ ပခုံးချင်း ယှဉ်နိုင်ခဲ့တယ်။

၁၉၅၆–ခုနှစ် လူ(၁၂)ယောက် သေနတ်(၁၂)လက်နဲ့ ကျူးဘားတော်လှန်ရေးကို ခေါင်းဆောင်ခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၆၁–ခုနှစ် အမေရိကန်အစိုးရ အကူအညီနဲ့ တန်ပြန်တော်လှန်ရေးသမားတို့ ကျူးဘားကမ်းခြေသို့ ကျူးကျော်တက်ရောက်မှုကိုလည်း ချေမှုန်းခဲ့တယ်။

၁၉၆၂ ခုနှစ်မှာ ကျူးဘားကမ်းခြေကို အမေရိကန်ရေတပ်ကြီးမှ ဝိုင်းဝန်းပိတ်ဆို့ခံခဲ့ရကာ အရေးတော်ပုံတွင် ကျွန်တော်ထိပ်တန်းခေါင်းဆောင်အဖြစ် ပါဝင်ခဲ့ရတယ်။

ကျွန်တော်တို့ နိုင်ငံငယ်လေးကို ကမ္ဘာအရပ်ရပ်မှနေပြီး အမြဲတမ်း နားစွင့်နေကြတယ်။ ကျွန်တော့်မှာ ကျူးဘားပြည်တွင်းနေထိုင်ပြီး ကမ္ဘာအရပ်ရပ်မှ မိတ်ဆွေတို့နဲ့ အမြဲတမ်း ထိတွေ့ခဲ့ရတယ်။

ကျွန်တော့်ဘဝမှာ ချစ်သူ မုန်းသူတို့ရှိကြရာ မုန်းတီးသူတို့မှ လုပ်ကြံသတ်ဖြတ်ရန် ကြိုးစားခဲ့တယ်။ ဘာကွယ်ဖူးအတွက် လူ(၁၀)ယောက်ကို ရွေးချယ်ခဲ့တယ်။ ထိုလူ(၁၀)ယောက်မှာ ကျွန်တော်နဲ့ ရွေးမရအောင် တူလွန်းတယ်။ စိတ်မချရသော ဒေသများသို့ ကိုယ်ပွားရုပ်များကိုသာ စေလွှတ်ခဲ့ရတယ်၊ လုပ်ကြံသူတို့သုံးကြိမ်မက ကြိုးစားခဲ့တယ်။

ကျွန်တော်တို့ ချစ်သူ မုန်းသူတို့အတွက် လူဆိုတာ မွေးဖွားလာသော အချိန်မှစပြီး သေဆုံးရမည့်အချိန်အထိ နေ့စဉ်၊ လစဉ်၊ နှစ်စဉ်တိုင်း အခက်အခဲ အကျပ်တည်းများ ရင်ဆိုင်ဖြေရှင်း ကျော်လွှားနေရတယ်။

ကျွန်တော်တို့ကမ္ဘာကြီး၊ ကျွန်တော်တို့နိုင်ငံ၊ ကျွန်တော် မွေးဖွားရာဒေသ၊ ပြည်သူပြည်သားတိုင်းမှာ ခေါင်းဆောင်ကောင်းတွေရှိဖို့ မွေးဖွားလာစေဖို့ လိုအပ်တယ်။



ကျွန်တော်က ယနေ့မှာတော့ ကမ္ဘာ့အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲ ခေါင်းဆောင်နဲ့ ကမ္ဘာ့နယ်ချဲ့ဆန့်ကျင်ရေး လှုပ်ရှားမှုတွင် တပ်ဦးမှာ ရှိနေမယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်ချစ်တဲ့ ပြည်သူနဲ့ ကျွန်တော် တန်ဖိုးထားတဲ့ နိုင်ငံကို ဘယ်သူမှဝင်ရောက်ကျူးကျော်မှုတွေ မလုပ်နိုင်အောင် ဖြစ်ပါတယ်။

ဒါဟာ အမှန်တရားပါ။ ကျူးဘားနိုင်ငံဟာ ကျွန်တော့်အတွက် အဓိကနိုင်ငံပါ။ ကျွန်တော့်ကို ဘယ်သူတွေ ဘာပြောပြော ဘာလုပ်လုပ် ကျွန်တော် ခေါင်းငုံ့ခံမှာ မဟုတ်ဘူး။ ဘယ်လောက် အင်အားကြီးပါစေ ကျွန်တော် နိုင်အောင်တိုက်ပါမယ်၊ ကျွန်တော့်အသက်နဲ့ရွှော အိုးစားမကွဲသရွေ့ ကျူးဘားနိုင်ငံကိုကာကွယ်မှာပါ။ ဒီလိုလုပ်နေတာဟာ အခွင့်အရေးလိုချင်လို့လုပ်နေတာ မဟုတ်ဘူး၊ ကျွန်တော် ပြောရဲပါတယ်၊ ကျွန်တော်ကျူးဘားနိုင်ငံမှာ ဘာအခွင့်အရေးမှ မယူပါဘူး။ သေသွားရင်တောင် ကျွန်တော်နဲ့ ပတ်သက်တာတွေ ဘာမှမလုပ်ဖို့ မှာသွားမှာပါ။ ဒါ အမှန်ပါ။ တကယ်ပြောတာပါ။ အခုတော့ ကျူးဘားနိုင်ငံနဲ့ လူမျိုးတွေအတွက် ဆက်လက်လုပ်ဆောင်သွားမှာပါလို့အလေးအနက် ပြောချင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



# (၂၄)

## ကျူးဘားနဲ့ ချေဂွေဗာရာ

အထက်ပါ အကြောင်းအရာများဟာ ကပ်စထရို ပြောသွားတဲ့ သူ့ရဲ့အကြောင်းအရာများသာ ဖြစ်ပါတယ်။ သူဟာ သူ့ရဲ့ဖြတ်သန်းရတဲ့ ဘဝတွေကို မှတ်တမ်းအဖြစ်နဲ့ ရေးသားခဲ့ပါတယ်။ ကျူးဘားနိုင်ငံအတွက် အသက်ပေးပြီး လုပ်ဆောင်သွားတဲ့ နိုင်ငံ့အာဇာနည်တစ်ယောက် ဖြစ်ပါတယ်။

ကပ်စထရိုက ကျူးဘားနိုင်ငံအပေါ် ဘယ်လိုနိုင်ငံများမှ အနိုင်ကျင့်မခံ ပြတ်ပြတ်သားသား ရင်ဆိုင်သွားပါတယ်။ အဲဒါကြောင့် ပြည်သူအများစုက ကပ်စထရိုကို လေးစားကြတယ်။ အားကိုးကြတယ်။ ကျူးဘားနိုင်ငံနဲ့ ကပ်စထရိုတို့ဟာ ခွဲခြားမရအောင် ဖြစ်လာပါတယ်။

ဖီဒယ်ကပ်စထရိုဟာ ကျူးဘားနိုင်ငံကို အမေရိကန်အရင်းရှင်များနဲ့ ကျူးဘားလူလတ်တန်းစား အလိုကျ အုပ်ချုပ်နေတဲ့



ဗိုလ်ချုပ်ကြီးဖူလ်ဂျင်စီယိုဘာတစ္စကို ဖြုတ်ချရန်အတွက် မွန်ကာဒါစစ်တန်းလျားတိုက်ပွဲကို စတင်ခဲ့တယ်။ အဲဒီတိုက်ပွဲက အောင်မြင်မှု မရခဲ့ပေမယ့် ဖီးဒယ်ကပ်စထရိုရဲ့ လက်ဝဲတော်လှန်ရေးပထမဆုံးခြေလှမ်း ဖြစ်ခဲ့တယ်။

ကပ်စထရိုက ရှုံးနိမ့်တာကို လက်ခံပြီး နောက်ထပ်တော်လှန်ရေးကို စတင်ခဲ့ပါတယ်။ အဲဒီတော်လှန်ရေးအတွက် အဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းခဲ့ပါတယ်။ အဲဒီအဖွဲ့မှာ သွေးသောက်ရဲဘော်၊ ကမ္ဘာ့ပြောက်ကျားခေါင်းဆောင် ချေဂွေဗာရာ၊ ကပ်စထရိုရဲ့ညီဖြစ်သူ ရာောလ်ကပ်စထရိုတို့ပါ ထင်ရှားလာပါတယ်။

ဤနေရာမှာ ချေဂွေဗာရာရဲ့ စိတ်နေသဘောထားကို ဗဟုသုတရစေရန် အနည်းငယ် တင်ပြချင်ပါတယ်။ ကပ်စထရိုဟာ ကျူးဘားနိုင်ငံကို ပြန်လည်သိမ်းပိုက်ရန် အစွမ်းကုန်ကြိုးစားချီတက်ပါတယ်။ ချီတက်လာတဲ့တပ်များကို ခေါင်းဆောင်ရန်အတွက် တပ်မှူးချေဂွေဗာရာကို တာဝန်ပေးပါတယ်။ ချေဂွေဗာရာဟာ ပြောက်ကျားတိုက်ခိုက်ရေးမှ သဘောတရားရော လက်တွေ့ပါ အဘက်ဘက်က ကြွယ်ဝတဲ့သူ။

တစ်နေ့တခြား ထင်ရှားကျော်ကြားလာသူဖြစ်တဲ့ ချေဂွေဗာရာနဲ့တွဲပြီး တင်များကို ကွပ်ကဲရန် တာဝန်ယူ တိုက်ခိုက်ရာမှာ နာမည်ကြီးလာတဲ့ တပ်မှူး ကာမီလိုကို လွှဲအပ်လိုက်တယ်။

တပ်မှူးချေဂွေဗာရာနဲ့ ကာမီလိုတို့ဟာ လက်ရွေးစင်ရဲဘော် ၂၅၀ ဖြင့် စတင်ချီတက် တိုက်ခိုက်ကြပါတယ်။ ရဲဘော်အားလုံးတို့မှာ တိုက်ပွဲအမျိုးမျိုးကို နွှဲခဲ့ကြတဲ့ ပွဲတိုင်းကျော်ရဲဘော်များ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကာ အဘက်ဘက်မှ ထူးသားပေသား ခံနိုင်ရည်ရှိတဲ့သူများ ဖြစ်ပါတယ်။

ချေဂွေဗားရားဟာ ခရီးရှည်ချီတက်တဲ့ တပ်များကို စစ်ကြောင်းနှစ်ကြောင်းခွဲပြီး ချီတက်ပါတယ်။ ပထမစစ်ကြောင်းကို မော်ခတ်ကားလမ်းမကြီးကို ဗဟိုပြုကာ ချီတက်ပါတယ်။ ဒုတိယစစ်ကြောင်းကို မြောက်ဖက်ပင်လယ်နားတစ်ပိုက်မှ ဖြတ်ကျော်ချီတက်ပါတယ်။ စစ်ကြောင်းကို ပြောက်ကျားစနစ်နဲ့ ချီတက်ပါတယ်။

ချေဂွေဗားရားဟာ ပြောက်ကျားစစ်ပွဲရဲ့ သေနင်္ဂဗျူဟာ သဘောတရားများကို ပိုင်ပိုင်နိုင်နိုင် လေ့လာပြီး လက်တွေ့နဲ့ ထင်ဟပ်မိအောင် အသုံးချတတ်သူတစ်ဦး ဖြစ်ပါတယ်။ အထူးသဖြင့် တရုတ်ပြည်ကြီးကို ဂျပန်ဆန့်ကျင်ရေးစစ်ပွဲနဲ့ ခရီးရှည်ချီတက်ပွဲကြီးကို ခေါင်းဆောင်ခဲ့တဲ့ တရုတ်ကွန်မြူနစ်ပါတီခေါင်းဆောင် မော်စီတုံးရဲ့ ပြောက်ကျားသေနင်္ဂဗျူဟာနဲ့ နည်းပရိယာယ်များကို ကျေညက်စွာ လေ့လာခဲ့သူလည်း ဖြစ်ပါတယ်။

ချေဂွေဗားရားဟာ မိမိတပ်များ ချီတက်ရာလမ်းကြောင်းမှာ တချို့ ယုံကြည်စိတ်ချရတဲ့ ကျေးရွာများမှာ တစ်ရက် နှစ်ရက်ဆိုသလို အနားယူရင်း တပ်သားသစ်များကို စည်းရုံးရေးလုပ်ဆောင်ပါတယ်။ လူထုတရားပွဲများ၊ တစ်အိမ်တက်ဆင်း ဆွေးနွေးပွဲများကို အလျဉ်းသင့်သလိုပြုလုပ်ပြီး မိမိတို့ ဘာကြောင့် ဘာတစ္စတာအစိုးရကို လက်နက်ကိုင် တော်လှန်ပုန်ကန်တယ်ဆိုတာကို ရှင်းလင်းပြပါတယ်။



မိမိတို့ရဲ့တော်လှန်ရေးဟာ တရားမျှတမှုရှိသလို မုချအောင်ရမည်ဖြစ်တဲ့အကြောင်းများကို ဆွေးနွေးကြပါတယ်။ မိမိတို့တော်လှန်ရေးအစိုးရ တက်လာပြီးနောက် ကျူးဘားပြည်သူလူထုကြီးရဲ့ စားဝတ်နေရေး ဖူလုံမှုအတွက် ဘယ်လိုဆောင်ရွက်ထားတယ်ဆိုတာ အသေးစိတ် ရှင်းပြပါတယ်။ ချေဂွေဗားရား၊ ကပ်စထရိုတို့ ဦးဆောင်တိုက်ခိုက်တဲ့အတွက် အာဏာရှင် ဘာတစ္စတာဟာ ကပ်စထရိုနဲ့အဖွဲ့ကို ခုခံ မတားဆီးနိုင်တော့ဘဲ လေယာဉ်ပျံတစ်စီးပေါ်ကိုတက်ကာ ကျူးဘားပြည်မှ တစ်ခါတည်း ထွက်ပြေးခဲ့ပါတော့တယ်။

အဲဒီအချိန်ကစပြီး ကပ်စထရိုဟာ ကျူးဘားခေါင်းဆောင်ဖြစ်လာပါတော့တယ်။ အဲဒီအချိန်မှာ ချေဂွေဗားရားမှာလည်း ကြီးမားတဲ့ရာထူးတစ်ခု ရလိုက်ပါတယ်။ တကယ်တော့ ချေဂွေဗားရားဟာ ဆရာဝန်တစ်ယောက်ဖြစ်ပြီး ဆေးမကုဘဲ ဘာကြောင့် လက်နက်ကိုင်ပြီး တိုက်ပွဲဝင်ရတာလဲဆိုတဲ့ မေးခွန်းတွေ ရှိလာပါတယ်။ အဲဒီမေးခွန်းကို ဖြေလိုက်တာကိုက ကျေနပ်စရာ ကောင်းနေပါတယ်။

"လူတစ်ယောက်ချင်းရဲ့ ရောဂါဆိုတာတွေကို ကုသပေးရတာထက် လူမျိုးအလိုက် ခံစားနေကြရတဲ့ ရောဂါဆိုးတွေကို ပျောက်အောင် ကုသပေးရတာဟာ ပိုပြီးအကျိုးရှိလို့ပါပဲ"

လို့ ဖြေလိုက်ပါတယ်။ ချေဂွေဗားရားဟာ ကပ်စထရိုရဲ့ အားအကိုးရဆုံးနဲ့ ယုံကြည်စိတ်ချရဆုံး ရဲဘော် ဖြစ်ပါတယ်။ တော်လှန်ရေးအစိုးရအဖွဲ့မှာ စီးပွားရေးဌာနဆိုင်ရာ တာဝန်ခံ (ဝန်ကြီး)အဖြစ် တာဝန်ယူခဲ့ရပါတယ်။ ချေဂွေဗားရားဟာ ဆက်

www.burmeseclassic.com

www.burmeseclassic.com



နက်ကိုင်တော်လှန်ရေးတိုက်ပွဲများမှာ တုံးဆိုတိုက် ကျားဆိုကိုက် ဆိုတဲ့ စိတ်ဓာတ်နဲ့ ရဲရဲရင့်ရင့် ခွန့်ခွန့်စားစား လုပ်ဆောင်တတ်ပါတယ်။ ဒါပေမဲ့ လူတုနဲ့ ထိတွေ့ဆက်ဆံရတဲ့ အချိန်တွေမှာ သိမ်မွေ့နူးညံ့ပြီး တည်ငြိမ်အေးဆေးလှပါတယ်။

အလားတူ ချေဂွေဗားရာ‌ရဲ့ ရုံးခန်းမှာ ယောကျာ်း၊ မိန်းမ၊ ပရိသတ်များနဲ့ ပြည့်ကျပ်နေပါတယ်။ တချို့က တော်လှန်ရေး အစိုးရက ပြဋ္ဌာန်းလိုက်တဲ့ အမိန့်ဥပဒေများနဲ့ ပတ်သက်ပြီး လာရောက် မေးမြန်းသူများ၊ တချို့က တော်လှန်ရေးအစိုးရရဲ့ဌာန တစ်ခုခုမှာ အလုပ်အကိုင်တစ်ခုခု ရရှိရေး လာရောက်လျှောက်ထားသူများ၊ တချို့က သက်ကြီးရွယ်အို အဘိုးအဘွားကြီးများက လက်နက်ကိုင် တော်လှန်ရေးကာလအတွင်းမှာ ကျဆုံးခဲ့တဲ့၊ ပျောက်ဆုံးနေတဲ့ သားများ၊ ဘူများ၊ မြေးများအတွက် လာရောက်စုံစမ်းမေးမြန်းကြပါတယ်။

ချေဂွေဗားရာက သူ့ထံလာသမျှ လူများကို တစ်ယောက်ချင်း ခေါ်ယူတွေ့ဆုံပါတယ်။ သူတို့မေးမြန်းသမျှတို့ကို နေ ါင်း တည်ငြိမ်ညိတ် လည်ဘဆတ်ဆတ်နဲ့ စိတ်ရှည်လက်ရှည် နား ထောင်ပါတယ်။ အဲဒီဗုဂ္ဂိုလ်နဲ့ ပတ်သက်ပြီး ဆောင်ရွက်စရာ ရှိသမျှကို အကြွေးမထားဘဲ ချက်ချင်းပင် အနားမှာရှိတဲ့သူ လက်ထောက်အရာရှိတစ်ဦးကို စီစဉ်ဆောင်ရွက်စေပါတယ်။ ရုံးခန်းမှာ ကျူးဘားအမျိုးသား အမျိုးသမီး လူတုပရိသတ်အပြင် ကမ္ဘာ အရပ်ရပ်မှ သတင်းထောက်များ၊ အယ်ဒီတာများပါ ရောက်ရှိနေ ကြပါတယ်။ သူဟာ ကျူးဘားပြည်မှာ ကပ်စထရိုပြီးရင် ဒုတိယ အရေးအကြီးဆုံးလူ ဖြစ်လာပါတယ်။ အလားတူ အထင်အရှား



ဆုံးဖြစ်တဲ့ ချေဂွေဗားရာကို ကိုယ်တိုင်တွေ့ဆုံပြီး သတင်းများ ယူရန် ရောက်ရှိနေသူ များစွာရှိနေပါတယ်။

ခဏအကြာမှာ ပိန်ပိန်ပါးပါး အသားနီစပ်စပ် အရပ်ရှည် ရှည် လူတစ်ယောက်ဟာ ချေဂွေဗားရာရဲ့စားပွဲရှေ့ကို ရောက်လာ ပါတယ်။ သူက သူ့ကိုယ်သူ အမေရိကန်ပြည် ချီကာဂိုသမာဓိ (Chicago Tirbune)သတင်းစာကြီးမှ သတင်းထောက်ဖြစ်ကြောင်း မိတ်ဆက်ပါတယ်။

"ကျူးဘားကွန်မြူနစ်တွေကို တော်လှန်ရေးအစိုးရက ဘယ် လိုသဘောထားပါသလဲ"

အမေရိကန်သတင်းထောက်ဟာ ဆိုင်းမဆင့် ဗုံမဆင့် အထက်ပါအတိုင်း မေးခွန်းကို မေးလိုက်ပါတယ်။ ချေဂွေဗားရာ က သတင်းထောက်ကို မျက်မှောင်တစ်ချက်ကုတ်ပြီး ကြည့်လိုက် ပါတယ်။

"ဒီနေ့မနက် ကျုပ်နဲ့ လာတွေ့တဲ့ အမေရိကန်သတင်း ထောက်တွေထဲမှာ ဒီမေးခွန်းမျိုးတော့ ခင်ဗျားပါနဲ့ဆိုရင် ငါး ယောက်ရှိသွားပါပြီ"

လို့ ပြန်ပြောလိုက်ပါတယ်။ သူ့အသံမှာ စောစောကထက် အနည်းငယ် ပိုကျယ်လာတယ်။ သူဟာ စကားကို တစ်ခဏမျှ ဖြတ်လိုက်ပြီးမှာ ပြန်ဖြေပါတယ်။

"နေပါဦး... ခင်ဗျားတို့က လွတ်လပ်ရေးအကြောင်းတွေ၊ လူတွေ ငတ်မွတ်ခေါင်းပါးခဲ့ရတဲ့ အကြောင်းတွေ၊ အလုပ်လက် ဖြစ်ရတဲ့ အကြောင်းတွေကိုတော့ ဘာလို့ မမေးကြတာလဲ ဘာ ဖြစ်လို့ ခင်ဗျားတို့တစ်တွေဟာ ကွန်မြူနစ်တွေ အကြောင်းချည်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်သတ် စိတ်ဝင်စားနေရတာလဲ။ ဒီမယ်... ကျုပ်ပြောမယ်၊ ကျုပ်ဟာ ကွန်မြူနစ်တော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ ကွန်မြူနစ်တွေဟာ ဆီးယားရားတောင်ပေါ်မှာ ကျုပ်တို့နဲ့အတူ ပခုံးချင်းယှဉ်ပြီး အသေခံတိုက်နေတဲ့ အချိန်တုန်းက ခင်ဗျားကိုလည်း မမြင်ရဘူး၊ ခင်ဗျားသတင်းစာကိုလည်း မတွေ့ခဲ့ရဘူး။ ကဲ... ဒါထားပါတော့။ ခင်ဗျားမေးတဲ့မေးခွန်းနဲ့ ကျုပ်ရဲ့အဖြေကတော့ ကွန်မြူနစ်တွေကို တရားဝင်နိုင်ငံရေးပါတီတစ်ရပ်အနေနဲ့ ရပ်တည်ခွင့် ပေးရမယ်၊ ပေးလည်း ပေးထားတယ်၊ ဒါပဲ"

ချေဂွေဗာရာနဲ့ အမေရိကန်သတင်းထောက်တစ်ဦး တွေ့ဆုံစဉ်က အထက်ပါအတိုင်း ဖြစ်ပျက်ခဲ့ဖူးပါတယ်။ အဲဒီပြောဆိုချက်ကြောင့် အမေရိကန်တို့ဟာ ကျူးဘားတော်လှန်ရေးအစိုးရအပေါ်နဲ့ ကပ်စထရို အမှူးပြုတဲ့ ကျူးဘားခေါင်းဆောင်များအပေါ် "ကွန်မြူနစ်"တွေဟု လွယ်လွယ်တံဆိပ်ကပ်ခဲ့ကြတယ်။ မော်စကိုရဲ့နောက်လိုက် ပီကင်းရဲ့သစ္စာတော်ခံများဟု စွပ်စွဲခဲ့ကြပါတယ်။

အမေရိကန်တို့ ဘယ်လိုပင် စွပ်စွဲပြောဆို သမုတ်ကြပေမယ့် ချေဂွေဗာရာကတော့ ကပ်စထရိုနဲ့အတူ ကျူးဘားနိုင်ငံအတွက် အကောင်းဆုံး ဆောင်ရွက်တဲ့အတွက် ကျူးဘားနိုင်ငံတွင်သာမက ကမ္ဘာ့သမိုင်းမှာပါ ထင်ရှားတဲ့ သူတစ်ယောက်အဖြစ် ရပ်တည်နေခဲ့ပါတယ်။

❀ ❀ ❀



## (၂၅)

## လက်ဝဲတော်လှန်ရေးနဲ့ အောင်မြင်မှု

"ဘျူဝိက ဖီဒယ်လ်ကပ်စထရို...
ကျူးဘားနိုင်ငံ လွတ်မြောက်ဖို့ ကျုပ်တို့ ရောက်လာပြီ"

ဟု တော်လှန်ရေးဥဒါန်း ကျူးရင့်သံနဲ့ စတင်ခဲ့ပါတယ်။ ကပ်စထရိုရဲ့ ဥဒါန်းကျူးရင့်သံက တော်လှန်ရေးအဆုံးမှာ ပြီးမြောက်ခဲ့ရတဲ့အထိ ဖြစ်ပါတယ်။ အဲဒီတိုက်ပွဲဖြစ်ရတဲ့ အကြောင်းအရင်းက လက်ဝဲတော်လှန်ရေး လှိုင်းအောက်မှာ အရင်းရှင်ဝါဒ ရပ်သေးရှည် ကျူးဘားသမ္မတ ဘာတစ္စတာ နစ်မြုပ်နေတဲ့ အချိန်ကာလမှာ အိမ်ဖြူတော်ကို သမ္မတ အိုင်ဆင်ဟောင်ဝါ ဦးဆောင်နေချိန် ကရင်မလင်နန်းတော်ကို ဝန်ကြီးချုပ် နီတီတာခရုရှက် ဦးဆောင်နေတဲ့ ၁၉၅၉–ခုနှစ်က ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကပ်စထရိုဟာ လက်ရှိသမ္မတကို ဖြုတ်ချလိုက်ပါတယ်။ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး အမေရိကန်တို့က မကျေမနပ် ဖြစ်နေပါတယ်။ ကပ်စထရိုကလည်း တိုင်းပြည်နဲ့လူမျိုးအတွက် အသက်ပေးထားသူ တစ်ယောက်မို့ ပြည်သူကြိုက်တဲ့သူ သမ္မတကို တိုက်ထုတ်ရတာ လွယ်ကူတယ်လို့ သတ်မှတ်ကာ တိုက်ထုတ်လိုက်ပါတယ်။

“လက်ဝဲတော်လှန်ရေးဆိုတာဟာ ကုပ်သွေးစုပ်သူတွေကို ပြန်ပြီး ကုပ်သွေးစုပ်တဲ့ အာဏာရှင်စနစ်တစ်မျိုးပါ”

လို့ တော်လှန်ရေးအစမှာ ပြောလိုက်တာ ဖြစ်ပါတယ်။ ကပ်စထရိုဟာ ကျူးဘားခေါင်းဆောင် ဖြစ်လာတာကို အမေရိကန်တို့အတွက် ဆူးညှောင့်ခလုတ်သဖွယ် ဖြစ်နေပါတယ်။ အလားတူ ကပ်စထရိုဟာ သူချစ်တဲ့ ကျူးဘားနိုင်ငံကို ဘယ်လိုအင်အားကြီးတဲ့ နိုင်ငံက ဝင်ရောက်နှောင့်ယှက်တာကိုမှ ဂရုမစိုက်၊ ပြတ်ပြတ်သားသား ရင်ဆိုင်ပါတယ်။ ကပ်စထရိုက အဲဒီလို ခေါင်းမာမာနဲ့ ရင်ဆိုင်တာကို အမေရိကန်လို အင်အားကြီးနိုင်ငံတွေက မကျေမနပ် ဖြစ်နေပါတယ်။ အဲဒီအတွက် အမေရိကန်တို့က ကပ်စထရိုကို လူ့လောကမှာ ရှိစေချင်ဘူး။ ကပ်စထရို လူ့လောကမှာ မရှိမှ ကောင်းမယ်။ အဲဒါမှ ကျူးဘားနိုင်ငံကို သူတို့ စိတ်ကြိုက် ခြယ်လှယ်လို့ရမယ်လို့ ထင်မှတ်နေကြပါတယ်။

အလားတူ ကပ်စထရိုကို အကြိမ်ကြိမ် လုပ်ကြံပါတယ်။ လုပ်ကြံမှုတွေဟာ ထိရောက်ခြင်းမရှိအောင် ဖြစ်နေပါတယ်။ ကပ်စထရို ဆိုတဲ့ ခေါင်းဆောင်ကလည်း နိုင်ငံနဲ့ ပတ်သက်လာရင်



ဘယ်လိုလူမျိုးကိုမှ ညှာတာလေ့မရှိ၊ ထိရောက်စွာ ဖြေရှင်းတတ်ပါတယ်၊ အဲဒီလို ဖြေရှင်းလို့လည်း အမေရိကန်တို့လို အင်အားကြီးနိုင်ငံတွေက ဝေဖန်ကြပါတယ်။

အဲဒီကိစ္စနဲ့ ပတ်သက်ပြီး သာဓကလေးတွေထဲက တစ်ခုကို တင်ပြချင်ပါတယ်။ ကျူးဘားနိုင်ငံကို ပုပ်ရဟန်းမင်းကြီး ဂျွန်ပေါလ် လာရောက်လည်ပတ်ပါတယ်။ အဲဒီခရီးစဉ်ကို ရောက်ရောက်ချင်းမှာပဲ ပုပ်ရဟန်းမင်းကြီးက ကမ္ဘာ့မီဒီယာများရှေ့မှာ ကျူးဘားနိုင်ငံရဲ့ လူ့အခွင့်အရေး ချိုးဖောက်မှုတွေကို ဝေဖန် ရှုတ်ချ ပြောဆိုခဲ့ပါတယ်။

အလားတူ အမေရိကန်ဗဟိုထောက်လှမ်းရေး(CIA)က ကပ်စထရိုကို ဆေးပြင်းလိပ်ထဲ ဗုံးထည့်ပြီး လုပ်ကြံဖို့ ကြိုးစားမယ်ဆိုတာ အဲဒီအချိန်က တွေးဆခဲ့တဲ့ စိတ်ကူးအကြံအစည် တစ်ခု ဖြစ်ခဲ့ပါတယ်။ အကြောင်းက လူမြင်ကွင်းမှာ ဗီဒယ် ကပ်စထရိုရဲ့ မုတ်ဆိတ်မွေးတွေကို ပြုတ်ကျသွားအောင်လုပ်ပြီး အရှက်ခွဲမယ်ဆိုတဲ့ စိတ်ကူးအကြံအစည်မျိုး ဖြစ်ပါတယ်။

ဘယ်သူတွေ ဘယ်လိုကြံစည်ကြံစည် ကပ်စထရိုကတော့ လုပ်စရာရှိတာတွေကို အဆက်မပြတ် လုပ်ဆောင်နေပါတယ်။ အမေရိကန်နဲ့ ကျူးဘားတို့ရဲ့ တင်းမာတဲ့ ဆက်ဆံရေးတစ်ခုက အမေရိကန်သမ္မတကြောင့်လို့ ကပ်စထရိုက သတ်မှတ်လိုက်ပါတယ်။ အမေရိကန်သမ္မတက ကပ်စထရိုကို အမေရိကန်ကို အလည်လာရောက်ရန် ဖိတ်ကြားခဲ့ပါတယ်။ ကျူးဘားခေါင်းဆောင် ကပ်စထရိုက အမေရိကန်နိုင်ငံ၊ ဝါရှင်တန်မြို့ကို ရောက်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပါတယ်။ ဂေါက်ရိုက်ရက်ချိန်း မဖျက်လိုကြောင်း(အကြောင်းပြချက်တစ်ရပ်နဲ့) အမေရိကန်သမ္မတ အိုက်ဆင်ဟောင်ဝါက ကပ်စထရိုနဲ့ တွေ့ဆုံရန် ဒုတိယသမ္မတရစ်ချက်နစ်ဆင်ကို စေလွှတ်ခဲ့တယ်။

ထိုလုပ်ရပ်ဟာ အမေရိကန်နဲ့ ကျူးဘားတို့အတွက် အေးခဲတဲ့ ဆက်ဆံရေးကို အစပျိုးစေခဲ့ပါတယ်။ အဲဒီလိုဖြစ်တဲ့အတွက် အမေရိကန်တွေက ကပ်စထရိုကို အခဲမကြေ ဖြစ်နေပါတယ်။ ဒါပေမဲ့ ကျူးဘားပြည်သူတွေကတော့ **"အမေရိကန်နိုင်ငံကို ရင်ဆိုင်ရဲပြီး ကျူးဘားနိုင်ငံကို ကျူးဘားပြည်သူလက်ထဲကို ပြန်အပ်ပေးသူ"**ဟု ချီးကျူးကြပါတယ်။

တကယ်တန်းကြတော့လည်း ကပ်စထရိုဟာ သူ့တိုင်းပြည်နဲ့ သူ့ပြည်သူတွေအတွက်ကိုသာ လုပ်ဆောင်သူဆိုတာ သမိုင်းသက်သေပြနေပါတယ်။ ကပ်စထရိုကို တစ်ဖက်အင်အားကြီးနိုင်ငံတွေက အာဏာရှင်လို့ ပြောဆိုခဲ့ပေမယ့် ကျူးဘားပြည်သူတွေကတော့ ထောက်ခံနေဆဲ ဖြစ်ပါတယ်။ ဖီဒယ်ကပ်စထရိုကလည်း ဘယ်နိုင်ငံက ဘာပြောနေပါစေ သူ့နိုင်ငံနဲ့ သူ့ပြည်သူတွေအတွက် အကောင်းဆုံး လုပ်ဆောင်ပေးပါတယ်။

အဲဒီလို လုပ်ဆောင်တာ များလာတော့ ပင်ပန်းမှုကလည်း ကြီးလာပါတယ်။ အသက်ကလည်း တဖြည်းဖြည်းနဲ့ ကြီးရင့်လာပါတယ်။ စိတ်သွားရာ ကိုယ်ကမလိုက်နိုင်အောင် ဖြစ်လာပါတယ်။ ဒီလိုနဲ့ သူ့ရဲ့အသက်(၈၀)ပြောက် မွေးနေ့မတိုင်ခင် ရက်ပိုင်းအလို ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ(၃၁)ရက်နေ့မှာ ကပ်စထရိုဟာ



ညီဖြစ်သူ ရာအူးကပ်စထရိုကို ယာယီအာဏာလွှဲပြောင်းပေးခဲ့ပါတယ်။ ရာအူးလ်ကပ်စထရိုဟာ ဖီဒယ်ကပ်စထရို၊ ချေဂွေပါရာတို့ ကျူးဘားလွတ်မြောက်ရေးတိုက်ပွဲဝင်တဲ့ အချိန်မှာ သူကလည်း စစ်ကြောင်းကိုဦးစီးပြီး တိုက်ပွဲဝင်တဲ့သူတစ်ယောက် ဖြစ်ပါတယ်။

ကပ်စထရို အာဏာလွှဲပြောင်းပေးရတဲ့ အခြေခံအကြောင်းရင်းများက ခံစားနေရတဲ့ အူကင်ဆာကို ကုသဖို့ပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ ဖီဒယ်ကပ်စထရိုရဲ့ ကျန်းမာရေးအခြေအနေက တဖြည်းဖြည်းနဲ့ ဆိုးလာပါတယ်။ အဲဒီအတွက်ကြောင့် ၂၀၀၈ ခုနှစ်အစောပိုင်းမှာ ကပ်စထရိုဟာ ကျင်းပမယ့် တိုင်းပြည်ရဲ့ အမျိုးသားလွှတ်တော်မှာ သူဟာ သမ္မတတာဝန်နဲ့ စစ်ဦးစီးချုပ်တာဝန်များကို ထပ်မံရယူတော့မှာ မဟုတ်တော့ဘူးလို့ ထုတ်ပြန်ကြေညာခဲ့ပါတယ်။ ကျူးဘားကွန်မြူနစ်ပါတီရဲ့ တရားဝင်သတင်းစာမှာ ကပ်စထရိုက ထုတ်ပြန်ချက်ကြေညာပါတယ်။ အဲဒါက...

"အပြည့်အဝ ကိုယ်ရော စိတ်ပါ မြှုပ်နှံဆောင်ရွက်ရတဲ့ တာဝန်ဝတ္တရားမျိုး နောက်တစ်ကြိမ် ထပ်ယူဖို့ ဆိုတာ ကျွန်တော် ချင်းစားဆင်ခြင်ဉာဏ်က ခွင့်မပြုတော့ပါဘူး။ ကျွန်တော့်ကျန်းမာရေး အခြေအနေက ဒီလိုတာဝန်မျိုး ထမ်းဆောင်နိုင်တဲ့ အခြေအနေမျိုး မဟုတ်တော့ပါဘူး"

လို့ ထုတ်ပြန် ဖော်ပြခဲ့ပါတယ်။ အဲဒီအချိန်ကတည်းက ကပ်စထရိုကို လူမြင်ကွင်းမှာ တွေ့ရတယ်ဆိုတာ ခပ်ရှားရှားဖြစ်လာတယ်။ အဲဒီအချိန်ကတည်းက ကပ်စထရိုက နိုင်ငံပိုင်သတင်းမီဒီယာတွေမှာ ဆောင်းပါးတွေကို ရေးနေခဲ့ပါတယ်။ အလားတူ

www.burmeseclassic.com

www.burmeseclassic.com



၂၀၁၀ ပြည့်နှစ်၊ ဧပြီလမှာ ကာပ်စထရိုဟာ လူမြင်ကွင်းရှေ့ ပြန်ထွက်လာခဲ့ပါတယ်။

အလားတူ ကာပ်စထရိုက အလုပ်သမားတွေနဲ့ တွေ့ဆုံခဲ့ပါတယ်။ ရုပ်မြင်သံကြားမှာလည်း အင်တာဗျူးလုပ်ခဲ့ပါတယ်။ ၂၀၁၀ ပြည့်နှစ်၊ ဩဂုတ်လမှာ ကာပ်စထရိုက တိုင်းပြည်ရဲ့အမျိုးသားလွှတ်တော်မှာ လေးနှစ်အတွင်း ပထမဆုံးအကြိမ် မိန့်ခွန်းပြောခဲ့ပါတယ်။ အဲဒီမိန့်ခွန်းမှာ ကာပ်စထရိုက အမေရိကန်နိုင်ငံအနေနဲ့ အီရန်နိုင်ငံကိုပဲဖြစ်ဖြစ်၊ မြောက်ကိုရီးယားနိုင်ငံကိုပဲဖြစ်ဖြစ် စစ်ရေးအရ အရေးယူတာမျိုး မလုပ်ဖို့ သတိပေးခဲ့တယ်။ ဒီလိုသာ စစ်ရေးအရ အရေးယူခဲ့ရင် နျူကလီးယားစစ်ပွဲအထိ ဖြစ်လာနိုင်တယ်လို့ ပုံကြီးချဲ့ ပြောဆိုခဲ့ပါတယ်။

ဒီနေရာမှာ အာဏာရှင်နိုင်ငံတွေမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ ဖြစ်ရပ်မျိုး ကျူးဘားနိုင်ငံမှာလည်း ရှိနေတာကို တွေ့ပြလိုက်ပါတယ်။ ဘီဘီစီသတင်းထောက်က ကျူးဘားနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးကို ကာပ်စထရိုက အစိုးရတာဝန် ပြန်လည် ထမ်းဆောင်ဦးမလားလို့ မေးတော့ ယဉ်ကျေးမှုဝန်ကြီးက...

"ဖီဒယ်ကာပ်စထရိုဟာ ကျူးဘားနိုင်ငံရဲ့ နိုင်ငံရေးဘဝမှာတော့ အမြဲရှိနေမှာပါ။ ဒါပေမဲ့ အစိုးရတာဝန်ကိုတော့ ထမ်းဆောင်မှာ မဟုတ်ပါဘူး။ သူဟာ သူထမ်းဆောင်ရမယ့်တာဝန်နဲ့ ပတ်သက်ရင် အမြဲတမ်း အလေးအနက် ထားတာပါ။ အခုအချိန်မှာ ဖီဒယ်ကာပ်စထရိုရဲ့ အဓိကစစ်ပွဲ



ဟာ နိုင်ငံတကာ ဒါရိုက်နှာမှာ တာဝန်ယူမယ်ဆိုတာက စိတ်ပျက်စရာ ဟာသပြက်လုံးပါပဲ။ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလမှာ အမေရိကန်သမ္မတ အိုဘားမားက ကျူးဘားနိုင်ငံအပေါ် ချမှတ်ထားတဲ့ စီးပွားရေးပိတ်ဆို့မှု ရုပ်သိမ်းရေးလုပ်ငန်းစဉ်တွေ အစပြုပါပြီလို့"

ထုတ်ပြန်ကြေညာခဲ့ပါတယ်။

ကျူးဘားနိုင်ငံနဲ့ အမေရိကန်နိုင်ငံအကြား အေးခဲနေတဲ့ ဆက်ဆံရေးတွေ အရည်ပျော် ကောင်းမွန်လာပြီဆိုတဲ့ လက္ခဏာကို ပီပီသသ ဖော်ပြလိုက်တာပဲ။ ကာပ်စထရိုက အမေရိကန်နိုင်ငံရဲ့ ဒီခြေလှမ်းကို ဒေသအတွင်း ငြိမ်းချမ်းရေး တည်ဆောက်ရေးအတွက် အပြုသဘောခြေလှမ်းကို ကြိုဆိုခဲ့ပေမယ့် အမေရိကန်အစိုးရကိုတော့ မယုံကြည်ပါဘူးလို့ ဆိုလိုက်ပါသေးတယ်။

သုံးသပ်ကြည့်မယ်ဆိုရင် ကျူးဘားပြည်သူတွေဟာ ကာပ်စထရိုကို နှစ်ရှည်ကာလကာ ချစ်မြတ်နိုးကြပါတယ်။ အလားတူ အမေရိကန်နိုင်ငံလို မဟာအင်အားကြီးတဲ့ နိုင်ငံကို ဆန့်ကျင်ရပ်တည်ခဲ့တဲ့ သူ့ရဲ့ကောင်းကြီးတစ်ဦးလည်း ဖြစ်နေပါတယ်။ အဲဒီအတွက် ကျူးဘားပြည်သူတွေဟာ နှစ်ပေါင်း ၅၀ ကျော်ကြာ အုပ်ချုပ်တာကို ကျေကျေနပ်နပ် လက်ခံတာကိုက ယုံကြည်မှု ဘယ်လောက်ရှိနေတယ်ဆိုတာ သက်သေပြနေပါတယ်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



## (၂၆)

## ကျူးဘားနိုင်ငံကို နှုတ်ဆက်ခြင်း

ကပ်စထရိုဟာ ပြည်သူကို ဘယ်လောက်ချစ်သလဲ ဆိုရင် ဖခင်ကို အာခံသူတစ်ယောက် ဖြစ်လာပါတယ်။ ဖခင်ဟာ ကြွယ်ဝချမ်းသာတဲ့ ကြံစိုက်ခင်း တောင်သူတစ်ဦး ဖြစ်ပါတယ်။

ဖခင်ဟာ သူ့ရဲ့ကြွယ်ဝမှုတွေနဲ့ ကျူးဘားပြည်သူတွေအပေါ် အနိုင်ကျင့်တယ်လို့ စွပ်စွဲပြောဆိုဖူးပါတယ်။ အဲဒါကို အခြေခံပြီး ကျူးဘားနိုင်ငံရဲ့ခေါင်းဆောင် ဖြစ်လာပါတယ်။

ကျွန်တော် ကပ်စထရိုရဲ့အကြောင်းကို ရေးနေချိန်မှာပဲ ကွယ်လွန်သွားပြီဆိုတဲ့သတင်း ထွက်ပေါ်လာပါတယ်။ အဲဒီသတင်းကို ကမ္ဘာ့နိုင်ငံအများက စိတ်ဝင်စားကြပါတယ်။ နားထောင်ကြပါတယ်။ ကျူးဘားပြည်သူတွေအတွက်တော့ ကြေကွဲစရာဖြစ်ခဲ့ပါတယ်။



ကပ်စထရိုကို ကျူးဘားနိုင်ငံ၊ ဟော်လ်ဂွင်းပြည်နယ်၊ ဘိုင်ရန်းအမည်ရှိ ကျေးရွာလေးတစ်ရွာမှာ ၁၉၂၆-ခုနှစ် ဩဂုတ်လ ၁၃ ရက်နေ့တွင် မွေးဖွားခဲ့ပါတယ်။ မိသားစုမှာ ချမ်းသာကြွယ်ဝတဲ့ ကြံစိုက်တောင်သူမိသားစု ဖြစ်ပါတယ်။ ဟားဗားနားတက္ကသိုလ်မှာ ဥပဒေပညာ ဆည်းပူးသူလည်း ဖြစ်ပါတယ်။

ကပ်စထရိုဟာ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့မှာ ကွယ်လွန်သွားပါတယ်။ ကပ်စထရိုဟာ သူချစ်တဲ့ တော်လှန်ရေး၊ သူချစ်တဲ့ ကျူးဘားနိုင်ငံနဲ့ သူချစ်တဲ့ ပြည်သူတွေကို စွန့်ခွာခဲ့လေတယ်။ ကပ်စထရို ကွယ်လွန်တဲ့အချိန်မှာ အသက်က (၉၀)ပြည့်ပြီး ဖြစ်ပါတယ်။

သမ္မတဟောင်း ကပ်စထရို ကွယ်လွန်ခဲ့ခြင်းအတွက် အစိုးရက ဝမ်းနည်းခြင်းကာလအဖြစ် ကိုးရက်ကြာ သတ်မှတ်ခဲ့ပါတယ်။

ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် သတ်မှတ်ကာလမှာ သမ္မတဟောင်းကို အောက်မေ့သတိရခြင်း အခမ်းအနားကို ဒီဇင်ဘာလ ၄ ရက်မှာ အဆုံးသတ်မှာ ဖြစ်ပါတယ်။

ဝမ်းနည်းခြင်းအထိမ်းအမှတ် ကာလအတွင်း ပြည်သူများက မြို့တော် ဟားဗားနားရှိ တော်လှန်ရေးရင်ပြင်မှာ စုဝေးကာ သမ္မတဟောင်းကို ဆုတောင်းမေတ္တာများ ပို့သကြပါတယ်။

အလားတူ ကပ်စထရို ကွယ်လွန်ပြီး သုံးရက်အကြာ နိုဝင်ဘာလ ၂၈ ရက်နေ့မှာ ကျူးဘားနိုင်ငံတစ်ဝန်းရှိ စာသင်ကျောင်း

www.burmeseclassic.com

www.burmeseclassic.com



များ ဆေးရုံများနဲ့ အစိုးရအဆောက်အအုံများမှာ ကပ်စထရိုရဲ့ ဆိုရှယ်လစ်တော်လှန်ရေးကို ကာကွယ်စောင့်ရှောက်ရန် ကျူးဘား ပြည်သူများက ကတိသစ္စာပြု လက်မှတ်ထိုးခဲ့ကြပါတယ်။

အကြောင်းမှာ ၂၀၀၆ ပြည့်နှစ်က ကပ်စထရိုရဲ့ မိန့်ခွန်းမှာ ချပြခဲ့တဲ့ တော်လှန်ရေးသဘောတရားများအား ကာကွယ်ထိန်းသိမ်းရေးအတွက် ကတိသစ္စာပြု လက်မှတ်ရေးထိုးကြရန် ကျူးဘားအစိုးရက ပြည်သူများကို ဖိတ်ခေါ်ထားပါတယ်။

အလားတူ ကပ်စထရိုရဲ့ တော်လှန်ရေး သဘောတရားများကို ကာကွယ်စောင့်ရှောက်ပါမည်ဟု ကတိသစ္စာကို စာသင်ကျောင်းများ၊ ဆေးရုံများ၊ အစိုးရအဆောက်အအုံများမှာ ထားရှိတဲ့ ကတိသစ္စာပြုစာအုပ်များမှာ မိမိတို့အမည်နဲ့ လက်မှတ်ထိုးကြပါတယ်။

ဒါဟာ ကပ်စထရိုကို ယုံကြည်တဲ့သဘောမျိုး သက်ရောက်ပါတယ်။ တကယ်လည်း ယုံကြည်ပါတယ်။ အဲဒီအတွက် ကျူးဘားပြည်သူ ထောင်သောင်းမက လာရောက် ဂါရဝပြုကြပါတယ်။

ကမ္ဘာ့နိုင်ငံများကလည်း ကပ်စထရိုအတွက် ဝမ်းနည်းကြောင်း စာများရေးပို့ကြပါတယ်။

ထို့အတွက်ကြောင့် နိုဝင်ဘာလ ၂၅ ရက်က ကွယ်လွန်သွားခဲ့တဲ့ ကျူးဘားခေါင်းဆောင်ကြီး ကပ်စထရိုရဲ့ အရိုးပြာများကို စန်တီယာဂိုမြို့ စန်တာအီဖီဂျီနီယာသုသာန်မှာ ဒီဇင်ဘာလ ၄ ရက် နံနက်ပိုင်းမှာ ဂူသွင်းလိုက်ပါတယ်။ အရိုးပြာသေတ္တာ



ကို ရောမနံမ်းဖတ်ကျောက်တုံးကြီးပေါ်မှာ ထွင်းထားတဲ့ ဂူအတွင်းကို ထည့်သွင်းမြှုပ်နှံထားပါတယ်။

ကပ်စထရိုရဲ့ အရိုးပြာသေတ္တာ ထည့်သွင်းမြှုပ်နှံထားတဲ့ နှမ်းဖတ်ကျောက်တုံး ဂူဗိမာန်ဟာ တော်လှန်ရေးခေါင်းဆောင် ကပ်စထရိုဘဝ ၁၉၅၃-ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်က ဆင်နွှဲခဲ့တဲ့ မွန်ကာဒါစစ်တန်းလျားတိုက်ပွဲအတွင်းမှာ ကျဆုံးခဲ့ရတဲ့ တပ်သားများရဲ့ အထိမ်းအမှတ် ဗိမာန်နေရာ နံဘေးမှာ ထားရှိပါတယ်။

ကပ်စထရို ကွယ်လွန်သွားတဲ့အတွက် ကျူးဘားပြည်သူများအတွက် ကြေကွဲမှုတွေ မြင့်တက်နေတဲ့အခါ ကပ်စထရိုဟာ သူ့နိုင်ငံအတွက် ဘာတွေထားခဲ့လဲလို့ မေးသူများ ရှိခဲ့ပါတယ်။

ကပ်စထရိုဟာ ကျူးဘားတော်လှန်ရေး ခေါင်းဆောင်ဖြစ်ခဲ့တာဟာ လွယ်လွယ်နဲ့ ဖြစ်ခဲ့တာမဟုတ်၊ ခက်ခဲကြမ်းတမ်းခဲ့ပါတယ်၊ ကျူးဘားပြည်သူများအတွက် ကမ္ဘာ့အဆင့်အတန်းမီ အခမဲ့ ကျန်းမာရေးစနစ် ထားရစ်ခဲ့ပါတယ်။ အခြား အကျိုးရှိတာတွေ ထားခဲ့ပါတယ်။

ဒါပေမဲ့ ကျူးဘားနိုင်ငံရဲ့လမ်းများပေါ်မှာတော့ ကပ်စထရိုရဲ့ နာမည်နဲ့လမ်းများ မချန်ထားခဲ့ပါ။ ရုပ်ပြုရုပ်တု မချန်ခဲ့ပါ။

အလားတူ ဘယ်လိုအသိအမှတ်ပြုမှုမျိုးကိုမှ ကပ်စထရိုက လက်မခံခဲ့တဲ့အတွက် သူဟာ ကျူးဘားနိုင်ငံနဲ့ ပြည်သူတွေဆီက ဘာမျှမျှော်လင့်ချက် မထားဘူးဆိုတာ သက်သေပြသွားပါတယ်။ အဲဒါနဲ့ ပတ်သက်ပြီး ကျွန်တော့်ရင်ထဲမှာ အသိတစ်ခု ဝင်လာပါတယ်။

www.burmeseclassic.com

www.burmeseclassic.com




တိုင်းပြည်အတွက် အလုပ်တွေလုပ်တယ်ဆိုရင် ကပ်ခသာရှိ စိတ်ဓာတ်မျိုး ထားသင့်တယ်လို့ ပြောကြားရင်း နိဂုံးချုပ်လိုက်ရပါတော့တယ်။

ခင်းပုည

၂၉–၁၂ ၂၀၁၆

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com